ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**
မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)
သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့။ Sunday 24 February 2019 ၉၅၇၂

ကြေးမုံ သတင်း အညွှန်း

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးကော်မတီ၏ (၇၂)ကြိမ်မြောက် လုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ဆွေးနွေး
စာမျက်နှာ » ၅

ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမကြီးပေါ်၌ Line Walker-2 ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ ဆက်လက်ရိုက်ကူး
စာမျက်နှာ » ၉

လက်ရည်တစ်ပြင်တည်း ငြိမ်းချမ်းရေးခရီးနှင့်
စာမျက်နှာ » ၁၀

# ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် မုခ်ဦးနှင့် ကျောက်စာတိုင် ဖွင့်ပွဲနှင့် သောတုဇနကျောင်းသားသစ် ရဟန်းတော်များ ကြိုဆိုပွဲ ကျင်းပ





ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အလှူရှင်များ ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် ကျောက်စာတိုင်ကမ္ပည်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် မုခ်ဦးနှင့် ကျောက်စာတိုင် ဖွင့်ပွဲမဟာမင်္ဂလာနှင့် သောတုဇနကျောင်းသားသစ်ရဟန်းတော်များ ကြိုဆိုပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်း ကျေးရွာရှိ ဓမ္မဒူတဇေတဝန်တောရဆေကိန္ဒာရာမ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် မုခ်ဦးကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် အလှူရှင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကျောက်စာတိုင်ကမ္ပည်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

အခမ်းအနားတွင် ဓမ္မဒူတဆေကိန္ဒတက္ကသိုလ်၏ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဓိပတိဥက္ကဋ္ဌ မဟာနာယကဓမ္မသေနာပတိ ပန္နရသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဝိဇ္ဇောတာရုံဆရာတော် ဘဒ္ဒန္တ ဝိဇ္ဇောတနှင့် တွဲဖက်ရွှေကျင်သာသနာပိုင် စည်ရှင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဉာနာဘိဝံသထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို နှင့်ဇနီး၊ ဧည့်ပရိသတ်များက ဩဝါဒကထာ နာယူကြည်ညိုကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# နယ်စပ်ကုန်သွယ်ရေး ကုန်စည်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း အရောင်းအဝယ်ပြုလုပ်ရန် ဈေးကွက်ထူထောင်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

နယ်စပ်ကုန်သွယ်ရေးတွင် အရောင်းအဝယ်ပြုလုပ်နေသော ကုန်စည်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း အရောင်းအဝယ်ပြု၍ ယင်းမှတစ်ဆင့် နယ်စပ်သို့ သယ်ယူသည့် ပုံစံမျိုးဖြစ်အောင် ဈေးကွက်ထူထောင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

လက်ရှိတွင် မြန်မာ့လယ်ယာထွက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်းများကို နယ်စပ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ယင်းကုန်ပစ္စည်းများအား တရုတ်ဘက်မှ ဝယ်ယူခြင်းရှိ၊ မရှိကို အတိအကျ မသိရှိဘဲ တင်ပို့နေရခြင်းကြောင့် ကုန်သိုလှောင်ရန် အခက်အခဲများရှိသဖြင့် တောင်သူများဆုံးရှုံးနစ်နာမှုများမဖြစ်စေရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**ဈေးကွက်ထူထောင်နိုင်ဖို့ ကြိုးစားနေ**

"နယ်စပ်ကုန်သွယ်ရေးနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ အဓိကထားဆွေးနွေးနေပါတယ်။ အများဆုံး ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံဘက်ကို နယ်စပ်ကနေ ကုန်စည်တွေ စီးဆင်းနေတာဖြစ်ပါတယ်။ ဒီစီးဆင်းနေတဲ့ကိစ္စကို နယ်စပ်မှာပဲ ကုန်ရောင်း၊ ကုန်ဝယ်လုပ်တာမဟုတ်ဘဲ ရန်ကုန်ဈေးကွက်မှာပဲ အရောင်းအဝယ်ပြုလုပ်နိုင်ဖို့၊ ဈေးကွက်ထူထောင်နိုင်ဖို့ ကြိုးစားနေပါတယ်။ ဒီမှာ အရောင်းအဝယ်လုပ်ပြီးမှ သယ်သွားတဲ့စနစ်ကို ကျွန်တော်တို့ လုပ်နိုင်ဖို့ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❍

**ရန်ကုန်မှာ တိုက်ရိုက် ဈေးကွက်လုပ်ပေးဖို့ ခရိုင်လေးခုရှိတယ်။ ဒါပေမယ့် သစ်သီးတွေ ဟင်းသီးဟင်းရွက်တွေက သီရိမင်္ဂလာဈေးမှာပဲ သွားစုပုံနေတယ်။ ခရိုင်အလိုက် နေရာခွဲလိုက်ရင် အချိန်လည်းသက်သာမယ်။ သီးနှံပျက်စီးမှုလည်း နည်းသွားမယ်။ ရောင်းသူလည်း ဈေးပိုရသလို ဝယ်သူလည်း ထိုက်သင့်တဲ့ဈေးနှုန်းရမယ်ဆိုရင် ဆုံးရှုံးနစ်နာမှု အများကြီး နည်းသွားမယ်**



# ကြေးမုံ

## ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များကို ကြိုဆို

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေ၌ကျင်းပသည့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ (၂၀၁၉) ဖွင့်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဖွံ့ဖြိုးတိုးတက်မှုဝန်းကျင်တွင် အချိန်နောက်ကျရောက်လာသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် အကြံတူ နောက်လူသာစမြဲ ဆိုသည့်အတိုင်း ရခိုင်ပြည်နယ်သည် ထိုအကျိုးကျေးဇူးကိုခံစားရန် အဆင်သင့်ဖြစ်နေပြီး အခြားသူများ၏ အတွေ့အကြုံများ၊ အမှားအယွင်းများကို လေ့လာနိုင်ပြီး အခွင့်အလမ်းသစ်များနှင့် နယ်ပယ်သစ်များအား ဖွင့်လှစ်နိုင်မှာပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ(၂၀၁၉)သည် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစပျိုးသည့် ခြေလှမ်း၊ သို့တည်းမဟုတ် ရင်းနှီးမြှုပ်နှံမှုလမ်းစကို စတင်ဖွင့်လှစ်ပေးလိုက်သည့် ခြေလှမ်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ပြည်နယ်တစ်ခုကို ဖွံ့ဖြိုးတိုးတက်လာအောင် စတင်တွန်းအားပေးလိုက်ခြင်းပင် ဖြစ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ခေတ်ဆန်းသစ်စေသည်သာမက မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထင်ကရမှတ်ကျောက်တစ်ခုပင်ဖြစ်သည်။

ယခုပြပွဲတွင် ပြည်တွင်း၊ ပြည်ပမှ အဆိုပြုထားသည့် လုပ်ငန်း ၂၄ ခုကို မြင်တွေ့နိုင်မည်ဖြစ်သည်။ ပြီးခဲ့သည့်လက နေပြည်တော်တွင် ပြည်တွင်း၊ ပြည်ပကိုယ်စားလှယ် ၁၆၀၀ ခန့် တက်ရောက်ခဲ့သော Invest Myanmar Summit 2019 တွင် လမ်း၊ လေဆိပ် တည်ဆောက်ရေးစီမံကိန်းများမှ စက်မှုဇုန်များနှင့် မြို့သစ်များ တည်ဆောက်ရေးစီမံကိန်းများအထိ ပါဝင်သည့် ရခိုင်ပြည်နယ်တွင် အကောင်အထည်ဖော်မည့် စီမံကိန်းအသစ်များလည်း ဖြစ်သည်။ ထိုစီမံကိန်းများသည် စီမံကိန်းဘဏ်တွင်ပါဝင်ပြီး စီမံကိန်းများကို တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ်သည် ရေမြေသဘာဝသယံဇာတများ ပေါများကြွယ်ဝသော ဒေသဖြစ်သည်နှင့်အညီ ကောင်းမွန်သောရာသီဥတုနှင့် လှပသည့် သဘာဝပတ်ဝန်းကျင်များ စုံလင်သည်။ ပထဝီအနေအထားမှာလည်း ဒေသတွင်း၌ အချက်အချာကျသဖြင့် ပြည်တွင်း၊ ပြည်ပမှ အထူးစိတ်ဝင်စားသောနေရာဖြစ်သည်။ ယခုကဲ့သို့ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲမှတစ်ဆင့် ရခိုင်ပြည်နယ်၏ ပကတိအလားအလာကောင်းများကို ထင်ဟပ်ပြသလိုက်နိုင်သဖြင့် ရခိုင်ပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုနှင့် မျှော်လင့်ချက်အသစ်များကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ အဓိကရည်မှန်းချက်မှာ ရရှိလာမည့်အကျိုးအမြတ်များကို တိုင်းရင်းသားပြည်သူများ မျှဝေခံစားနိုင်ရေးဖြစ်သည်။

အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ပြည်ထောင်စုနိုင်ငံတော်တွင် ပြည်သူလူထုက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ထားသော အစိုးရအနေဖြင့် စည်းလုံးညီညွတ်မှုနှင့် သဟဇာတဖြစ်မှုကို ဦးစားပေးဖော်ဆောင်ပေးနေသည်။ အထူးသဖြင့် မတူကွဲပြားမှုများဖြင့် တည်ဆောက်ထားသည့်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားပြည်သူများ အခွင့်အရေးညီမျှစွာရရှိနိုင်ရေးမှာ အထူးလိုအပ်နေသဖြင့် ဖွံ့ဖြိုးမှုလိုအပ်နေသော ရခိုင်ပြည်နယ်အတွက် စီးပွားရေးတံခါးသစ်ကို စတင်ဖွင့်လှစ်ပေးလိုက်ခြင်းကို ကြိုဆိုရမည်ဖြစ်သလို အလားတူ တိုင်းရင်းသားများဒေသ ပြည်နယ်များတွင်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လာအောင် လမ်းစများ ဖော်ဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ရာ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများသည် နိုင်ငံတော်အစိုးရနှင့်ပြည်သူများက စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ညီညီညွတ်ညွတ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အကျိုးရလဒ်များပင် ဖြစ်သည်။ ယခု ရခိုင်ပြည်သူများ၏ ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးကို ဆောင်ကြဉ်းပေးမည့် ရခိုင်ပြည်နယ်အတွင်း မပျက်မစီးတည်ရှိနေသော သဘာဝအရင်းအမြစ်များကို တန်ဖိုးထားလေးစားသည့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်သစ်များအား ဝိုင်းဝန်းကြိုဆို ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ကဏ္ဍဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များမှ တာဝန်ရှိသူများ၏ လျှပ်စစ်ကဏ္ဍဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံး၌ ကျင်းပသည်။



တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများနှင့် စက်မှုဇုန်၊ စက်မှုလက်မှုလုပ်ငန်းများတွင် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်ဓာတ်အားစနစ် အတွင်းသို့ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ယနေ့အချိန်တွင် လျှပ်စစ်ဓာတ်အား ၃၅၈၆ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၏ အမြင့်ဆုံးဓာတ်အားသုံးစွဲမှုမှာ ၁၅၄၈ ဒသမ ၂၃ မဂ္ဂါဝပ်ခန့်ရှိ၍ တစ်နိုင်ငံလုံး၏ ထက်ဝက်နီးပါးကို သုံးစွဲလျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်၊ စက်မှုလက်မှုလုပ်ငန်းများတွင် ယခုလက်ရှိသုံးစွဲနေသော ဝန်အားမှာ မဂ္ဂါဝပ် ၄၆၅ ဒသမ ၇၄၀ ရှိပြီး နောက်ထပ်လိုအပ်မည့် ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်မှုဇုန်များ၏ ဓာတ်အားလိုအပ်ချက်ကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရန် Infrastructure များကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

### ပူးပေါင်းဆောင်ရွက်သွားရန်လို

ဝန်ကြီးဌာနအနေဖြင့် စက်မှုလက်မှုလုပ်ငန်းရှင်များ ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း ပြောကြားရန်လိုကြောင်း၊ လာမည့်နွေရာသီတွင် ရန်ကုန်တိုင်းဒေသကြီး၏ ဓာတ်အားသုံးစွဲမှု အမြင့်ဆုံးသို့ရောက်ရှိမည်ဖြစ်ပြီး မိမိတို့ ဖြန့်ဝေပေးမှုအပိုင်းတွင် အနည်းငယ် လိုအပ်နေမည်ဖြစ်၍ လိုအပ်သော ဓာတ်အားထုတ်လုပ်မှုအပိုင်းကို ဖြည့်ဆည်းမှုအနေဖြင့် စက်မှုလုပ်ငန်းရှင်များက မီးသုံးစွဲမှုများသော ညဦးပိုင်းအချိန်များတွင် အသုံးမပြုဘဲ ညပိုင်းအချိန်များတွင် အသုံးပြုသွားခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

### ဖြည့်ဆည်းပေးခဲ့

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းနှင့် စက်မှုဇုန်များမှ တာဝန်ရှိသူများက လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းဆောင်ရွက်မှုများ၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ်က စက်မှုဇုန်များ၏ တင်ပြချက်များအပေါ် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး) အစည်းအဝေးခန်းမ၌ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူများ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြည်သူများ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ပြည်သူများ၏ လိုအပ်ချက်များကို တင်ပြနိုင်ရန်အတွက် ယခုလို တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဒေသအတွင်း လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိမှုများ၊ ပညာရေး၊ ကျန်းမာရေး စသည့်အကြောင်းအရာများနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ဆောင်ရွက်ပေးစေလိုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုတင်ပြကြရာ သက်ဆိုင်ရာ အကြီးအကဲများက ပြန်လည်ဖြေကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးတင်ထွန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ထွန်းလင်း(ပြန်/ဆက်)**

## မှုခင်းအသိပညာပေး ဟောပြော

**မန္တလေး ဖေဖော်ဝါရီ ၂၃**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၂၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မျိုးလွင်တို့က လူသတ်မှု၊ မုဒိမ်းမှု၊ ခိုးမှု၊ နာကျင်စေမှု၊ လိမ်လည်မှုများကို ပြစ်မှုပြစ်ဒဏ်များနှင့်တကွ ရပ်ကွက်နေပြည်သူများအား မှုခင်းအသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် သင်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် လေးထပ်စာသင်ဆောင်၊ မော်တော်ယာဉ်ဂိုဒေါင်၊ ဒုတိယကျောင်းအုပ်ကြီးနေအိမ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။





**ညှိနှိုင်းဖြည့်ဆည်း**

ယင်းနောက် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၌ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် လေးထပ်စာသင်ဆောင်၊ သုံးထပ် ဆရာမများအဆောင်၊ စုပေါင်းစာသင်ခန်းမ တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ ကျောင်းမှ အရည်အသွေးစစ်ဆေးရေးအဖွဲ့များက စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရေးကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) သုံးထပ် ပင်မစာသင်ဆောင်၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်းအုပ်ကြီး၏ ကျောင်းပိုင်းဆိုင်ရာ ရှင်းလင်းချက်များနှင့် ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ် တစ်ခုနှင့် ဒီဂရီကောလိပ် နှစ်ခု၊ လူငယ်သင်တန်းကျောင်း ၄၅ ကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်း ၄၅ ကျောင်း၊ စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်းတို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအတွက် ဝန်ကြီးဌာန၏ မူဝါဒ(၄)ရပ်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ရည်မှန်းချက်(၄)ရပ်၊ ဒီဂရီကောလိပ်များ၏ ရည်ရွယ်ချက်(၆)ချက်နှင့်အညီ ဆရာ ဆရာမများက ဆရာကောင်းတို့၏ကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦး၏ အရည်အသွေးများနှင့်အညီ တပည့်သားသမီးများအပေါ် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တက္ကသိုလ်စာပေပညာရပ်များသာမက စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ အချိန်ကိုစနစ်တကျစီမံခန့်ခွဲတတ်မှု၊ ကျန်းမာသန်စွမ်းသော လူငယ်များဖြစ်လာစေရေး၊ စာပေဖတ်ရှုလေ့လာသော ဝါသနာရင့်သန်စေရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်စေရေးတို့ကို ပူးတွဲသင်ကြားပေးသွားကြရန်၊ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် သားကောင်းရတနာများဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အကောင်းဆုံးပြုစုပျိုးထောင် လေ့ကျင့်ပေးသွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

ထို့နောက် ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒက ကြိုဆိုနှုတ်ခွန်းဆက်စကား မိန့်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ ဆေကိန္ဒက ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပါရဂူတန်း၊ မဟာဝိဇ္ဇာတန်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာသင်တန်း သင်တန်းသားသစ်ရဟန်းတော် ၃၅ ပါးအား သင်တန်းသား အသိအမှတ်ပြုကတ်များနှင့် အမှတ်တရပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ တက္ကသိုလ်ဩဝါဒါစရိယ ဆရာတော်ကြီးများက ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်ကြသည်။

ထို့နောက် ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် မော်ကွန်းထိန်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တကဥ္စန က ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပါရဂူဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့သင်တန်းများနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းမိန့်ကြားပြီး ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် အဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ဩဝါဒကထာ မိန့်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဓမ္မဒူတဆေကိန္ဒတက္ကသိုလ် တည်ထောင်မှုအဆင့်ဆင့် ဓာတ်ပုံပြခန်းများနှင့် တက္ကသိုလ်ရုံးခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

❍ **နယ်စပ်ကုန်သွယ်ရေးမှ**

ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တွင် ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့သည့် (၂၄)ကြိမ်မြောက် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

**တိုးချဲ့နိုင်ဖို့ပြင်ဆင်**

ထို့ပြင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်လာသည့် တရားမဝင်ကုန်စည်များကို ရန်ကုန်ဈေးကွက်မှတစ်ဆင့် ဖြန့်ချိနေသည့် အခြေအနေမျိုးမဖြစ်အောင်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဓိကကတော့ သစ်သီးဝလံတွေ ဖြစ်ပါတယ်။ ဖရဲသီးဆိုရင် နှစ်နှစ်လောက် တွက်ခြေကိုက်တယ်။ တစ်နှစ်လောက် ဆုံးရှုံးတဲ့အခြေအနေမျိုး လုပ်ငန်းရှင်တွေ ကြုံနေရပါတယ်။ ဒါကြောင့် ဒီမှာဈေးကွက်ကို ထူထောင်နိုင်ဖို့၊ အရောင်းအဝယ်လုပ်ပြီး ပစ္စည်းသယ်သွားတဲ့စနစ်ကို ပြောင်းလဲဖို့လည်း ရန်ကုန်ဈေးကွက်ကို ပိုပြီးတိုးချဲ့နိုင်ဖို့ ပြင်ဆင်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး တရုတ်-မြန်မာစီးပွားရေးစင်္ကြံမှာ ရန်ကုန်တိုင်းဒေသကြီးအနေနဲ့ ထည့်သွင်းစဉ်းစားနေပါတယ်"ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။

သီးနှံများကို ဈေးနှုန်းချိန်ညှိ၍ ရောင်းချနိုင်စေရေးအတွက် သီးနှံသိုလှောင်ရန် အချက်အချာဖြစ်သော မန္တလေးမြို့တွင် သီးနှံသိုလှောင်ရုံတစ်ခုကို စီစဉ်ဆောင်ရွက်ပေးရန်လည်း ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က နိုင်ငံတော်သို့ တင်ပြတောင်းဆိုထားကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

**စိုက်ပျိုးရေးမဟာဗျူဟာတွင်ထည့်သွင်း**

"အဲဒီဈေးကွက်က လုပ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ကျွန်တော်တို့ တင်ပြထားတယ်။ ရန်ကုန်မှာ တိုက်ရိုက် market လုပ်ပေးဖို့ ခရိုင်လေးခုရှိတယ်။ ဒါပေမယ့် သစ်သီးတွေ၊ ဟင်းသီးဟင်းရွက်တွေက သီရိမင်္ဂလာဈေးမှာပဲ သွားစုပုံနေတယ်။ ခရိုင်အလိုက် နေရာခွဲလိုက်ရင် အချိန်လည်း သက်သာမယ်။ သီးနှံပျက်စီးမှုလည်း နည်းသွားမယ်။ ရောင်းသူလည်း ဈေးပိုရသလို ဝယ်သူလည်း ထိုက်သင့်တဲ့ဈေးနှုန်းရမယ်ဆိုရင် ဆုံးရှုံးနစ်နာမှု အများကြီးနည်းသွားမယ်"ဟု မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ အလုပ်အမှုဆောင် ဦးတင်အောင်က ပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍လည်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးမဟာဗျူဟာတွင် ထည့်သွင်းရေးဆွဲပေးရန် တင်ပြခဲ့ကြောင်း သိရသည်။

မူဆယ်မှတစ်ဆင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီကုန်သွယ်ဝင်ပေါက်၌ ရောင်းချလျက်ရှိသည့် သစ်သီးဝလံဈေးကွက်သို့ ဂျပန်ပြည်ပကုန်သွယ်မှုအဖွဲ့အစည်း(JETRO)က ဈေးကွက်စစ်တမ်းကောက်ယူထားချက်အရ ဖရဲ၊ သခွားမွှေး ဈေးနှုန်းမှာ ရက်သတ္တပတ်အတွင်း အရှုံး၊ အမြတ် ၃၉ ရာခိုင်နှုန်း ကွာခြားမှုရှိနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ သီးနှံထွက်ကုန်များမှာ တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားရှိသော်လည်း(AQSIQ) အသိအမှတ်ပြုလက်မှတ် မရရှိခြင်းကြောင့် တင်ပို့ရန် အခက်အခဲများဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**အေးယမုံ**

# အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအောက်တွင် ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများအနက် လုပ်ငန်းကော်မတီတစ်ခုဖြစ်သည့် အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပူးပေါင်းဆောင်ရွက်**

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က ကလေးများအား အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းဆိုင်ရာ ILO Convention 182 ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၁၉၅၁ ခုနှစ် အလုပ်ရုံနှင့် အလုပ်သမားအက်ဥပဒေတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ကန့်သတ်ချက်ကို ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေတွင်လည်း အလုပ်စတင်ဝင်ရောက်နိုင်သည့် အသက်မှာ ၁၄ နှစ်ဟု လည်းကောင်း၊ အသက် ၁၈ နှစ်မပြည့်သေးပါက အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသောလုပ်ငန်းများတွင် အလုပ်မလုပ်စေရဟု ပြဋ္ဌာန်းထားပါကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်မူကြမ်းရေးဆွဲရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဦးဆောင်၍ အစည်းအဝေးများကို အဆင့်ဆင့်ကျင်းပခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ ကလေးလုပ်သားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဒုတိယသမ္မတ ဦးမြင့်ဆွေ ဥက္ကဋ္ဌဖြင့် ဖွဲ့စည်းဆောင်ရွက်ထားပါကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော ဒုတိယအကြိမ် အမျိုးသားကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ငန်းကော်မတီ(၈)ရပ်၏ အသေးစိတ်စီမံချက်ကို လေးလအတွင်း တင်ပြရမည်ဖြစ်ရာ ယခုနှစ် ဧပြီလကုန်တွင် တင်ပြရမည်ဖြစ်ပါသဖြင့် အချိန်ကာလ နီးကပ်နေပြီဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံချက်တွင် ပါဝင်သင့်သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ပူးပေါင်းဆောင်ရွက်ရန် ပါဝင်သင့်သည့် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

**ဆွေးနွေးခဲ့**

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)က လုပ်ငန်းကော်မတီ၏ ဖွဲ့စည်းမှု၊ လုပ်ငန်းတာဝန်များ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်(မူကြမ်း)တို့ကို တင်ပြဆွေးနွေးခဲ့ရာ တက်ရောက်လာကြသော တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ကော်မတီဝင်များနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာဒေသအလိုက် ပူးပေါင်းဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Forever Group Co., Ltd. မှ စာအုပ်လှူဒါန်းပွဲနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် လုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

Forever Group Co., Ltd. မှ စာအုပ်လှူဒါန်းပွဲနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် လုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် Forever Group Co., Ltd. မှ အမှုဆောင်အရာရှိချုပ် ဦးဝင်းမော်က ဇာတ်တော်ကြီး ဆယ်ဘွဲ့စာအုပ်များနှင့် မိုးရေလှောင်ကန်စာအုပ်များ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး စာရေးဆရာ ကျော်ဦးက စာအုပ်ရေးသားရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှုဆောင်အရာရှိချုပ် ဦးဝင်းမော်က ပန်းချီဦးဘကြည်၏ "ဇာတ်တော်ကြီး ဆယ်ဘွဲ့" စာအုပ် ၆၀၀၊ စာရေးဆရာ ကျော်ဦး၏ "မိုးရေလှောင်ကန်" စာအုပ် ၆၀၀၊ အများသုံး မြန်မာ-အင်္ဂလိပ်- ပါဠိ အဘိဓာန် စာအုပ်များနှင့် "ပဒတ္ထမဉ္ဇူသာ" ဟူသော ပါဠိ-မြန်မာ အဘိဓာန် စာအုပ်များကို လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

**လုပ်ပိုင်ခွင့်များပေါ်လာနိုင်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ဖြစ်သော်လည်း ခေတ်ကာလနှင့်အညီ ပြန်လည်ပြင်ဆင်ရန် လိုအပ်သဖြင့် ပြင်ဆင်ခဲ့မှု၊ နည်းဥပဒေကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ပြဋ္ဌာန်းရန် စီစဉ်လျက်ရှိမှု၊ ဥပဒေနှင့်အညီ ရုပ်သံလုပ်ငန်းအသစ်များနှင့် Community Radio လုပ်မည့်သူများအတွက် ကျယ်ကျယ်ပြန့်ပြန့်လုပ်ပိုင်ခွင့်များပေါ်လာနိုင်မှု စသည်ဖြင့် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Forever Group Co., Ltd. မှ စာအုပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် တက်ရောက်လာကြသည့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် လုပ်ငန်းရှင်များက လက်ရှိဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့သည် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ ဆူးလေဘုရားလမ်းမကြီးပေါ်၌ Line Walker-2 ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဦးအုန်းမောင်တို့က Line Walker- 2 ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူ၊ ဇာတ်ညွှန်းရေးသူ၊ ဒါရိုက်တာ၊ သရုပ်ဆောင်များနှင့် ရုပ်ရှင်အဖွဲ့သားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့ Line Walker-2 ရုပ်ရှင်ဇာတ်ကားမှ ဒါရိုက်တာ၊ သရုပ်ဆောင်များ၊ ရုပ်ရှင်အဖွဲ့သားများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

## စာအုပ်၊ စာပေမိတ်ဆွေများဖြင့် ပုံမှန်စည်ကားလျက်ရှိသည့် ရန်ကုန်စာအုပ်လမ်းကို အနုပညာရပ်ဝန်းတစ်ခုအဖြစ် ကျင်းပသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း(ဝန်ကြီးများရုံးဘလောက်)ရှိ ရန်ကုန်(စနေ-တနင်္ဂနွေ)စာအုပ်လမ်းတွင် ယနေ့ စာအုပ်ဆိုင်ပေါင်း ၈၀ ဖွင့်လှစ်ရောင်းချလျက်ရှိရာ စာအုပ်ဝယ်သူများ၊ "ကဗျာအသွား၊ ကဗျာစကား-Poetry Reading and Talk" ကဗျာရွတ်ပွဲ၌ ကဗျာရွတ်ဖတ်သူများ၊ တက်ရောက်နားထောင်သူများဖြင့် ပုံမှန်စည်ကားလျက်ရှိသည်။

"ဒီနှစ်မှာ အခုအပတ်ဆိုရင် စနေ၊ တနင်္ဂနွေ နေ့တိုင်း ကျင်းပခဲ့တာ တတိယပတ်မြောက်ဖြစ်ပါတယ်။ စာအုပ်လမ်းကို အနုပညာရပ်ဝန်းတစ်ခုအသွင် စည်ကားအောင် လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု စာအုပ်လမ်းတာဝန်ခံက ပြောသည်။

**စုံလင်စွာရောင်းချ**

ရန်ကုန်စာအုပ်လမ်းမှ စာအုပ်ဆိုင်များတွင် အရွယ်သုံးပါး ဖတ်ရှုနိုင်သည့် စာအုပ်အမျိုးမျိုးဖြစ်သည့် သုတ၊ ရသဝတ္ထု၊ ကာတွန်း၊ နီတိစာပေ၊ ရုပ်ပြ၊ သမိုင်း၊ အတ္ထုပ္ပတ္တိ၊ အဘိဓာန်၊ ကျမ်း၊ ပညာရပ်ဆိုင်ရာ၊ ဘာသာရေး၊ ယဉ်ကျေးမှုဆိုင်ရာ စာအုပ်များကို စုံလင်စွာရောင်းချလျက်ရှိပြီး အချို့ဆိုင်များတွင် လျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိသည်။

"ဒီနေ့ စနေနေ့မနက်ပိုင်း စာအုပ်တန်းမှာ လူပိုပြီးစည်တယ်။ ပုံမှန်ရောင်းရပါတယ်။ တနင်္ဂနွေနေ့က စာအုပ်ပိုရောင်းရပါတယ်"ဟု ဇေယျာမြေစာအုပ်ဆိုင်၏ တာဝန်ခံတစ်ဦးက ပြောသည်။

**ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကျင်းပမည်**

ရန်ကုန်(စနေ-တနင်္ဂနွေ)စာအုပ်လမ်းကို မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ဦးစီးကျင်းပသည့် စာပေဟောပြောပွဲနှင့်အတူ တစ်ဦးလျှင် စာအုပ်တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာ၊ ရောင်းသူမဲ့နီတိစာအုပ်ဆိုင်မှ ပြည်သူတိုင်းလိုက်နာ ပြုမူကျင့်ကြံနေထိုင်ရမည့် ပြည်သူ့နီတိ DVD ခွေကို အပတ်စဉ် အခမဲ့ပေးဝေလျက်ရှိပြီး စာအုပ်လမ်းအစီအစဉ်များကို ကြာသပတေးနေ့တွင် သတင်းစာနှင့် လူမှုကွန်ရက် တို့မှ ကြေညာပေးလျက်ရှိသည်။ တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင် Save the Library ၏ စာကြည့်တိုက်ဥပဒေဆွေးနွေးပွဲ၊ ညနေ ၃ နာရီတွင် ဒါရိုက်တာ ကြည်စိုးထွန်း၏ "ဝတ္ထုမှ ပြောင်းလာသော ရုပ်ရှင်များ" စာပေဟောပြောပွဲနှင့် ညနေ ၅ နာရီတွင် အင်ဒိုနီးရှားတေးဂီတပညာရှင် Indra Menus ၏ ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပမည်ဖြစ်ရာ စာပေချစ်မြတ်နိုးသူများ လာရောက်အားပေးနိုင်သည်။



"အွန်လိုင်းကနေ ရန်ကုန်စာအုပ်တန်း အစီအစဉ်တွေ့လို့လာဝယ်တာပါ။ အရင်နှစ်ကရှိမှန်းမသိဘူး။ ရှေ့အပတ်ကလည်း လာဝယ်ဖြစ်ပါတယ်။ ကလေးတွေလည်း ကျောင်းပိတ်တာနဲ့ အိမ်က ကလေးနဲ့ အတူလာဝယ်တာပါ။ shopping mall တွေမှာဆို စာအုပ်အစုံ မတွေ့ဘူး။ ဒီမှာဝယ်ရတာ စာအုပ်စုံပါတယ်။ ကားရပ်ဖို့နေရာလည်းရှိတယ်။ အနားမှာ လက်ဖက်ရည်ဆိုင်လည်းရှိတော့ အဆင်ပြေပါတယ်"ဟု ဒဂုံမြို့နယ် ယောမင်းကြီးလမ်းမှ စာပေမိတ်ဆွေ ဦးအောင်မင်းဦးက ပြောသည်။

**သန့်စင်ဝင်း(MNA)၊ ဓာတ်ပုံ- ဇော်မင်းလတ်**

# အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၂၃**

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ Hotel Marvel ၌ ကျင်းပသည်။

နှီးနှောဖလှယ်ပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲပြုလုပ်ခြင်းဖြင့် အလုပ်ရှင်၊ အလုပ်သမားအကြား အငြင်းပွားမှုများကို ဥပဒေနှင့်အညီ လက်တွေ့အကောင်အထည်ဖော် ဖြေရှင်းဆောင်ရွက်နေကြသော မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များ၊ ခုံသမာဓိအဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီဝင်များ၏ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ အတွေ့ အကြုံများ အပြန်အလှန်ပေါင်းစပ်ဖလှယ်နိုင်သောကြောင့် နောင်တွေ့ကြုံရမည့် အငြင်းပွားမှုများကိုဖြေရှင်းရာတွင် များစွာအထောက်အကူဖြစ်စေကြောင်း၊ အငြင်းပွားမှုများအား ထိရောက်စွာဖြေရှင်းနိုင်ရေးအတွက် အငြင်းပွားမှုဖြေရှင်းရေးယန္တရား ခိုင်မာအားကောင်းရန် လိုအပ်သကဲ့သို့ အငြင်းပွားမှုဖျန်ဖြေဆုံးဖြတ်သည့် အဖွဲ့ဝင်များ၏စွမ်းဆောင်ရည်အပေါ်တွင်လည်းမူတည်ကြောင်း၊ ၎င်းအပြင် အလုပ်ရှင်နှင့် အလုပ်သမားများသည် တည်ဆဲအလုပ်သမားဥပဒေများကို သိရှိလေးစားလိုက်နာရန်လည်း လိုအပ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် နှီးနှောဖလှယ်ပွဲတွင် ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုများကို ထိရောက်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ဆုံးဖြတ်ချက်ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။






အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့ဖြင့် အဆင့်ဆင့်ညှိနှိုင်းဖျန်ဖြေဆုံးဖြတ်ပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်အတွင်း ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက အမှု ၁၃၆၀၊ ခုံသမာဓိအဖွဲ့များက ၁၀၆ မှု၊ ခုံသမာဓိကောင်စီက ၆၈ မှုကို ဖြေရှင်းဆောင်ရွက်ပြီးစီးခဲ့သည်ဟု သိရှိရပြီး ယခုကဲ့သို့ နှီးနှောဖလှယ်ပွဲတွင် တွေ့ဆုံဆွေးနွေးခြင်းဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများကို ထိရောက်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ဆုံးဖြတ်ချက်ရလဒ်ကောင်းများကို သိရှိလာနိုင်ခြင်း၊ အငြင်းပွားမှုနည်းပါးသည့်ဒေသများမှ ကိုယ်စားလှယ်များအနေဖြင့် အငြင်းပွားမှုများပြားသည့်ဒေသမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို သိရှိလာ၍ အသိအမြင် ဗဟုသုတများ တိုးပွားလာနိုင်ပြီး မိမိတို့ဒေသတွင် ဖြေရှင်းဆောင်ရွက်ရမည်ဆိုပါက သာဓကကောင်းများအနေဖြင့် ကိုးကားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကော်မတီ၏ (၇၂) ကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ပြုလုပ်သည့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးကော်မတီ (Committee on the Elimination of Discrimination against Women-CEDAW)၏ (၇၂) ကြိမ်မြောက် လုပ်ငန်းအဖွဲ့ အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံမှတင်သွင်းသည့် သီးခြားအစီရင်ခံစာနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ကော်မတီအကြား ဆွေးနွေးပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပသည်။




**တက်ရောက်ဆွေးနွေး**

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များနှင့် ဂျီနီဗာအခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက မြန်မာနိုင်ငံအနေဖြင့် CEDAW ကော်မတီ၏လုပ်ငန်းများကို အလေးထား ပူးပေါင်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံသည် CEDAW ကော်မတီ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် သီးခြားအစီရင်ခံစာကို တင်သွင်းခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ကဏ္ဍပေါင်းစုံတွင် ကျား/မ ခွဲခြားမှုမရှိဘဲ အမျိုးသမီးများအား တန်းတူအခွင့်အရေး ပေးအပ်ထားသော နိုင်ငံဖြစ်ကြောင်း။

**အမျိုးသားအဆင့်ယန္တရားဖြင့် ဆောင်ရွက်**

ယခုအခါ မြန်မာနိုင်ငံသည် အကောင်းဆုံးအချိန်တစ်ခုကို ရောက်ရှိနေသကဲ့သို့ ဖြေရှင်းရမည့်ပြဿနာများစွာကို ရင်ဆိုင်နေရသောအချိန်လည်း ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အခွင့်အရေးနှင့် ပတ်သက်၍လည်း နိုင်ငံတကာအသိုက်အဝန်းက အာရုံစိုက်မှုများရှိလာကြောင်း၊ မြန်မာအစိုးရအနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးကို အရေးကြီးသော ကဏ္ဍတစ်ရပ်အဖြစ်မှတ်ယူ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ကျား/မ တန်းတူညီမျှမှုရှိရေးနှင့် အမျိုးသမီးများစွမ်းပကားမြင့်မားရေးကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသော အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းနှင့် အရပ်ဘက်လူမှုရေးအဖွဲ့အစည်း ခုနစ်ဖွဲ့ ပါဝင်ဖွဲ့စည်းထားပြီး အမျိုးသားအဆင့်ယန္တရားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသမီးများအား တရားဥပဒေပိုင်းဆိုင်ရာ အကာအကွယ်ပေးနိုင်ရေး ခိုင်မာအားကောင်းစေရန်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေမူကြမ်းကို ရေးဆွဲပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ ပဋိပက္ခများကို တားဆီးနိုင်ရေးနှင့် တုံ့ပြန်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း။

**အထူးအစီအစဉ်များဖြင့် ကြိုးပမ်း**

မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီကို ကာကွယ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များနှင့်အတူ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက်တွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ရှိ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ လူမှု-စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထူးအစီအစဉ်များဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း။

**တရားစွဲဆို အပြစ်ပေးနိုင်ရေး ဆောင်ရွက်**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရာတွင် လူမှုပေါင်းစည်းရေးကို အဓိကကဏ္ဍတစ်ရပ်အနေဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆာ အကြမ်းဖက်အဖွဲ့က တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် ဖြစ်ပွားလာသည့် လူ့အခွင့်အရေး ချိုးဖောက်မှုစွပ်စွဲချက်များနှင့် ယင်းနှင့် ဆက်စပ်သော ကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်၊ တာဝန်ရှိမှုကို စုံစမ်းဖော်ထုတ်ရန်နှင့် ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရရှိစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စပ်လျဉ်း၍ အကြံပြုချက်များပေးရန် ရည်ရွယ်၍ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းထူထောင်ခဲ့ပြီး အဆိုပါကော်မရှင်မှ ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များနှင့် စပ်လျဉ်းသည့် သက်သေနှင့် အထောက်အထားများကို လက်ခံစုဆောင်းလျက်ရှိပြီး ခိုင်လုံသော အထောက်အထားများ ရရှိပါက တရားစွဲဆို အပြစ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**ပူးပေါင်းထောက်ပံ့မှုများ ပြုလုပ်ရန်လို**

မြန်မာအစိုးရအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကိုဖော်ဆောင်ရာတွင် ပြည်ထောင်စုသဘောတူစာချုပ်ပါ သဘောတူညီချက်နှင့်အညီ လူမျိုး၊ ဘာသာ၊ ကျား၊ မ၊ မသန်စွမ်းသူဟူ၍ ခွဲခြားမှုမရှိဘဲ လူသားအားလုံး၏ အခွင့်အရေးကို လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုရင်ဆိုင်နေရသော အခက်အခဲများကို ကျော်လွှားပြီး ဒီမိုကရေစီအသွင် ကူးပြောင်းမှု အောင်မြင်ရန် ကြိုးပမ်းနေချိန်တွင် နိုင်ငံတကာအသိုက်အဝန်းများအနေဖြင့် နိုင်ငံတကာစံနှုန်းများနှင့်အညီ သာမက ပြည်တွင်းရှိ လက်တွေ့ကျသော အခြေအနေများနှင့် အပ်စပ်သော အပြုသဘောဆောင်သည့် ပူးပေါင်းထောက်ပံ့မှုများ ပြုလုပ်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် CEDAW ကော်မတီမှ သီးခြားအစီရင်ခံစာတွင် အဆိုပြုထားသည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ဆက်စပ်မေးခွန်းများကို ဂျီနီဗာမြို့ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အမြဲတမ်းကိုယ်စားလှယ်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားခဲ့သည်။

**အမြင်ချင်း ဖလှယ်ဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကာ ကိုယ်စားလှယ်အဖွဲ့၏ နိဂုံးချုပ်အမှာစကားတွင် ယနေ့ကျင်းပသည့် ဆွေးနွေးမှုသည် အပြုသဘောဆောင်ပြီး မြန်မာနိုင်ငံနှင့် CEDAW ကော်မတီအကြား ပူးပေါင်းဆောင်ရွက်မှုအတွက် သမိုင်းတွင် အရေးပါသော နေ့တစ်နေ့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့် ကော်မတီ၏ သဘောထားအယူအဆများအကြား ကွာခြားချက်များရှိနေသည်ကို တွေ့ရှိရကြောင်း၊ ကော်မတီအဖွဲ့ဝင်အချို့က မေးမြန်းသည့် မေးခွန်းအချို့သည် အထောက်အထားမခိုင်လုံသော စွပ်စွဲချက်များ၊ ချဲ့ကားပြောဆိုမှုများအပေါ် အခြေခံထားသည်ကို တွေ့ရှိရပါကြောင်း၊ ယင်းသို့သောမေးခွန်းများကို လက်ခံနိုင်ခြင်းမရှိသည့်အတွက် ဝမ်းနည်းပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုသဟဇာတဖြစ်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ဦးနှောက်၏ စွမ်းရည်ကိုပြောင်းလဲစေသော သတိပဋ္ဌာန်

ပါမောက္ခဒေါက်တာမောင်

### ဦးနှောက်နှင့် ကွန်ပျူတာ

ဦးနှောက်အလုပ်လုပ်ပုံကိုနားလည်ရန် ကွန်ပျူတာတစ်လုံးနှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။

စာရေးသူတို့ ဦးနှောက်သည် အရေအတွက် ၈၀-၁၀၀ ဘီလီယံရှိသောဆဲလ်များဖြင့် ဖွဲ့စည်းထားသည်။ ထိုဆဲလ်များသည် ဝိုင်ယာကြိုးသဖွယ် အမျှင်များဖြင့် တစ်ခုနှင့်တစ်ခု ဆက်သွယ်အလုပ်လုပ်ကြသည်။ ဦးနှောက် တစ်ခုလုံးသည် ဆဲလ်များအချင်းချင်းဆက်သွယ်ထားသော အာရုံကြောကွန်ရက်ကြီးတစ်ခု ဖြစ်သည်။ ကွန်ပျူတာတစ်ခုတွင် ထရန်စစ်စတာများအချင်းချင်း ဆက်သွယ်အလုပ်လုပ်ကြသကဲ့သို့ ဖြစ်သည်။

ယနေ့ အမြန်ဆုံး အလုပ်လုပ်နိုင်သော (core i7) ကွန်ပျူတာတွင် ထရန်စစ်စတာအရေအတွက် ၁ ဒသမ ၇ ဘီလီယံရှိသည်။ ဦးနှောက်အတွင်းတွင် ထရန်စစ်စတာကဲ့သို့ ဆက်သွယ်အလုပ်လုပ်နိုင်သော ဆက်သွယ်မှုပေါင်း ထရီလီယံရာပေါင်းများစွာမက ရှိနေသည်။

သို့ရာတွင် ကွန်ပျူတာ၏ ထရန်စစ်စတာများ ဆက်သွယ်ထားပုံ (circuit)မှာ ပုံသေဖြစ်သည်။ ဦးနှောက်ဆဲလ်များ အချင်းချင်းဆက်သွယ်ထားပုံမှာ မူပြောင်းလွယ်၊ ပြင်လွယ်သော ဆက်သွယ်ထားခြင်းမျိုး ဖြစ်သည်။ လူတစ်ဦး၏ သက်တမ်းတစ်လျှောက်တွင် ဆက်သွယ်မှုလမ်းကြောင်းများ လိုအပ်သလို အသစ်အသစ် ဖြစ်ပေါ်လျက်ရှိပြီး မလိုအပ်တော့သော ဆက်သွယ်မှုများကိုလည်း ဖျက်သိမ်းလျက်ရှိသည်။ ထိုအခြင်းအရာကို ဦးနှောက်၏ အလုပ်လုပ်ပုံပြောင်းလွယ်၊ ပြင်လွယ်ရှိခြင်း (neuroplasticity)ဟု ခေါ်ဆိုထားသည်။ ထိုအစွမ်းကြောင့် စာရေးသူတို့သည် အသစ်အသစ်ဖြစ်သော အကြောင်းအရာများနှင့် အလေ့အကျင့်များကို သင်ကြားနိုင်ကြပြီး လက်မခံတော့သော အယူအဆများနှင့် အမူအကျင့်များကို ဖျောက်ဖျက်ပစ်နိုင်ကြသည်။ ကြီးထွားနေသော ကလေးများ၏ ဦးနှောက်တွင် ထိုအခြင်းအရာကို ထင်ရှားစွာတွေ့မြင်ရသည်။



**မြန်မာလူမျိုးတို့သည် မြင့်မြတ်သော သတိပဋ္ဌာန်တရားတော်ကြီး၏ အကျိုးကျေးဇူးကြီးမားပုံကို ငယ်စဉ်တောင်ကျေးကလေးဘဝမှစတင်၍ ထိတွေ့နားလည်လာခဲ့ကြသည်။ ယနေ့အချိန်တွင် မှန်ကန်သောနည်းလမ်းများဖြင့် ထိရောက်စွာအားထုတ်နိုင်ရန် ညွှန်ပြပေးနေသော ရိပ်သာပေါင်းများစွာလည်း ရှိနေသည်။ အရိုင်းစိတ်၏ လွှမ်းမိုးမှုကို ကာကွယ်ထားနိုင်သော နည်းလမ်းသည် လက်တစ်ကမ်းတွင် ရှိနေ**

### အရိုင်းစိတ်ဦးနှောက်နှင့် အယဉ်စိတ်ဦးနှောက်

လှုံ့ဆော်လာသော အာရုံများကို တုံ့ပြန်ရာတွင် ဦးနှောက်၏ အစိတ်အပိုင်းနှစ်မျိုးသည် မတူညီစွာ အလုပ်လုပ်ကြသည်။

တစ်ခုသည် သတ္တဝါ၏ အခြေခံစိတ်အတိုင်း တုံ့ပြန်သော အစိတ်အပိုင်းဖြစ်သည်။ ထိုကဲ့သို့ တုံ့ပြန်ခြင်းသည် ဦးနှောက်၏ အနောက်ဘက်ရှိ Amygdala ဟု ခေါ်သည့်နေရာမှ ထွက်ပေါ်လာသည်။ ထိုအစိတ်အပိုင်းကို စိတ်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေသော ဦးနှောက် Emotional Brainဟု ခေါ်ဆိုကြသည်။ ထိုဦးနှောက်သည် သတ္တဝါ၏ အခြေခံအရိုင်းစိတ်ဖြစ်သော ရန်လိုခြင်း၊ အစာစားခြင်း၊ မေထုန်မှီဝဲခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် ရမ္မက်ဆန္ဒများကို ဖြစ်ပေါ်စေသည်။ အရိုင်းစိတ်ဦးနှောက်ဟု ခေါ်ဆိုနိုင်သည်။

အခြားအစိတ်အပိုင်းတစ်ခုမှာ ဦးနှောက်၏ အရှေ့ပိုင်းရှိ Prefrontal Cortex ဖြစ်သည်။ ထိုဦးနှောက်သည် အကျိုးအကြောင်းဆင်ခြင်ခြင်း၊ အမှား အမှန်ခွဲခြားနိုင်ခြင်း၊ မိမိကိုယ်ကိုထိန်းချုပ်နိုင်ခြင်း၊ ကိုယ်ချင်းစာစိတ်နှင့် မေတ္တာစိတ်များကို ဖြစ်ပေါ်စေသည်။ ထိုဦးနှောက်ကို ဆင်ခြင်တုံတရားများကို ဖြစ်ပေါ်စေသောဦးနှောက် Rational Brain ဟု ခေါ်ဆိုကြသည်။ ထိုဦးနှောက်ကို သတ္တဝါတို့တွင် အဆင့်အမြင့်ဆုံးဖြစ်သော လူသားများတွင်သာ တွေ့ရသည်။ အယဉ်စိတ်ဦးနှောက်ဟု ခေါ်ဆိုနိုင်မည်ဖြစ်သည်။

အရိုင်းစိတ်ဦးနှောက်နှင့် အယဉ်စိတ်ဦးနှောက်တို့သည် ဖြစ်ပေါ်စေသောစိတ်များ မတူညီသလို အလုပ်လုပ်ရာတွင်လည်း တစ်ခုနှင့်တစ်ခု အားပြိုင်နေကြသည်။ တစ်ချိန်တွင် တစ်ခုကသာ လွှမ်းမိုးအလုပ်လုပ်ကြသည်။ အရိုင်းစိတ်ဦးနှောက် တက်ကြွနေချိန်တွင် အယဉ်စိတ်ဦးနှောက်သည် အလုပ်လုပ်ခွင့် မရချေ။ ထို့အတူ အယဉ်စိတ်ဦးနှောက်သည်လည်း အရိုင်းစိတ်ဦးနှောက် အလုပ်လုပ်ခွင့်မရအောင် လွှမ်းမိုးထားနိုင်သည်။ အရိုင်းစိတ်ဦးနှောက်က အနိုင်ရသောအခါ လူသည် ရမ္မက်ဆန္ဒများစေရာနောက်သို့ လိုက်ပါသွားရသည်။ အကျိုးမဲ့သောရလဒ်များ ဖြစ်ပေါ်လာစေသည်။ အယဉ်စိတ်ဦးနှောက်ကြောင့် လုပ်သင့်သောအလုပ်များကို လုပ်နိုင်ကြပြီး အပြစ်ကင်းသော၊ အကျိုးရှိသော ရလဒ်များကို ဖြစ်ပေါ်စေသည်။

တစ်ခါတစ်ရံတွင် အရိုင်းစိတ်ဦးနှောက်သည် ရုတ်တရက် ပြင်းထန်စွာပေါက်ကွဲထွက်ပေါ်လာပြီး ဦးနှောက်ကို အပိုင်စီးလိုက်သောအဖြစ်သည် လူသားတို့အကြားတွင် တွေ့ရတတ်သည်။ ထိုအချိန်တွင် ဆင်ခြင်တုံတရားကင်းမဲ့သော ကာယကံမှု၊ ဝစီကံမှုတို့ ထွက်ပေါ်လာပြီး နောက်ဆက်တွဲဆိုးကျိုးများနှင့် ရင်ဆိုင်ရတော့သည်။ ထိုအခြင်းအရာကို Emotional hijack ဟု ခေါ်ဆိုထားသည်။

ထို့ကြောင့် အရိုင်းစိတ်ဦးနှောက် အလုပ်လုပ်ခွင့်မရအောင် ကြိုတင်ကာကွယ်ထားရန် လိုအပ်လာသည်။ သို့ရာတွင် မည်သို့ ကာကွယ်တားဆီးကြမည်နည်း။

### သုတေသနအထောက်အထားများ

ဦးနှောက်၏အစိတ်အပိုင်းများနှင့် အလုပ်လုပ်ပုံများကို တိုင်းတာနိုင်သော functional MRI နည်းပညာကို ၁၉၉၀ ပြည့်နှစ်ဦးပိုင်းမှ စတင်အသုံးပြုလာကြသည်။ သံလိုက်ဓာတ် ပဲ့တင်ပြန်မှုကိုအခြေခံ၍ သွေးလှည့်ပတ်မှုကိုတိုင်းသော ထိုနည်းဖြင့် ဦးနှောက်အစိတ်အပိုင်းများ၏ တည်နေရာနှင့် အရွယ်အစားကိုသာမက သတိပဋ္ဌာန်ရှုမှတ်နေစဉ်လည်းကောင်း၊ ခံစားမှုများဖြစ်ပေါ်နေစဉ်လည်းကောင်း၊ လှုံ့ဆော်မှုများကို တုံ့ပြန်နေစဉ် လည်းကောင်း တက်ကြွစွာအလုပ်လုပ်နေသော ဦးနှောက်အစိတ်အပိုင်းများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

ထိုနည်းဖြင့် သတိပဋ္ဌာန်အားထုတ်ခြင်းဖြင့် ဦးနှောက်အလုပ်လုပ်ပုံပြောင်းလဲသွားပုံကို လေ့လာခဲ့ကြသည်။

သီးခြားစီပြုလုပ်သောလေ့လာချက် ၁၆ ခုတွင် သတိပဋ္ဌာန်အားထုတ်သူများသည် ဒေါသစိတ်များနှင့် စိတ်အလိုမကျမှုများကို ထိန်းချုပ်လာနိုင်ကြောင်းတွေ့ရသည်။

အမေရိကန်နိုင်ငံ University of California, School of Medicine မှပြုလုပ်သော တွေ့ရှိချက်တွင် သတိပဋ္ဌာန်အားထုတ်နေစဉ် အယဉ်စိတ်ဦးနှောက် Prefrontal Cortex သည် အားကောင်းစွာ အလုပ်လုပ်နေပြီး တစ်ချိန်တည်းမှာပင် အရိုင်းစိတ်ဦးနှောက် Amygdala သည် အစွမ်းမဲ့လျက်ရှိကြောင်း ဖော်ပြခဲ့သည်။ [ Psychological Science (2007). Vol:18, No:5, Pg 421-428] ဒေါက်တာ Sara Lazar (Harvard Medical School, Masschusetts) သည် စွဲမြဲစွာသတိပဋ္ဌာန်အားထုတ်သူများ၏ Prefrontal Cortex သည် အခြားသူများထက်ပိုမို၍ ထုထည်ကြီးမားကြောင်း ၂၀၀၅ ခုနှစ်တွင် တွေ့ရှိခဲ့သည်။ [Neuroreport, 2005 Nov 28: 16(17):1893-1897]. သူ၏ အခြားလေ့လာမှုတစ်ခုတွင်လည်း သတိပဋ္ဌာန်အားထုတ်သူများ၏ Amygdala သည် အားထုတ်ခြင်းမရှိသူများထက် အရွယ်အစားသေးငယ်ကြောင်း ဖော်ပြခဲ့သည်။

ထို့အပြင် သီးခြားစီလေ့လာသော အခြားလေ့လာမှုပေါင်း ၂၁ ခုကို သတိပဋ္ဌာန်အလေ့အကျင့်ရှိသူ လူပုဂ္ဂိုလ် ၃၀၀ တို့အပေါ်တွင် ပြုလုပ်ခဲ့ကြသည်။ ထိုသူများ၏ ဦးနှောက်တွင် ဆဲလ်အချင်းချင်းဆက်သွယ်သော ကွန်ရက်များသည် အခြားသူများထက် ပိုမိုများပြားကြောင်း တညီတညွတ်တည်း ဖော်ပြကြသည်။

တွေ့ရှိကြသမျှသော အထောက်အထားများအားလုံးသည် တစ်ခုတည်းသောအချက်ကို ဖော်ပြနေသည်။ သတိပဋ္ဌာန်ကို စွဲမြဲစွာအားထုတ်ခြင်းသည် အရိုင်းစိတ်ဖြစ်ပေါ်မှုကို တားဆီးထားနိုင်သည်ဟူသော အချက်ဖြစ်သည်။

### ရှုမှတ်ကြပုံ

သုတေသနတွင် ပါဝင်သူအားလုံးသည် ဗုဒ္ဓမြတ်စွာ၏ ဝိပဿနာရှုနည်းကိုအခြေခံ၍ ရှုမှတ်ကြသည်။

ပါမောက္ခဒေါက်တာ John Kabat-Zinn (၁၉၉၄) က သတိပဋ္ဌာန်ရှုမှတ်ခြင်းကို ဤသို့ အဓိပ္ပာယ်သတ်မှတ်သည်။ "လတ်တလော ကိုယ်နှင့်စိတ်တို့တွင် ဖြစ်ပေါ်လာသော အာရုံများ၊ ခံစားမှုများနှင့် ဝေဒနာများကို အကောင်း၊ အဆိုး မဝေဖန်ဘဲ ပေါ်သည့်အခိုက်တွင် သိရှိနေရန် အားထုတ်ခြင်း"ဟု ဖြစ်သည်။

ဒေါက်တာ J A Brewer (2011) Yale University, School of Medicine သည် R A I N ဟု သူအတိုကောက် ခေါ်ဆိုထားသောနည်းကို အသုံးပြုခဲ့သည်။

Recognize: ဖြစ်ပေါ်လာသောခံစားမှုများနှင့် ဝေဒနာများကို သိရှိနေစေခြင်း၊

Accept: ဖြစ်ပေါ်လာသောခံစားမှုများနှင့်ဝေဒနာများကို ငြင်းပယ်ရန်၊ လမ်းလွှဲရန် မကြိုးစားဘဲ လက်ခံနေစေခြင်း၊

Investigate: ဖြစ်ပေါ်လာသော ခံစားမှုများနှင့် ဝေဒနာများ၏ သဘောသဘာဝကိုသိရှိနေစေခြင်း၊

Note: ဖြစ်ပေါ်လာသော ခံစားမှုများနှင့် ဝေဒနာများ၏ ခေတ္တဖြစ်သောသဘော၊ အကောင်အထည်မရှိသောသဘောကို သိရှိနေစေခြင်းတို့ ဖြစ်သည်။

ဒေါက်တာMetthew D. Lieberman (2007) University of California, Los Angeles ကမူ Affect labeling ဟု အမည်ပေးထားသောနည်းကို အသုံးပြုခဲ့သည်။ ကိုယ်နှင့်စိတ်တို့တွင် ဖြစ်ပေါ်လာသော အာရုံများ၊ ခံစားမှုများနှင့် ဝေဒနာများကို ဖြစ်ပေါ်သည့်အခိုက် စကားလုံးများဖြင့် စိတ်ထဲတွင် ရွတ်ဆိုစေ၍ ရှုမှတ် စေခဲ့သည်။ အာရုံထဲတွင် တစ်စုံတစ်ခုကိုမြင်လျှင် မြင်တယ် မြင်တယ်ဟု လည်းကောင်း၊ အသံတစ်ခုကြားလျှင် ကြားတယ် ကြားတယ်ဟု လည်းကောင်း၊ ခြေ၊ လက်များ ထုံကျဉ်လျှင် ထုံတယ် ထုံတယ်ဟုလည်းကောင်း ရှုမှတ်စေခဲ့သည်။

နှစ်ဦးစလုံး၏နည်းများသည် ထိရောက်မှုရှိကြောင်း တွေ့ရှိခဲ့ကြသည်။

### သတိပဋ္ဌာန်နှင့် တို့မြန်မာ

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ကျော်က ဗုဒ္ဓမြတ်စွာဟောကြားတော်မူခဲ့သော သတိပဋ္ဌာန်ကျင့်စဉ်ကို ယနေ့ခေတ် အနောက်နိုင်ငံများတွင် စတင်ကျင့်သုံးနေကြပြီဖြစ်သည်။ ပြုလုပ်သင့်သည့် အလေ့အကျင့်တစ်ရပ်ထက် ပြုလုပ်ရမည့်အလေ့အကျင့်အဖြစ် စတင်လက်ခံလာကြပြီဖြစ်သည်။ သို့သော် သူတို့သိရှိကြသမျှသည် သတိပဋ္ဌာန်ရွှေတောင်ကြီး၏ မျက်နှာပြင်ကို စူးတစ်ချောင်းဖြင့် ခြစ်မိရုံမျှသောပမာဏကို တွေ့ရှိကြခြင်းဖြစ်သည်။

စာရေးသူတို့ မြန်မာလူမျိုးတို့သည် မြင့်မြတ်သော သတိပဋ္ဌာန်တရားတော်ကြီး၏ အကျိုးကျေးဇူးကြီးမားပုံကို ငယ်စဉ်တောင်ကျေး ကလေးဘဝမှစတင်၍ ထိတွေ့နားလည်လာခဲ့ကြသည်။ ယနေ့အချိန်တွင် မှန်ကန်သော နည်းလမ်းများဖြင့် ထိရောက်စွာအားထုတ်နိုင်ရန် ညွှန်ပြပေးနေသော ရိပ်သာပေါင်းများစွာလည်း ရှိနေသည်။ အရိုင်းစိတ်၏ လွှမ်းမိုးမှုကို ကာကွယ်ထားနိုင်သော နည်းလမ်းသည် လက်တစ်ကမ်းတွင် ရှိနေသည်။

ဤဆောင်းပါးဖြင့် မျှဝေလိုသည်မှာ သတိပဋ္ဌာန်အားထုတ်ခြင်းကို စွဲမြဲစေခြင်းဖြင့် ဘုရားရှင်အဆူဆူတို့ ဆုံးမတော်မူခဲ့သည့်အတိုင်း မကောင်းမှုများကိုရှောင်၍ ကောင်းမှုများကိုဆောင်ကာ မိမိစိတ်ကို ဖြူစင်အောင်ထားနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

# မြန်မာနိုင်ငံနှင့် အသည်းရောင် အသားဝါ ဒီ ရောဂါ




ဒေါက်တာဝင်းအောင် (သုတေသီ)
မြန်မာအသည်းဖောင်ဒေးရှင်း

ကမ္ဘာပေါ်တွင် အသည်းရောင် အသားဝါရောဂါကို ဖြစ်စေပြီး လူသားများ၏ ကျန်းမာရေးကို ထိခိုက်စေသည့် ဗိုင်းရပ်စ်ရောဂါပိုး ငါးမျိုး ရှိပါသည်။ အေ၊ ဘီ၊ စီ၊ ဒီနှင့် အီးရောဂါပိုးတို့ ဖြစ်ပါသည်။ ရောဂါပိုး အေနှင့်အီးတို့သည် ရေနှင့် အစားအသောက်တို့မှတစ်ဆင့်လည်းကောင်း၊ ရောဂါပိုး ဘီ၊ စီနှင့် ဒီတို့သည် အရေပြားဖောက်ခြင်း၊ သွေးနှင့် လိင်ဆက်ဆံခြင်းတို့မှတစ်ဆင့်လည်းကောင်း၊ ကူးစက်တတ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၃၂၅ သန်းသော လူသားများသည် အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ရောဂါပိုးများ ကူးစက်ခြင်းကို ခံစား လျက်ရှိကြရပြီး နှစ်စဉ် ၁ ဒသမ ၃၄ သန်းသည် ပြင်းထန်သော အသည်းရောင်ခြင်းနှင့် နောက်ဆက်တွဲ အသည်းခြောက်၊ အသည်းကင်ဆာတို့ကြောင့် အသက်ဆုံးရှုံးလျက်ရှိကြောင်းနှင့် အသည်းရောင် အသားဝါ အေပိုး၊ ဘီပိုး၊ စီပိုး၊ ဒီပိုးနှင့် အီးပိုး ခံစားကူးစက်ခံနေရသော လူနာပေါင်းမှာ ၁ ဒသမ ၅ သန်း၊ ၂၅၇ သန်း၊ ၇၁ သန်း၊ ၁၅ သန်းနှင့် သန်း ၂၀ ခန့်အသီးသီးရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် အသည်းရောင် အသားဝါရောဂါကို ဖြစ်စေသော ဗိုင်းရပ်စ်ပိုးများမှာ အေ၊ ဘီ၊ စီနှင့် အီးဟူ၍ လေးမျိုးသာ ရှိခဲ့ပါသည်။ သုတေသနပြု လေ့လာတွေ့ရှိချက်များအရ ဗိုင်းရပ်စ်ပိုး အေ ကူးစက်မှုသည် အသက် ၁၄ နှစ် အရွယ်တွင် ၁၀၀ ရာခိုင်နှုန်း (၁၉၉၁ ခုနှစ်)နှင့် ဗိုင်းရပ်စ်ပိုး အီးသည် ၂၉ ရာခိုင်နှုန်း (၂၀၀၈ ခုနှစ်) ရှိကြောင်းကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကွင်းဆင်း စစ်တမ်းကောက်ယူချက်များအရ ဗိုင်းရပ်စ်ပိုး ဘီနှင့် စီ ကူးစက်မှုနှုန်းများသည် ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂ ဒသမ ၆၅ ရာခိုင်နှုန်း အသီးသီးရှိကြောင်းကိုလည်းကောင်း သိရှိရပါသည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ သုတေသီများသည် ပြည်သူလူထုအတွင်း အသည်းရောင် အသားဝါ ဒီပိုးကူးစက်ဖြစ်ပွားမှုကို ၁၉၉၉ ခုနှစ်မှစတင်၍ ဆယ်စုနှစ်သုံးခု စောင့်ကြည့် သုတေသနပြုလေ့လာခဲ့ရာ ၂၀၁၃ ခုနှစ်အထိ မြန်မာနိုင်ငံတွင် ဒီဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှု လုံးဝမရှိသေးကြောင်း တွေ့ရှိခဲ့ရပါသည်။

သို့သော် မျှားမကြာမီ အချိန် ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်မြို့ ဒဂုံမြို့နယ် ဆေးသုတေသနဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ (၄၇)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံတွင် ဆေးသုတေသနဦးစီးဌာနမှ သုတေသီပညာရှင်တစ်ဖွဲ့မှ တင်သွင်းပြသခဲ့သော သုတေသနတွေ့ရှိချက် ပိုစတာစာတမ်းတစ်ခုအရ ၂၀၁၈ ခုနှစ်အတွင်း ခုတင် ၅၀၀ ဆံ့ ရန်ကုန်အထူးကုဆေးရုံကြီး အသည်းရောဂါဌာနတွင် တက်ရောက်ကုသလျက်ရှိသော အသည်းရောင် အသားဝါ ဘီပိုးရှိသော လူနာ ၂၂၉ ဦးအနက် တစ်ဦးတွင် အသည်းရောင် အသားဝါ ဒီပိုး (Hepatitis D Virus-HDV) ကူးစက်ခံထားရသည့် အထောက်အထား ဒီပိုး ပဋိပစ္စည်း (IgG Anti HDV antibody)ကို ELISAနည်းပညာဖြင့် စမ်းသပ်စစ်ဆေးတွေ့ရှိခဲ့ကြောင်း တင်ပြထားပါသည်။ အထက်ပါကဲ့သို့ စမ်းသပ်တွေ့ရှိချက်သည် မြန်မာနိုင်ငံတွင် အသည်းရောင် အသားဝါ ဒီပိုး ကူးစက်ခံထားရသော လူနာကို ပထမဦးဆုံးတွေ့ရှိချက် ဖြစ်ကြောင်း မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့အချိန်တွင် မြန်မာနိုင်ငံ ပြည်သူလူထုအနေဖြင့် အသည်းရောင် အသားဝါ ဒီ ရောဂါအကြောင်း၊ ကူးစက်ပုံနှင့် ကာကွယ်ခြင်းနည်းများကို သိရှိကြရန်လိုအပ်မည်ဖြစ်ပါ၍ အဆိုပါ ဒီ ပိုးနှင့်ပတ်သက်သော သိကောင်းစရာများကို တင်ပြလိုက်ရပါသည်။

## အသည်းရောင် အသားဝါ ဒီ ဗိုင်းရပ်စ်ပိုးနှင့် ရောဂါ

အသည်းရောင် အသားဝါ ဒီ ဗိုင်းရပ်(စ်) ပိုး ကူးစက်ခံရခြင်းကြောင့် ဖြစ်ပေါ်လာသော အသည်းရောဂါကို အသည်းရောင် အသားဝါ ဒီ ရောဂါဟု ခေါ်ပါသည်။ ဒီ ဗိုင်းရပ်စ်ပိုးကို ၁၉၇၇ ခုနှစ်တွင် အီတလီမှ သုတေသနပညာရှင် Mario Rizzetto က စတင် တွေ့ရှိခဲ့ပါသည်။ HDV ခေါ် Delta virus သည် RNA ဗိုင်းရပ်စ်ပိုးဖြစ်ပြီး အရွယ်အစားအားဖြင့် 36 mm ရှိပါသည်။ အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ပိုး ငါးမျိုးအနက်တွင် အသေးငယ်ဆုံး ပိုးဖြစ်ပြီး မျိုးရိုးဗီဇ Genome Size 1.7 kb နှင့် ဖွဲ့စည်းထားသည်။ မျိုးကွဲပေါင်း ရှစ်ခုခန့်ရှိသော်လည်း Genotypes (1,2,3) သုံးမျိုးသာလျှင် ဖြစ်ပွားမှုနှုန်းများပြားပြင်းထန်ပါသည်။ ဒီ ပိုး၏ အပြင်အပေါ်ယံတွင် (ဘီပိုးမှရရှိထားသော) ပိုးအခွံရှိပါသည်။ ဒီ ပိုး၏ထူးခြားချက်မှာ လူ၏ခန္ဓာကိုယ်သွေးအတွင်းတွင် အသည်းရောင် အသားဝါ ဘီပိုးရှိမှသာ အသက်ရှင်ရပ်တည်ကူးစက်မှု ဖြစ်စေနိုင်ပါသည်။ အကြောင်းရင်းမှာ ဒီ ပိုး၏ အတွင်းရှိ မျိုးဗီဇ RNA ကို ဖုံးအုပ်ရန် လိုအပ်သော ပြင်ပပိုးအခွံ (Envelop) မရှိသည့်အတွက် လိုအပ်သည့်ပိုးအခွံကို အသည်းရောင် အသားဝါ ဘီ ပိုး၏ ပြင်ပပိုးအခွံဖြစ်သော HBsAg ကို ရယူအသုံးပြုရပါသည်။ HDV ဗိုင်းရပ် ဒီ ပိုးသည် ဘီ ပိုးရှိမှသာ ရပ်တည်၊ ပွားများ၊ ကူးစက်နိုင်ပါသည်။ ထို့ကြောင့် ဒီ ပိုးကို Defective Virus (ချို့ယွင်းမှုရှိသော ဗိုင်းရပ်စ်)ဟု သတ်မှတ်ကြပါသည်။

## ဖြစ်ပွားမှုနှုန်းနှင့် ဖြစ်ပွားရာဒေသများ

အသည်းရောင် အသားဝါ ဒီ ရောဂါသည် ဘီ ရောဂါနှင့် လုံးဝဆက်စပ်နေခြင်းကြောင့် ကမ္ဘာပေါ်တွင် ဘီ ရောဂါ ဖြစ်ပွားမှုနှုန်းနှင့် လုံးဝနီးနွှယ်လျက်ရှိပါသည်။ WHO ၏ ၂၀၁၅ ခုနှစ်အတွင်း ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် နာတာရှည် အသည်းရောင်ရောဂါ ဘီပိုး ခံစားနေရသူ ဦးရေ၏ ငါးရာခိုင်နှုန်းသော ဘီပိုးရှိလူနာများဖြစ်သည့် လူဦးရေ ၁၅ သန်းမှ သန်း ၂၀ ခန့်သည် ဒီ ပိုးကူးစက်ခံနေရသည်ဟု ခန့်မှန်းရပါသည်။ ဖြစ်ပွားမှုနှုန်းများသည့်ဒေသများမှာ အာဖရိကအနောက်ပိုင်း၊ မြေထဲပင်လယ်ဒေသ၊ အရှေ့အလယ်ပိုင်း၊ အာရှတိုက်အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် တချို့သောပစိဖိတ်ဒေသများတွင် ဖြစ်ပါသည်။ အမေရိကန်နှင့် ဥရောပမြောက်ပိုင်းဒေသများတွင် ဖြစ်ပွားမှုနှုန်း အလွန်နည်းပါးသည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယတွင် ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ်တွင် ၂၄ ဒသမ ၄ ရာခိုင်နှုန်း၊ ဗီယက်နမ်တွင် ၁ ဒသမ ၃ ရာခိုင်နှုန်း၊ မွန်ဂိုလီးယားတွင် ၆ ဒသမ ၁ ရာခိုင်နှုန်းနှင့် အီရန်တွင် ၅ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးရှိကြကြောင်း တွေ့ရှိရပါသည်။

## ရောဂါပိုးကူးစက်ပုံ

ဘီရောဂါပိုး ကူးစက်နည်းအတိုင်း သွေး၊ အရေပြားဖောက်နှင့် လိင်ဆက်ဆံခြင်းမှတစ်ဆင့် ကူးစက်တတ်ပါသည်။ သို့သော် မိခင်မှကလေးသို့ မီးဖွားစဉ် ကူးစက်ခြင်းမရှိပါ။ ရေ၊ အစားအသောက်မှတစ်ဆင့် ကူးစက်ခြင်းလည်း လုံးဝမရှိပါ။ အသည်းရောင်အသားဝါ ဒီပိုးကူးစက်ပုံ နှစ်မျိုး ရှိပါသည်။ ပထမကူးစက်ပုံမှာ Co-Infection ဟု ခေါ်သည့် ဘီပိုးနှင့်အတူ တစ်ပါတည်း ကူးစက်ခံရခြင်း ဖြစ်ပါသည်။ ဒုတိယနည်းမှာ ယခင် ဘီပိုးရှိနှင့်ပြီး လူနာများတွင် ဒီ ပိုး နောက်ထပ် ထပ်ဆင့်ကူးစက်ခံရခြင်း ဖြစ်ပါသည်။ Super-infection ဟု ခေါ်ပါသည်။

## ကူးစက်နိုင်ခြေရှိသူများ

ဗိုင်းရပ်စ် ဘီပိုးကူးစက်နိုင်ခြေရှိသူများအတိုင်း ဖြစ်ပါသည်။ အသည်းရောင် အသားဝါ ဒီ ပိုး ရှိနိုင်သူများမှာ မူးယစ်ဆေးသုံးစွဲသူ (PWID)၊ လိင်တူဆက်ဆံနေကြသော ယောက်ျားများ(MSM)၊ ကျောက်ကပ်ဆေးခြင်း ခံယူနေသူများ၊ လိင်ဆက်ဆံဖော်များသူ၊ ခုခံအားကျရောဂါ ခံစားနေရသူများ၊ ဘီပိုးကာကွယ်ဆေးထိုးသော်လည်း ဆေးမအောင်သူများနှင့် ဒီ ပိုးရောဂါဖြစ်ပွားမှုနှုန်းများပြားသောဒေသမှ ဝင်လာ၊ ပြန်လာသူများတွင် ကူးစက်ခံရနိုင်ခြေများပါသည်။

## ရောဂါလက္ခဏာများ

ဘီပိုးရောဂါပိုး ကူးစက်ခံရသည့်အတိုင်း ဖြစ်ပါ သည်။ ရောဂါပိုးဝင်ရောက်ပြီး ရောဂါပျိုးချိန် သုံးပတ်မှ ငါးလအထိ ရှိပါသည်။ ဘီပိုးနှင့်အတူ တစ်ပြိုင်တည်း ကူးစက်ခံရသူများတွင် ရောဂါပြင်းထန်မှု နည်းပါးသည်။ Fulminant Hepatitis ခေါ် ချက်ချင်းပြင်းထန် အသည်းရောင် ဖြစ်နိုင်ခြေ ၁၀ ရာခိုင်နှုန်းခန့် ရှိပါသည်။ ဘီပိုး တစ်မျိုးတည်းရှိသူများတွင် တစ်ရာခိုင်နှုန်း သာ ရှိပါသည်။ ဒီပိုးသည် ၉၀ ရာခိုင်နှုန်းသော လူနာများတွင် အလိုအလျောက် သွေးအတွင်းမှ ပျောက်သွားနိုင်ပြီး နာတာရှည် အသည်းရောင်ရောဂါဖြစ်ပွားနှုန်း လွန်စွာနည်းပါးသည်။ သို့သော် ယခင် ဘီပိုးရှိနှင့်ပြီးလူနာများတွင် ဒီပိုး နောက်ထပ် ထပ်ဆင့်ကူးစက်ခံရသူများသည် ပြင်းထန်အသည်းရောင်ရောဂါ ဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်း ရှိပါသည်။ ဒီပိုးသည် အလိုအလျောက် ပျောက်ကင်းနိုင်ခြင်းမရှိပါ။ ၉၀ ရာခိုင်နှုန်းသည် နာတာရှည်အသည်းရောင်ရောဂါ ဖြစ်ပွားနိုင်ပြီး အသည်းခြောက်၊ အသည်းကင်ဆာရောဂါများလည်း ဆက်လက်ဖြစ်ပွားနိုင်ခြေ ၇၀ ရာခိုင်နှုန်း ရှိပါသည်၊ (ဘီပိုးတစ်မျိုးတည်းရှိသူများတွင် ၂၅ ရာခိုင်နှုန်းသာ ရှိပါသည်)။ ထို့အပြင် ဘီပိုးတစ်မျိုးတည်းရှိ လူနာများထက်လည်း ၁၀ နှစ်ခန့်စော၍ အသည်း ခြောက်၊ အသည်းကင်ဆာဖြစ်ခြင်းတို့ ရှိနိုင်ပါသည်။

## ရောဂါရှိ၊ မရှိ စစ်ဆေးခြင်း

ဒီပိုး ကူးစက်ခံရပြီး မကြာမီရက်များအတွင်း လူနာ၏ သွေးတွင် ပထမဦးစွာ Anti-HDV IgM ပဋိပစ္စည်း ပထမဦးဆုံး ပေါ်ထွက်လာပြီး မကြာမီ ပျောက်ကွယ်သွားပါသည်။ ကူးစက်ခံရပြီး ၁၀ ပတ်ခန့်အကြာတွင်မှ Anti-HDV IgG ပဋိပစ္စည်း ပေါ်ထွက်လာပြီး လူနာ၏ ခန္ဓာကိုယ် သွေးအတွင်းတွင် ရာသက်ပန် အမြဲဆက်လက်ရှိနေသွားနိုင်ပါသည်။ ဒီပိုးရောဂါရှိ၊ မရှိ လူနာ၏သွေးတွင် ဒီပိုး ပဋိပစ္စည်း (Antibody) IgM (သို့မဟုတ်) IgG ကို ELISA နည်းဖြင့်လည်းကောင်း၊ ဒီပိုး (HDV RNA) စစ်ဆေးခြင်းကို PCR နည်းပညာဖြင့်လည်းကောင်း စစ်ဆေးသိရှိနိုင်ပါသည်။ ဒီပိုး ပွားများမှု ရှိ၊ မရှိနှင့် ရောဂါ၏အခြေအနေကို သိရှိနိုင်ရန်မှ ဘီပိုးအပေါ်ယံအခွံ (HBsAg) Titre ကို တိုင်းတာစမ်းသပ်ကြည့်ခြင်းဖြင့်လည်း သွယ်ဝိုက်၍သိရှိနိုင်ပါသည်။ ဘီပိုးတစ်မျိုးတည်း ကူးစက်ခံနေရသော လူနာများတွင် ရောဂါဝေဒနာ ပိုမိုဆိုးရွားလာပါကလည်း တခြားသော အသည်းရောင် အသားဝါပိုးများနှင့်အတူ ဒီပိုးစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်သင့်ပါသည်။

## ရောဂါကုသခြင်း

ယနေ့ထိတိုင် ဒီပိုးကို လုံးဝပျောက်ကင်းအောင် ကုသပေးနိုင်သည့် တိကျသည့်နည်းလမ်းနှင့် ကုသဆေး မရှိသေးပါ။ WHO မှလည်း တိကျသော လမ်းညွှန်ချက်များ ချမှတ်ထားခြင်း မရှိသေးပါ။ Pegylated Interferon Alpha ထိုးဆေးဖြင့် ၄၈ ပတ်ကြာ ကုသမှုပေးနိုင်ပါသည်။ သို့သော် ဒီပိုး RNA လုံးဝပျောက်ကင်းနိုင်ခြင်း (Sustained Virological Response-SVR) လုံးဝနည်းပါးပါသည်။

ဘီ ပိုးကို ထိရောက်စွာ ကုသပေးနိုင်သော လက်ရှိဆေးဝါး သစ်များသည် ဒီ ပိုးကို ကုသရာတွင်မှု ထိရောက်မှုမရှိပါ။ ဒီ ပိုးကူးစက်ခြင်း တစ်မျိုးတည်းကို ကာကွယ်နိုင်သော ကာကွယ်ဆေးလုံးဝမရှိသေးပါသဖြင့် ဘီပိုးရှိနှင့်ပြီးသော သူများတွင် ဒီ ပိုးထပ်မံ မကူးစက်ရလေအောင် သတိထားပြုမူနေထိုင်ဆောင်ရွက်ရပါမည်။ ဒီ ပိုးကူးစက်ခြင်း ခံရလျှင်လည်း နားလည်တတ်ကျွမ်းသော အထူးကု ဆရာဝန်ကြီးများနှင့် ပြသကုသမှု ခံယူရပါမည်။

## ရောဂါကာကွယ်ခြင်း

ဒီ ပိုးပျောက်ကင်းစေရန် ကုသနိုင်သည့် ဆေးဝါးနှင့် နည်းလမ်း ယနေ့ထိတိုင် တိကျစွာမရှိသေးသဖြင့် ရောဂါပိုး မကူးစက်စေရန် ကာကွယ်ခြင်းသည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ ဘီ ပိုးကူးစက်ထားခြင်း မရှိသေးသူများသည် ဘီ ပိုးကာကွယ်ဆေးချက်ချင်းထိုးပါ။ ဘီ ပိုးနှင့် ဒီ ပိုး ကူးစက်ခြင်းမခံရလေအောင် ကျန်းမာရေးအသိပညာပေး လမ်းညွှန်ချက်များအတိုင်း ပြုမူနေထိုင်လိုက်နာဆောင်ရွက်ပါ။ မလိုအပ်ဘဲ သွေးသွင်းခြင်း၊ ဆေးထိုးခြင်းနှင့် လိင်ဖက်ဖော်များခြင်းတို့ကိုလည်း ရှောင်ကြဉ်ရပါမည်။ ဘီပိုးကူးစက်ထားခြင်းရှိနေပြီးပါက ဒီ ပိုးထပ်မံ မကူးစက်ရလေအောင် ကျန်းမာရေးအသိပညာပေး လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်၊ ဘီပိုးကို (လိုအပ်လျှင်) အစွမ်းထက်သော ဆေးဝါးများဖြင့် စနစ်တကျ ကုသမှုကိုခံယူရန်၊ ဘီပိုးရောဂါကြောင့် ဝေဒနာခံစားနေရသူများသည် ရုတ်တရက် ပိုဆိုးရွားလာပါကလည်းကောင်း၊ အသည်းရောင်၊ အသည်းခြောက်ခြင်းတို့ ပိုမိုမြန်ဆန်လာပါကလည်းကောင်း မိမိတွင် ဒီ ပိုးအရင်ကတည်းက ရှိနေခြင်း (သို့မဟုတ်)နောက်ထပ် ကူးစက်ခံရခြင်းဖြစ်နိုင်သဖြင့် တတ်ကျွမ်းနားလည်သော ဆရာဝန်ကြီးများနှင့် ပြသ၍ ဆေးစစ်၊ ကုသမှု အမြန်ဆုံး ခံယူရန် လိုအပ်ပါသည်။

စာမျက်နှာ ၈ သို့

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် ၃၂၅ သန်းသော လူသားများသည် အသည်းရောင် အသားဝါ ဗိုင်းရပ်စ်ရောဂါပိုးများ ကူးစက်ခြင်းကို ခံစား လျက်ရှိကြရပြီး နှစ်စဉ် ၁ ဒသမ ၃၄ သန်းသည် ပြင်းထန်သော အသည်းရောင်ခြင်းနှင့် နောက်ဆက်တွဲ အသည်းခြောက်၊ အသည်းကင်ဆာတို့ကြောင့် အသက်ဆုံးရှုံးလျက်ရှိကြောင်းနှင့် အသည်းရောင် အသားဝါ အေပိုး၊ ဘီပိုး၊ စီပိုး၊ ဒီပိုးနှင့် အီးပိုး ခံစားကူးစက်ခံနေရသော လူနာပေါင်း မှာ ၁ ဒသမ ၅ သန်း၊ ၂၅၇ သန်း၊ ၇၁ သန်း၊ ၁၅ သန်းနှင့် သန်း ၂၀ ခန့်အသီးသီးရှိကြောင်း သိရှိရ**

# Digital Free to Air ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Fortune TV ၏ ပျော်ရွှင်ပါပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန်  ဖေဖော်ဝါရီ ၂၃**

Digital Free to Air ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Fortune TV ၏ ပျော်ရွှင်ပါပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ် ပေါ်ဆန်းမွှေးလမ်းရှိ The One Entertainment Park ၌ ကျင်းပသည်။

**ပဉ္စမမြောက်ဖြစ်**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မူလက နိုင်ငံပိုင်မီဒီယာ (သို့မဟုတ်)အစိုးရရုပ်သံလုပ်ငန်းများသာရှိခဲ့ရာမှ ပုဂ္ဂလိကနှင့်တွဲဖက်ပြီး ထုတ်လွှင့်သည့် ရုပ်သံလုပ်ငန်းအစီအစဉ်များ တိုးတက်လာပါကြောင်း၊ မကြာမီက ပုဂ္ဂလိကရုပ်သံလုပ်ငန်း ငါးခုကို ထုတ်လွှင့်နိုင်အောင် စီစဉ်ပေးခဲ့ပြီး အဆိုပါ ရုပ်သံအစီအစဉ် ငါးခုသည် တစ်ခုပြီးတစ်ခု ပေါ်ထွက်လာခဲ့ရာ ယနေ့ Fortune TV သည် ပဉ္စမမြောက်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Fortune Broadcasting Company Limited ဥက္ကဋ္ဌ ဦးမြဟန်က ဂုဏ်ပြုဆုမွန်စကား ပြောကြားကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ Fortune Broadcasting Company Limited ဥက္ကဋ္ဌ ဦးမြဟန်နှင့် တာဝန်ရှိသူတို့က Digital Free to Air ရုပ်သံလိုင်းတစ်ခုဖြစ်သည့် Fortune TV ၏ ပျော်ရွှင်ပါပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ထို့နောက် နိုင်ငံကျော်သရုပ်ဆောင်များ၊ အဆိုတော်များက ဖျော်ဖြေရေး အစီအစဉ်နှင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပခဲ့သည်။




ပြည်တွင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ လက်ရှိထုတ်လွှင့်နေသည့် Multi- Channel Playout System တွင် DVB–T 2 စနစ်ဖြင့် Digital Free to Air ရုပ်သံလိုင်းများ ထပ်မံဆောင်ရွက်နိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Content Provider ငါးဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၈ ခုနှစ်က သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

Fortune TV Digital Free to Air Channel ၏ စမ်းသပ်ထုတ်လွှင့်မှုကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်မှစတင်ပြီး တရားဝင်ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

Fortune TV သည် ပြည်သူများအတွက် အကျိုးပြုသည့် သုတ၊ ရသ ကဏ္ဍစုံဖြင့် မြန်မာတစ်နိုင်ငံလုံးသို့ Digital Free to Air ဖြင့် ဖျော်ဖြေတင်ဆက်ပေးနေသည့် ရုပ်သံလိုင်းတစ်လိုင်းဖြစ်သည်။

**သတင်းစဉ်**

# ဘုရင့်နောင်ဈေးကြီး ဈေးသူ ဈေးသားများ၏ (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန်  ဖေဖော်ဝါရီ ၂၃**

ဘုရင့်နောင်ဈေးကြီး(မော်တော်ယာဉ် အပိုပစ္စည်း ရောင်းဝယ်ရေးစခန်း)၏ (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ အဆိုပါဈေးကြီးအတွင်း၌ ကျင်းပသည်။

**စုပေါင်းသွေးလှူဒါန်း**

ဘုရင့်နောင်ဈေးကြီး စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရေးကော်မတီ နာယက ဦးခင်မောင်လွင်က "အခုလို စုပေါင်းသွေးလှူဒါန်းပွဲတွေလုပ်တာ ၁၅ နှစ်ရှိပါပြီ။ လှူဒါန်းမှုအကြိမ်ကတော့ အခုဆိုရင် (၁၇)ကြိမ်မြောက်ပါ။ တစ်နှစ်တည်းမှာ နှစ်ကြိမ်လုပ်ခဲ့တဲ့ နှစ်တွေ ရှိပါတယ်။ ဈေးသူ ဈေးသားတွေ စည်းစည်းလုံးလုံးနဲ့ သူတစ်ပါးအသက်ကို ကယ်တင်နိုင်အောင်ဆိုတဲ့ အနေနဲ့ အခုလို လှူဒါန်းကြတာပါ။ အစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ။ အခုလို လှူဒါန်းတဲ့အခါမှာတော့ သွေးအလှူတင်မဟုတ်ပါဘူး၊ လိုအပ်တဲ့နေရာမှာ အသုံးပြုနိုင်ဖို့ ငွေကြေးလှူဒါန်းမှုတွေလည်း လုပ်ပါတယ်"ဟု ပြောသည်။



အဆိုပါ သွေးလှူဒါန်းပွဲကို ဘုရင့်နောင်ဈေးကြီး သာယာရေးအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး လူနာများအတွက် လွယ်ကူစွာ သွေးရရှိစေရန်၊ သူတစ်ပါးအသက်ကို မိမိ၏သွေးဖြင့် ကယ်တင်နိုင်ရန်၊ ဈေးသူ ဈေးသားများ အချင်းချင်းစည်းလုံးညီညွတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် စုပေါင်း၍ လှူဒါန်းကြခြင်းဖြစ်သည်။

အမျိုးသားသွေးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးထွန်းက "အခုလို စုပေါင်းသွေးလှူဒါန်းပွဲတွေ စဉ်ဆက်မပြတ်လုပ်ပေးတဲ့အတွက် သွေးအလှူရှင်တွေလည်း တိုးလာပါတယ်။ တစ်ဦးချင်းလှူဒါန်းမှုတွေရှိသလို အသင်းအဖွဲ့တွေ၊ ကုမ္ပဏီတွေအနေနဲ့လည်း စုပေါင်းလှူဒါန်းကြတာကြောင့် ပြီးခဲ့တဲ့လကဆိုရင် ကျွန်တော်တို့ အမျိုးသားသွေးဌာနအနေနဲ့ သွေးအလှူရှင် ကိုးထောင်ကျော်လောက်ရခဲ့ပါတယ်။ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်မှ သွေးအလှူရှင် ကိုဇင်ကိုကိုက "နှစ်တိုင်းလာရောက်လှူဒါန်းဖြစ်ပါတယ်။ အခုဆိုရင် ခြောက်ကြိမ်ရှိပါပြီ။ ကိုယ့်ရဲ့သွေးနဲ့ သူတစ်ပါးအသက်ကို ကယ်ချင်တယ်။ မိဘတွေကိုလည်း ကုသိုလ်ရစေချင်လို့ပါ။ နောက်နှစ်တွေမှာလည်း လှူသွားမှာပါ"ဟု ပြောသည်။

**(၁၇)ကြိမ်မြောက် လှူဒါန်း**

ယနေ့လှူဒါန်းမှုအနေဖြင့် သွေးပုလင်းပေါင်း ၂၆၇ ပုလင်းနှင့် ဈေးသူ ဈေးသားများ၏ စုပေါင်းလှူဒါန်းငွေ ၁၇၀၃၀၀၀ ကို လှူဒါန်းနိုင်ခဲ့သည်။ ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို ၂၀၀၄ ခုနှစ်မှစတင်၍ ပြုလုပ်ခဲ့ရာ ၁၅ နှစ်တာကာလအတွင်း (၁၇)ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့ပြီး သွေးပုလင်းပေါင်း ၄၆၀၅ ပုလင်းနှင့် ဈေးသူ ဈေးသားများ၏ စုပေါင်းလှူဒါန်း ငွေကျပ် သိန်း ၃၃၀ ကျော်ကို အမျိုးသားသွေးဌာနသို့ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- ဇော်ကြီး**

❍ စာမျက်နှာ ၇ မှ

**အသည်းရောင် ဒီ ပိုးနှင့် အနာဂတ်အလားအလာ**

ကမ္ဘာတစ်ဝန်းတွင် အစွမ်းထက်သော ဘီပိုးကာကွယ်ဆေး၏ ထိုးနှံလွှမ်းခြုံမှု ထိရောက်ခြင်းကြောင့် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် နိုင်ငံတကာတွင် အသည်းရောင် အသားဝါ ဘီပိုးဖြစ်ပွားမှုနှုန်း ကျဆင်းလာခြင်းနှင့်အတူ အသည်းရောင် ဒီပိုး ဖြစ်ပွားနှုန်းသည်လည်း ကျဆင်းလာနေပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရမှ ၂၀၀၃ ခုနှစ်မှစတင်၍ မွေးကင်းစများအပါအဝင် ကလေးငယ်များ တိုးချဲ့ကာကွယ်ဆေးထိုးနှံခြင်းစီမံချက်တွင် ဘီပိုးကာကွယ်ဆေးထိုးနှံခြင်းကို ထည့်သွင်းဆောင်ရွက်ထားပြီးဖြစ်၍ ဘီပိုးကူးစက်မှုနှုန်းများ ဆက်လက်၍ကျဆင်းလာနေမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် အသည်းရောင်အသားဝါရောဂါများကို ထိထိရောက်ရောက် တိုက်ဖျက်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အမျိုးသားအသည်းရောင်အသားဝါရောဂါ ကာကွယ်ထိန်းချုပ်ရေးစီမံချက် (National Hepatitis Control Program – NHCP) ကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလကတည်းက "အသည်းရောင်ရောဂါရှိနေသူများကို အန္တရာယ်ကင်း၍ ထိရောက်သော ကုသမှုများကို လက်လှမ်းမီရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ရောဂါကူးစက်မှုကို ရပ်တန့်အောင်ပြုလုပ်ကာ ဗိုင်းရပ်စ်ပိုး အသည်းရောဂါများမှ လုံးဝကင်းစင်စေရန်" မျှော်မှန်းချက် (vision) ထားရှိလျက် စတင်တည်ထောင်ဖွဲ့စည်းခဲ့ပြီး ရောဂါကာကွယ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ ကုသခြင်း လုပ်ငန်းများကို သက်ဆိုင်ရာနီးနွယ်ဝန်ကြီးဌာနများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော ကျန်းမာရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း အသည်းရောင်အသားဝါ ဘီရောဂါဖြစ်ပွားမှုနှုန်းသည် ယနေ့ ယခုအချိန်တွင် သိသိသာသာ ကျဆင်းလာနေပြီ ဖြစ်ပါသည်။ ဘီပိုးဖြစ်ပွားမှုနှုန်း ကျဆင်းလာခြင်းနှင့်အတူ ဒီပိုး ဖြစ်ပွားမှုနှုန်းလည်း လျော့ပါးသွားမည်ဖြစ်ပါသည်။

**နိဂုံး**

ယခု ဆောင်းပါးတင်ပြရခြင်းသည် မြန်မာနိုင်ငံတွင် ယခင်က ကူးစက်ခဲ့ဖူးခြင်းမရှိသေးသော အသည်းရောင်အသားဝါ ဒီ ရောဂါအကြောင်းကို မိဘပြည်သူများ ဗဟုသုတအဖြစ် သိစေလိုခြင်းဌာသာဖြစ်ပါသည်။ ယခုကဲ့သို့ အသည်းရောင်အသားဝါ ဒီ ပိုးကို မြန်မာနိုင်ငံတွင် စတင်တွေ့ရှိခြင်းအတွက် မိဘပြည်သူများအနေဖြင့် အထူးစိုးရိမ်ထိတ်လန့်ရန် မလိုပါ။ အဘယ်ကြောင့်ဆိုသော် ယခု ဒီ ပိုး ကူးစက်ခံထားရသူအား စမ်းသပ်တွေ့ရှိခြင်းသည် လူနာ ၂၂၉ ဦးတွင်ဖြစ်ရာ ဖြစ်ပွားမှုနှုန်းအားဖြင့် သုညဒသမ ၄ ရာခိုင်နှုန်းသာလျှင်ရှိခြင်းကြောင့် နိုင်ငံ၏ ဘီ ပိုးဖြစ်ပွားမှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်း အတိုင်းအတာဖြင့် တွက်ချက်ကြည့်ပါက တစ်နိုင်ငံလုံး ဒီ ပိုးကူးစက်ခံထားရသူ ၁၀၀၀၀ ခန့်သာရှိမည်ဟု ခန့်မှန်းရပါသည်။ ထို့ကြောင့် နိုင်ငံအတွက် ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာနိုင်ခြေ လုံးဝမရှိနိုင်ပါ။ သုတေသီများကလည်း အသည်းရောင်အသားဝါ ဒီ ပိုးဖြစ်ပွားနှုန်းကို နှစ်စဉ်မျက်ခြည်မပြတ် ဆက်လက်စောင့်ကြည့်ခြင်း၊ အတည်ပြုစမ်းသပ်ခြင်း၊ ပြည်သူလူထုများအပေါ်တွင် လည်းကောင်း၊ ကူးစက်ဖြစ်ပွားနိုင်ခြေ ပိုမိုများသော လူနာများအပေါ်တွင် လည်းကောင်း ထပ်မံစမ်းသပ်သုတေသနပြုခြင်းတို့ကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အဖြစ် အကြံပြုလိုသည်မှာ မိဘပြည်သူများသည် မိမိတွင် ဘီပိုးရှိ၊ မရှိ သွေးစစ်ဆေးစမ်းသပ်မှုခံယူပြီး ဘီပိုးမရှိပါက ဘီပိုးကာကွယ်ဆေး ချက်ချင်းထိုးနှံမှုခံယူခြင်း၊ ကျန်းမာရေးအသိဖြင့် မလိုအပ်ဘဲ သွေးသွင်းခြင်း၊ ဆေးထိုးခြင်းနှင့် လိင်ဖက်ဖော်များခြင်းတို့ကို ရှောင်ကြဉ်ခြင်းဖြင့် အသည်းရောင် အသားဝါရောဂါ ဒီပိုး ကူးစက်ခံရခြင်းမှ အောင်မြင်စွာ ကာကွယ်နိုင်ပါကြောင်း အသိပေးတင်ပြလိုက်ရပါသည်။ ။

**မှီငြမ်း**

- WHO Global Hepatitis Report ( 2017 )
- WHO Fact Sheet (23 July 2018)
- Program and Abstracts , 47th MHR Congress (2019)

# ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမကြီးပေါ်၌ Line Walker-2 ရုပ်ရှင်ဇာတ်ဝင်ခန်းအချို့ဆက်လက်ရိုက်ကူး

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ရန်ကုန်မြို့ကျောက်တံတားမြို့နယ်ရှိ ဆူးလေဘုရားလမ်းမကြီးပေါ်၌ ယနေ့ နံနက်ပိုင်းက Line Walker-2 ရုပ်ရှင်ဇာတ်ကားဇာတ်ဝင်ခန်းအချို့ဆက်လက်ရိုက်ကူးလျက်ရှိသည်။

ယနေ့ရိုက်ကူးရာတွင် ရဲတပ်ဖွဲ့နှင့် ဒုစရိုက်ဂိုဏ်းသားများ အပြန်အလှန် သေနတ်ပစ်ခတ်မှုများ၊ ရဲတပ်ဖွဲ့ဝင်များကို မော်တော်ယာဉ်များဖြင့် ဝင်ရောက်တိုက်ခိုက်မှုများ စသည့် ဇာတ်ဝင်ခန်းများ ပါဝင်သည်။

**ရုပ်ရှင်ရိုက်ကူးဖို့အထူးထုတ်လုပ်ထား**

ဇာတ်ဝင်ခန်းပါ လက်နက်၊ ခဲယမ်းများနှင့် ပတ်သက်၍ Yangon Synthesis Productions ကုမ္ပဏီ၏ အကြံပေးပုဂ္ဂိုလ် ရဲမှူးချုပ်ဝင်းခေါင် (ငြိမ်း)က “သူတို့လက်နက်ကို သွင်းယူလာတာကနေ ရဲစခန်းမှာ ထိန်းချုပ်ပေးပြီး ထုတ်ပေးသည်အထိ ရှင်းပြခဲ့ပြီးပါပြီ။ လက်နက်တွေနဲ့ပတ်သက်ပြီး ပြင်ပမှာပြောနေတဲ့ ကောလာဟလတွေက မှားယွင်းနေတာလေးတွေ ပါနေတယ်။ လက်နက်အစစ်ဆိုတာ မှန်တော့ မှန်တယ်၊ အလေးချိန်တွေ၊ သူ့ရဲ့ စက်အစိတ်အပိုင်းလှုပ်ရှားမှုတွေ အကုန်လုံးက လက်နက်အစစ်ပဲ။ သို့သော်လည်း ဒါက ရုပ်ရှင်ရိုက်ကူးရေးမှာ အသုံးပြုဖို့အတွက် အထူးထုတ်လုပ်ထားတဲ့ လက်နက်အမျိုးအစား ဖြစ်ပါတယ်။ ဒါတွေက ဟောလိဝုဒ်တို့ အပါအဝင် နိုင်ငံတကာ ရုပ်ရှင်လောကမှာ သုံးနေတာတော့ကြာပြီ။ ကျွန်တော်တို့ဆီမှာတော့ အသုံးမပြုသေးဘူး။ ဒီလက်နက်တွေက ရုပ်ရှင်ရိုက်ကူးဖို့ အထူးထုတ်လုပ်ထားတာ ဖြစ်တဲ့အတွက် ဗလာကျည်နဲ့ပဲ ထည့်ပစ်လို့ရတယ်။ ဗလာကျည်နဲ့ ပစ်လိုက်တဲ့ကျည်က ထိပ်ဖူးမပါဘူး။

**လက်နက်ရဲ့ဘေးကင်းလုံခြုံမှု**

ကျည်စစ်ကျည်မှန်နဲ့ ပစ်သလို သူ့ရဲ့ မောင်းပြန်ကန်အားတွေ၊ ပုံစံတူဖြစ်အောင် အကုန်လုပ်ထားတာ။ ရှေ့ဘက်ကနေ မီးထွက်တာကအစ အတူတူပဲ။ ဒါပေမယ့် လူကို အန္တရာယ်ဖြစ်စေနိုင်တဲ့ ခဲယမ်းကို ထည့်ပစ်လိုက်မယ်ဆိုရင် အထဲဘက်က ပြောင်းက မခံနိုင်ဘူး။ ပေါက်ကွဲထွက်သွားလိမ့်မယ်။ ပစ်လို့မရအောင်ကို လုပ်ထားတာ။ ဒါကို ရုပ်ရှင်ရိုက်ကူးရေးအတွက် ထုတ်လုပ်တာ ဖြစ်တဲ့အတွက် ကျည်ဖူးထည့်ပစ်လို့ မရပါဘူး။ ဗလာကျည်နဲ့ပစ်တာ ဖြစ်ပါတယ်။ ဒါဟာ ပတ်ဝန်းကျင်ကို တည့်တည့်ချိန်ပစ်သော်လည်း သတ်မှတ်ထားတဲ့ အကွာအဝေးကနေ ပစ်ရင် ပတ်ဝန်းကျင်ကို အန္တရာယ်မဖြစ်စေနိုင်ပါဘူး။ ဒါအသုံးပြုတဲ့ လက်နက်ရဲ့ ဘေးကင်းလုံခြုံမှုပါပဲ။

**လိုက်ပါဆောင်ရွက်ပေး**

ဒီလက်နက်တွေက သူတို့ဆီမှာ ကျွမ်းကျင်တဲ့လက်မှတ်ရတဲ့ လူတွေကိုင်တာ၊ ဒီလက်နက်တွေကို လိုင်စင်ရှိပြီးသားသူတွေက ရုပ်ရှင်ရိုက်ကူးရေးအတွက် ငှားရမ်းတဲ့ လုပ်ငန်းကိုလုပ်တာ။ အဲဒီတော့ ဒီလုပ်ငန်းတစ်ခုကို ငှားရမ်းလိုက်ပြီဆိုတာနဲ့ အခကြေးငွေယူပြီး အကုန်လိုက်ပါဆောင်ရွက်ပေးတယ်။ အဲဒီလက်နက်ငှားရမ်းတဲ့လူတွေကိုယ်တိုင် သူတို့အကုန်လုံး အနီးကပ်ပါလာတယ်။

ပြီးတော့ သူတို့က လက်နက်ကို ဘယ်လိုပစ်ရတယ်၊ ဘယ်လိုကိုင်ရတယ်၊ ဘယ်လိုလုပ်ရတယ်၊ ဘယ်လို ထိန်းသိမ်းရတယ်ဆိုတဲ့ သဘောတရားကို သိနေပြီးသားဖြစ်တဲ့အတွက် လက်နက်ပစ်ခါနီး ကျည်ထိုးပေးတာတို့၊ လုံခြုံမှုခလုတ်ကို ပိတ်တာ၊ ထိန်းတာတွေကအစ စနစ်တကျ အကုန်လုံး အနီးကပ်ဆောင်ရွက်ပေးတာ ဖြစ်တဲ့အတွက် လက်နက်ထိန်းသိမ်းမှုနဲ့ပတ်သက်ပြီး လုံခြုံမှုရှိပါတယ်။ တစ်နည်းအားဖြင့် လက်နက်ကို ပစ်စလက်ခတ်ကိုင်နေတာလား၊ ဘယ်လိုကျွမ်းကျင်မှုတွေနဲ့ကိုင်ရသလဲဆိုတဲ့ အသိကိုပါ သိဖို့လိုပါတယ်” ဟု ပြောသည်။

**လေ့လာကြည့်ရှု**

ယနေ့ နံနက် ၈ နာရီမှစပြီး ညနေ ၅ နာရီအထိ ရိုက်ကူးရေးအတွက် ဇာတ်ဝင်ခန်းအပြင်အဆင်များနှင့်အတူ အက်ရှင်ဇာတ်ဝင်ခန်းအချို့ကို ရိုက်ကူးရေးအဖွဲ့သားများက တက်တက်ကြွကြွဖြင့် ရိုက်ကူးလျက်ရှိသည်ကို တွေ့ရသည်။

ရန်ကုန်မြို့လယ်ကောင် ဆူးလေဘုရားလမ်းမကြီးပေါ်တွင် ရိုက်ကူးနေသည့် ဇာတ်ဝင်ခန်းအချို့ကို စိတ်ဝင်စားစွာ လာရောက်လေ့လာကြည့်ရှုသူ ပြည်သူအများအပြား ရှိခဲ့သည်။ အဆိုပါဇာတ်ကားကို ယနေ့မှစ၍ ဖေဖော်ဝါရီ ၂၆ ရက်အထိ ရိုက်ကူးသွားမည်ဖြစ်ပြီး ရိုက်ကူးရာတွင် အပြန်အလှန် သေနတ်ပစ်ခတ်မှု၊ မော်တော်ယာဉ်များ အပြိုင်မောင်းနှင်မှု စသည့် ဇာတ်ဝင်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဆူးလေဘုရားလမ်းမကြီးအနီး ရိုက်ကူးရေးပြုလုပ်နေစဉ်အတွင်း နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ယာဉ်များကို သတ်မှတ်လမ်းကြောင်းများအတိုင်း လမ်းပိတ်လမ်းလွှဲများ ပြုလုပ်ထားသည်။

ရန်ကုန်မြို့၌ Line Walker-2 ရုပ်ရှင်ဇာတ်ဝင်ခန်းများ ရိုက်ကူးဆောင်ရွက်ရာတွင် အချိန်ပိုင်းလမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူသွားလာမှု အဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် အဆိုပါရုပ်ရှင်ရိုက်ကူးရေးအတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်နေသည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထားကြောင်း သိရသည်။



ရဲမှူးချုပ် ဝင်းခေါင်(ငြိမ်း)

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - လှမိုး**



**ရန်ကုန်မြို့ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းမကြီးပေါ်၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက Line Walker-2 ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းရိုက်ကူးနေသည်ကို တွေ့ရစဉ်။**

✪ ကျောဖုံးမှ

မျက်မြင်ကိုယ်တွေ့တွေ့ပြီး ဒီမှာလာရောက် လုပ်ငန်းဆောင်ရွက်ဖို့ကို လုပ်ငန်းရှင်တွေအနေနဲ့ ဆုံးဖြတ်ချက်တွေချနိုင်မယ်။ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မယ့်နေရာတွေကို စဉ်းစားဆုံးဖြတ်လို့ရနိုင်မယ်။ နောက်ပြီး စက်ရုံတွေနဲ့ ချိတ်ဆက်ပြီးတော့ အဆင့်မြှင့်တင်ပြီး ဆက်လုပ်ချင်တာပဲဖြစ်ဖြစ် သူတို့ဆောင်ရွက်လို့ရမှာဖြစ်ပါတယ်”ဟု ပြောသည်။

လက်ရှိ ရခိုင်ပြည်နယ်အတွင်း စင်ကာပူ၊ ကိုရီးယား၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့မှ အများဆုံး လာရောက်ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လျက်ရှိပြီး စွမ်းအင်ကဏ္ဍတွင် အများဆုံးဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများက အများဆုံး ဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲကို ရခိုင်ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များကို အလားအလာရှိသည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ ဂျပန်ပြည်ပ ကုန်သွယ်မှု အဖွဲ့အစည်း (JETRO)၊ Myanmar Survey Research Co., Ltd. (MSR)နှင့် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ မင်းသစ်၊ ဓာတ်ပုံ- သန့်ဇင်၊ ခိုင်မိုးမင်း (ပြန်/ဆက်)**

## ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး
## ကာတွန်း၊ ပန်းချီနှင့် လက်ကမ်းစာစောင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ (MORS) သည် SAT Japan Road Services နှင့်ပူးပေါင်း၍ ပြည်သူများယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ကာတွန်း၊ ပန်းချီနှင့် လက်ကမ်းစာစောင်ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

ကာတွန်းနှင့် ပန်းချီပြိုင်ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လသာမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ အထက (၂) လသာမြညီလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် လျှောက်လွှာများကို ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ MORS ရုံးခန်းတွင်လည်းကောင်း၊ အွန်လိုင်းမှလည်းကောင်း လိုအပ်သည်များကို ဖြည့်စွက်ပြီးပြန်လည်ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပမည့် အထက(၂) လသာသို့ မိမိအစီအစဉ်ဖြင့် မတ် ၂၀ ရက် နံနက် ၈ နာရီခွဲ အရောက်လာရမည်ဖြစ်ပြီး ပြိုင်ပွဲတွင်ရေးဆွဲအသုံးပြုမည့် ခဲ၊ မင်၊ စုတ်တံနှင့် ဆေးမျိုးစုံတို့ကို ယူဆောင်လာရမည်ဖြစ်သည်။

လက်ကမ်းစာစောင်အလွတ်တမ်းပြိုင်ပွဲတွင် မည်သူမဆိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ရေးဆွဲမည့်လက်ကမ်းစာစောင်ကို JPEG, TIFF, AI File အမျိုးအစားတစ်မျိုးမျိုးကို 3000 DPI Resolution ဖြင့်သိမ်းပြီး morsygn@gmail.com သို့လည်းကောင်း၊ CD, DVD ဖြင့်လည်းကောင်း MORS ရုံးသို့ ပေးပို့ရမည်ဖြစ်သည်။ ကာတွန်း၊ ပန်းချီနှင့် လက်ကမ်းစာစောင်ပြိုင်ပွဲ ရည်ရွယ်ချက်များဖြစ်သည့် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ချိန်ခါမရွေးဆောင်ရွက်ပေး၊ လူကူးမျဉ်းကျားတွင် ဖြတ်ကူးနေသူအား ယာဉ်မောင်းသူကရပ်ပေးခြင်းဖြင့် ကူညီပါ။ စနစ်တကျကားရပ်ပေးခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို လျှော့ချကူညီပါ။ မှတ်တိုင်တွင် တန်းစီစနစ်ဖြင့် ယာဉ်စီးခြင်းအား ကူညီပါ အစရှိသည်တို့ကို အကျုံးဝင်အောင်ရေးဆွဲရန် ဖြစ်သည်။

ဆုရရှိသူများကို ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုကျင်းပမည့် ဧပြီ ၁ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက MORS ရုံးဖုန်း-၀၉-၇၉၈၄၅၂၅၁၁ သို့ မေးမြန်းနိုင်ကြောင်း သိရသည်။

**အောင်သူရ**

# လက်ရည်တစ်ပြင်တည်း ငြိမ်းချမ်းရေးခရီးနှင့်

ကိုရင်ဩ




photo- asia.nikkei.

**စီးပွားရေးအရ တစ်မဟုတ်ချင်း တိုးတက်နေသော ဗီယက်နမ်နိုင်ငံသည် ဖေဖော်ဝါရီလ ၂၇-၂၈ ရက်တွင် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန် အစွမ်းကုန် ပြင်ဆင်ထားပြီဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအလို့ငှာ အဏုမြူလက်နက်တိုက်အား စွန့်လွှတ်ရန် သမ္မတထရန့်က မြောက်ကိုရီးယားခေါင်းဆောင်ကို တဲ့တိုးတိုက်တွန်းဖွယ်ရှိပြီး ထိပ်သီးဆွေးနွေးပွဲရလဒ်ကောင်းများ မည်သို့မည်ပုံ ပေါ်ထွက်လာမည်ကို ယခုအချိန်တွင် ဂဃနဏ မသိရသေးသော်လည်း . . .**

နှင်းရည်စိုရွှဲတပို့တွဲလ၏ ယခုရက်သတ္တပတ်အတွင်း ကျွန်ုပ်၏ 'ဒိဗ္ဗစက္ခု' သတင်းမှန်ပြောင်းအတွင်းသို့ တရိပ်ရိပ်တလိမ့်လိမ့် ဝင်ရောက်လာသော ကမ္ဘာကျော်သတင်းများကို ရှုစားကြည့်မိရာဝယ် စိန္တာကဝိ အလိမ္မာပညာရှိတို့အပါအဝင် အချင်းခပ်သိမ်းကမ္ဘာသူ၊ ကမ္ဘာသားတို့က ဝုံချီးထိုက်စွာ ကြိုဆိုကြမည့် 'ငြိမ်းချမ်းရေးရောင်ခြည်'ကို ထင်ဟပ်ဖော်ကျူးနေသော သတင်းတစ်ပုဒ်က ကျွန်ုပ်၏ ရွှေရင်အစုံကို နှင်းဆမ်းပန်းပမာလန်းဖြာစေခဲ့ပေရကား ကမ္ဘာ့ငြိမ်းချမ်းရေးကို ဆောင်ကြဉ်းပေးမည့် ယင်းသတင်းကောင်းကို ပရိသတ်ကြီးနှင့်အတူ မျှဝေခံစားကြည့်ရင်း ငြိမ်ငြိမ်ဆိမ်ဆိမ်ဖြင့် ပိုင်းခြားစိတ်ဖြာ သုံးသပ်လေ့လာမိလေ၏။

ကမ္ဘာ့သတင်းဇာတ်ခုံပေါ်ရှိ သတင်းဇာတ်ကောင်များအနက် ကမ္ဘာသူ၊ ကမ္ဘာသားတို့၏ ဟဒယနှလုံးအိမ်ကို ဆွဲဆောင်ဖမ်းစားလိုက်သည့် သတင်းသည်ကား ဝါဒသဘောတရားရေးရာအရ ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်ခဲ့ရသော အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ ခေါင်းဆောင်ကြီးနှစ်ဦးတို့ 'စိတ်တူတစ်သက်မွေ့ စိတ်မတူတစ်သက်မေ့'စေမည့် သံတမန်ရေးအခင်းအကျင်းကို ဖော်ကျူးနေပေသည်တကား။

သံတမန်ရေးရာ ရင်ကြားစေ့ရမည့် အခါသမယ အထွတ်အထိပ်ရောက်ရှိချိန်တွင် အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ ချစ်ကြည်နွေးထွေးမှု သရုပ်သကန် ဖော်ကျူးချက်နှင့်အတူ ထိပ်သီးဆွေးနွေးပွဲကြီးတစ်ရပ်ကို အရှေ့တောင်အာရှဒေသရှိ သာယာလှပသော ဗီယက်နမ်နိုင်ငံ၌ ကျင်းပတော့မည်ဟု ကျွန်ုပ်သိရှိရပေရာ ချိုမြိန်ဖွယ်ရာ ငြိမ်းချမ်းရေးအရသာကို မြည်းစမ်းခွင့်ပေးမည့် ပွဲကြီးသဘင်ကိုသူတို့ ဝုံချီးဆင်ယင်ကျင်းပကြတော့အံ့ဟု ကျွန်ုပ် တွေးတောမိ၏။

ငြိမ်းချမ်းရေးဟူသည်ကား ကမ္ဘာ့ 'အသက်'ဖြစ်ပေရကား အမေရိကန် သမ္မတဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကြီးကင်တို့၏ ထိပ်သီးဆွေးနွေးပွဲသည် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အားမာန်သစ် မွေးပေးမည့် အလားအလာကို ဖော်ကျူးလျက်ရှိ၏။

ကမ္ဘာ့ငြိမ်းချမ်းရေးကို တစ်နည်းတစ်လမ်းဖြင့် အထောက်အကူပြုမည့် သံတမန်ရေးဆွေးနွေးပွဲတွင် တွေ့ဆုံကြမည့် ပုဂ္ဂိုလ်ကြီးနှစ်ဦးသည်ကား ဇာတိမာန် ရင့်သန်ကြသူများဖြစ်ကြပြီးလျှင် အတိတ်ကာလက ဘောက်ဆတ်ဆတ် မာကြောကြော တွေ့ထိဆက်ဆံမှုများရှိခဲ့ခြင်းကို ပြည်ဖုံးကားချကာ ငြိမ်းချမ်းရေးပန်းကို လက်ကမ်းလင့် ကြိုဆိုရန် ဟန်ရေးပြင်လျက်ရှိကြလေသည်။

သဒ္ဒါစိတ်ယိုဖိတ်ချိန်တွင် မေတ္တာရေကြည် စိမ့်ထွက်လာသည့် အသွင်ကို ဆောင်လျက် ဖေဖော်ဝါရီလ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် တူနှစ်ကိုယ် တွေ့ဆုံနှီးနှောဖလှယ်ကြမည့် သမ္မတထရန့်နှင့် ခေါင်းဆောင်ကြီးကင်တို့မှာ ယခုအချိန်တွင် ဆွေးနွေးရေးစည်းဝိုင်းအတွင်းသို့ ဒေါင်းတည်မောင်းတည် ဝင်ရောက်လာကြရန် တာစူလျက်ရှိ၏။ ဗီယက်နမ်နိုင်ငံ၏ မြို့တော် ဟနွိုင်း၌ ကမ္ဘာ့ထိပ်ခေါင် နှစ်ဦးတို့၏ ထိတ်ထိတ်ကြဲဆွေးနွေးပွဲကြီးတွင် သူတို့နှစ်ဦး မည်သို့မည်ပုံ စကားလက်ဆုံကျကြမည်ကို ကမ္ဘာ့နိုင်ငံများက စောင့်ကြည့်လေ့လာနေကြ၏။ မျက်လုံးဒေါက်ထောက် ကြည့်နေကြ၏။

တစ်ချိန်က 'ပြိုင်ဘက်ရန်သူ' ဖြစ်ခဲ့ကြသည့်တိုင် ယနေ့ကာလတွင် အစဉ်မပြတ် ချစ်ကြည်မှုကို တည်ဆောက်နေကြပြီဖြစ်သော အမေရိကန်နှင့် ဗီယက်နမ်တို့၏ ချစ်ကြည်ရေးသရုပ်သကန်ကိုလည်း ဖော်ကျူးစေ၊ အနာဂတ်ရေး ရှုမြော်တွေးကာ ငြိမ်းချမ်းရေးအသွင်အပြင်ကိုလည်း လှစ်ဟစေမည့် ဆွေးနွေးပွဲကြီးအဖြစ် ကျွန်ုပ် ငံ့လင့်မိပြီးလျှင် စကားအရာ၊ အင်္ဂါလေးတန်ကို ပြသကြမည့် ပွဲကြီးအဖြစ် ရှုမြင်မိလေသည်။

ကွန်မြူနစ် 'မြောက်ဗီယက်နမ်နိုင်ငံ'ဟူ၍ ၁၉၅၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ရပ်တည်ခဲ့သော ပထဝီဝင်နယ်မြေ အပိုင်းအခြားတွင် တစ်ချိန်တစ်ခါက စစ်ခင်းခဲ့ဖူးသော အမေရိကန်အတွက် ယခုအခါတွင် သမိုင်းသင်ခန်းစာများ ကောင်းကောင်းကြီးရလောက်ပေပြီဟု ကျွန်ုပ်သဘောပိုက်မိပြီးလျှင် 'ထာဝရရန်သူမရှိ' သဘောတရားကို တွေးဆဆင်ခြင်ကြည့်မိလေသည်။

ထောင်းလမောင်းကြေခဲ့ရသည့် စစ်တလင်းမြေတည်ရာ ဗီယက်နမ်သည် သို့စင်မျှလောက် စစ်၏ဒဏ်ကို အလူးအလိမ့်ခံစားခဲ့ရသည့်တိုင် အောင် ပြာပုံဘဝမှ လူးလဲထကာ နိုင်ငံတည်ဆောက်နိုင်ခြင်းမှာလည်း ကမ္ဘာကို စံနမူနာပြသနိုင်လေပြီ။

'လက်သည်းဆိတ် လက်ထိပ်နာ' သမိုင်းသင်ခန်းစာကို အလေးမူလျက် ခေါင်းဆောင်ကြီး 'ဟိုချီမင်း'က နိုင်ငံပြန်လည်ပေါင်းစည်းရေးကို ဦးလည်မသုန် ကြိုးပမ်းနိုင်ခဲ့ခြင်း၏ ရလဒ်ကောင်းအဖြစ် နိုင်ငံ၏ 'တန်ဖိုး'အား အသစ်တစ်ဖန် ပြန်လည်မြှင့်တင်နိုင်ခဲ့ပုံကို ကျွန်ုပ် ဂရုမွေပြုမိလေသည်။

ဝါဒသဘောတရားရေးရာအရ အမေရိကန်နှင့် အမြင်မတူ 'အိုဘဲ့'ရန်သူ ဖြစ်ခဲ့လင့်ကစား 'ယနေ့ ဗီယက်နမ်'သည် 'ယမန်နေ့ ဗီယက်နမ်'မဟုတ်တော့ပြီ။ ကျေးငှက်သာရကာတို့၏ ငြိမ်းချမ်းရေးတေးသံသာ သာယာစွာ သီဆိုကျူးရင့်ပုံကို ကျွန်ုပ် ကြားယောင်မိရင်း တက်သစ်စအားမာန်ဖြင့် နိုင်ငံတော်ကို တည်ဆောက်နေဆဲဖြစ်သော ဗီယက်နမ်နိုင်ငံသားတို့၏ 'စီးပွားရေးတက်ကပ်'အရွေ့ကို ကျွန်ုပ် ငဲ့စောင်းကြည့်မိလေသော် တစ်ဟုန်ထိုးတိုးတက်မှု ကိန်းဂဏန်းများကို တွေ့မြင်ရ၏။

ပြည်သူပြည်သား ဦးရေ ၉၅ သန်းရှိသော ဗီယက်နမ်နိုင်ငံသည်ကား ၂၁ ရာစု၏ 'အာရှကျား'အဖြစ် ကျားကျားလျားလျားအသွင်ကို ဆောင်နေ၏။ ဗီယက်နမ်စစ်ပွဲကြီးအပြီး မျိုးဆက်တစ်ဆက်သာသာ ကြာမြင့်ပြီးချိန်မှာပင် စီးပွားရေးတည်ဆောက်မှု စွမ်းပကားကို ဗီယက်နမ်သားတို့ တစ်မူထူးခြားပြသနိုင်၏။

ထိုဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတည်ဆောက်မှုမှာ မြိုင်မြိုင်ဆိုင်ဆိုင်ရှိပြီးလျှင် ၂၀၁၈ ခုနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းထား ခုနစ်ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်ဟု ကျွန်ုပ် လေ့လာတွေ့ရှိရလေသည်။

ကျွန်ုပ်တို့၏ အရှေ့တောင်အာရှဒေသရှိ ဗီယက်နမ်နိုင်ငံသည်ကား ကုန်ထုတ်လုပ်မှုကို အကြီးစားစကေးဖြင့် မြှင့်တင်လျက် နိုင်ငံတကာဈေးကွက်နှင့် ပြည်ပပို့ကုန်တို့ကို အံ့ဝင်ခွင်ကျဖြစ်စေကာ စီးပွားရေးတိုးတက်အောင် ရှက်ဆောင် ကြိုးပမ်းလျက်ရှိပေပြီ။

ကုန်ထုတ်လုပ်မှု တိုးတက်နှုန်းကို 'ဆယ်ဂဏန်း' (ဝါ) double-digit အထိ မြှင့်တင်လျက် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (ဝါ) ဂျီဒီပီ တန်ဖိုးအရ ကမ္ဘာ့ထိပ်တန်းစီးပွားရေးစွမ်းအားရှင် နိုင်ငံ ၅၀ စာရင်းတွင် ဗီယက်နမ် ပါဝင်လာ၏။

စီးပွားရေးတိုးတက်လာမှုနှင့်အတူ ဆင်းရဲမွဲတေမှုနှုန်း ကျဆင်းလာကာ ပြည်သူတို့၏ မျှော်မှန်းနိုင်သော ဘဝသက်တမ်းကို ၇၅ နှစ်အထိ မြှင့်တင်နိုင်ခဲ့ပြီဆိုသော အချက်မှာလည်း အားရဖွယ်၊ အားကျဖွယ် ကောင်းလှပေသည်။

ဗီယက်နမ်နိုင်ငံ၏ ပြည်ပပို့ကုန် တင်ပို့မှုအခြေအနေကို ကျွန်ုပ် စေ့ငုပြန်သော် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများ အရောင်းသွက်နေသည်ဟု သိမှတ်ရလေသည်။

ဗီယက်နမ်နိုင်ငံ၏ အင်အားအကြီးဆုံးသော ပို့ကုန်အရင်းအမြစ်မှာ ကိုရီးယား 'ဆမ်ဆောင်း'ဖြစ်၏။ နှစ်ပေါင်းအတန်ကြာကာလအတွင်း ယင်းနိုင်ငံကို ပထမဆုံးအကြိမ် ကုန်သွယ်ရေး 'ပိုငွေ' ပြနိုင်အောင် နောက်ကွယ်မှ ကူပံ့ပေးနေခဲ့သည်မှာလည်း 'ဆမ်ဆောင်း'ဖြစ်၏။

တောင်ကိုရီးယားမှ ဆမ်ဆောင်းအီလက်ထရွန်နစ် ကုမ္ပဏီကြီးသည်ကား ဗီယက်နမ်၌ ငွေကြေးအများဆုံး ရင်းနှီးမြှုပ်နှံနေသော ကုမ္ပဏီကြီးဖြစ်ပြီးလျှင် ကမ္ဘာပေါ်တွင် ကွန်ပျူတာ 'ချစ်ပြား'(ဝါ) ကွန်ပျူတာမှတ်ဉာဏ်ပြားနှင့် ဆဲလ်ဖုန်းများကို အများဆုံး ထုတ်လုပ်လျက်ရှိလေသည်။

ဗီယက်နမ်၌ ဆမ်ဆောင်းနှင့်အတူ အမေရိကန်နည်းပညာ ကုမ္ပဏီကြီးများဖြစ်ကြသော မိုက္ကရိုဆော့ဖ်နှင့် အင်တဲလ်တို့ကလည်း ပါဝင်ရင်းနှီးမြှုပ်နှံကာ လုပ်ကိုင်လျက်ရှိကြလေသည်။

ဒေသတွင်းစီးပွားရေး ပြိုင်ဘက်အဖြစ် လန်ဘားကျောက်လားတရုတ်နိုင်ငံကဲ့သို့ စီးပွားရေးအရ ကမ္ဘာကို ထိုးဖောက်နေသော ဗီယက်နမ်သည် ကုန်ထုတ်လုပ်မှု စရိတ်စက သက်သက်သာသာဖြင့် နိုင်ငံတကာနည်းပညာ ကုမ္ပဏီများကို ဆွဲဆောင်လျက်ရှိသည်ဟု ကျွန်ုပ်လေ့လာမှတ်သားရသည်။

ပို့ကုန်လမ်းကြောင်းများ ဖြောင့်တန်းနေသော ဗီယက်နမ်နိုင်ငံ၏ အစိုးရအဖွဲ့က ပို့ကုန်ထိန်းချုပ်မှုများကို လွှတ်ပေးလိုက်သည်ရှိသော် ပို့ကုန်-အခြေပြု စက်မှုလုပ်ငန်းများ ခေါင်းထောင်ထလာကြကုန်၏။

ဆမ်ဆောင်းသည် ၂၀၀၉ ခုနှစ်မှ အစပြု၍ ဗီယက်နမ်၌ ပထမဆုံးသော မိုဘိုင်းဖုန်းထုတ်လုပ်ရေးစက်ရုံကို ဖွင့်လှစ်ခဲ့ပြီးနောက် ယခုအခါ ယင်းနိုင်ငံ၌ အလုပ်အကိုင်နေရာပေါင်း တစ်သိန်းကျော်အထိ မြောက်မြောက်မြားမြား ဖန်တီးပေးနိုင်ခဲ့ပေပြီ။

၂၀၁၇ ခုနှစ် စီးပွားရေးသတင်းအခြေပြုစာရင်းအရ ဗီယက်နမ် ပြည်ပပို့ကုန် စုစုပေါင်း၏ လေးပုံတစ်ပုံကျော်ကို ဆမ်ဆောင်းကုမ္ပဏီက ကိုယ်စားပြုသည်ဟု ကျွန်ုပ်သိရှိရပြန်ရာ ကမ္ဘာနှင့်ချီ၍ လုပ်ရည်ကြံရည်ကောင်းသော ကုမ္ပဏီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများ ရရှိလျှင် နိုင်ငံ့စီးပွားရေးတိုးတက်မှုအတွက် အကူအပံ့ရနိုင်သည်ဟု ဆိုရပေလိမ့်မည်။

ဤသို့လျှင် စီးပွားရေးအရ တစ်မဟုတ်ချင်း တိုးတက်နေသော ဗီယက်နမ်နိုင်ငံသည် ဖေဖော်ဝါရီလ ၂၇-၂၈ ရက်တွင် အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးရန် အစွမ်းကုန် ပြင်ဆင်ထားပြီ ဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးအလို့ငှာ အဏုမြူလက်နက်တိုက်အားစွန့်လွှတ်ရန် သမ္မတထရန့်က မြောက်ကိုရီးယားခေါင်းဆောင်ကို တဲ့တိုးတိုက်တွန်းဖွယ်ရှိပြီး ထိပ်သီးဆွေးနွေးပွဲရလဒ်ကောင်းများ မည်သို့မည်ပုံ ပေါ်ထွက်လာမည်ကို ယခုအချိန်တွင် ဂဃနဏ မသိရသေးသော်လည်း ဗီယက်နမ်နိုင်ငံအနေဖြင့် ကွန်မြူနစ်ဝါဒ လက်ခံပုံချင်းတူညီသော မြောက်ကိုရီးယားနိုင်ငံအတွက် စီးပွားရေးအရရော၊ နိုင်ငံတည်ဆောက်ရေးအတွက်ပါ စံနမူနာပြသနိုင်လိမ့်မည်ဟု တွေးတောမိရင်း 'လက်ရည်တစ်ပြင်တည်း ငြိမ်းချမ်းရေးခရီးနှင့်"ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

**Ref: Trump-Kim summit: What might Kim learn from hosts Vietnam? (BBC)**

## ရတနာပုံတက္ကသိုလ်အတွက် အမှိုက်ပုံးများ လှူဒါန်းမည်

**မန္တလေး ဖေဖော်ဝါရီ ၂၃**

ရတနာပုံတက္ကသိုလ်သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ဝန်ထမ်းများဖြင့် ဖွဲ့စည်းထားသော University Clean & Green Association (UCGA) သည် ယနေ့ နံနက်ပိုင်းက ကြိုက်တာယူ၊ ကြိုက်သလောက်လှူ သုတပညာမျှဝေပွဲတော် ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများ လာရောက်အားပေးလှူဒါန်းကြသည်။

အဆိုပါ သုတပညာမျှဝေပွဲတော်မှ ရရှိသောရန်ပုံငွေများကို ရတနာပုံတက္ကသိုလ်သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သော အမှိုက်ပုံးများနှင့် သန့်ရှင်းရေးသုံးပစ္စည်းများ လှူဒါန်းမည်ဖြစ်သည်။ **တင်မောင်(မန်း)**



ပိတောက်ချောင်းနယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ်သန်းလွင်စိုး လှိုင်မြို့နယ် အမှတ် ၂ ရပ်ကွက် ဓာတုဗေဒ စက်ရုံဝန်ထမ်းလိုင်းခန်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၆ ရက်က မူခင်းကျဆင်းရေး ပညာပေးဟောပြောစဉ်။ မီးမီး(လှိုင်)

## တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ သတင်းစာရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် တပ်မတော်မှ စစ်ရေးဆိုင်ရာ အပစ်အခတ်ရပ်စဲပေးပြီး နှစ်လအကြာ အခြေအနေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် ရတနာသီရိ ဂေါက်ကလပ်၌ ကျင်းပသည်။



သတင်းစာရှင်းလင်းပွဲတွင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီတို့က ရှင်းလင်းပြောကြားပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **သတင်းစဉ်**

## မြန်မာစံချိန်စံညွှန်းများသတ်မှတ်

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၄၃)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

**(ယမန်နေ့မှအဆက်)**

၂၂။ MMS ISO/IEC 17025:2017 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
စမ်းသပ်စစ်ဆေးခြင်းနှင့် စံဖြင့်တိုက်ကြည့်စစ်ဆေးခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများ၏ ကျွမ်းကျင်မှုအတွက် အထွေထွေလိုအပ်ချက်များ

၂၃။ MMS ISO/IEC TR 17026:2015 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
ထိတွေ့ကိုင်တွယ်နိုင်သော ထုတ်ကုန်များအတွက် အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ်တစ်ခုအတွက် နမူနာပုံစံ

၂၄။ MMS ISO/IEC TS 17027:2014 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
လူပုဂ္ဂိုလ်ဆိုင်ရာ အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်းတွင် အသုံးပြုထားသော လူပုဂ္ဂိုလ်များ၏ ကျွမ်းကျင်မှုနှင့်ဆက်နွှယ်သော ဝေါဟာရ

၂၅။ MMS ISO/IEC TR 17028:2017 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
ဝန်ဆောင်မှုလုပ်ငန်းများအတွက် အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းအစီအစဉ် နမူနာပုံစံများနှင့် လမ်းညွှန်ချက်များ

၂၆။ MMS ISO/IEC 17030:2003 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
တတိယအဖွဲ့ (Third Party)၏ အရည်အသွေးကိုက်ညီမှု အမှတ်အသားအတွက် အထွေထွေလိုအပ်ချက်များ

၂၇။ MMS ISO 17034:2016 အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း--
ကိုးကားအညွှန်းပစ္စည်းထုတ်လုပ်သူများ (Reference Material Producers)၏ ကျွမ်းကျင်မှုအတွက် အထွေထွေလိုအပ်ချက်များ

၂၈။ MMS ISO/IEC 17040:2005 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
အသိအမှတ်ပြုအဖွဲ့များနှင့် အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များ၏ အဆင့်တူအဖွဲ့အချင်းချင်း အကဲဖြတ်စစ်ဆေးခြင်းအတွက် အထွေထွေလိုအပ်ချက်များ

၂၉။ MMS ISO/IEC 17043:2010 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
ဓာတ်ခွဲခန်းများ ကျွမ်းကျင်မှုစစ်ဆေးခြင်းအတွက် အထွေထွေ လိုအပ်ချက်များ

၃၀။ MMS ISO/IEC 17050-1:2004 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
ပစ္စည်းတင်သွင်းသူများ၏ အရည်အသွေးကိုက်ညီကြောင်း ကြေညာခြင်း-- အပိုင်း(၁) အထွေထွေလိုအပ်ချက်များ

၃၁။ MMS ISO/IEC 17050-2:2004 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
ပစ္စည်းတင်သွင်းသူများ၏ အရည်အသွေးကိုက်ညီကြောင်း ကြေညာခြင်း-- အပိုင်း (၂) မှတ်တမ်းမှတ်ရာအထောက်အပံ့

၃၂။ MMS ISO/IEC 17065:2012 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
ထုတ်ကုန်များ၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများဆိုင်ရာ အရည်အသွေးထောက်ခံချက်ထုတ်ပေးသော အဖွဲ့များအတွက် လိုအပ်ချက်များ

၃၃။ MMS ISO/IEC 17067:2013 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း--
ထုတ်ကုန်အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းဆိုင်ရာ အခြေခံအချက်အလက်များနှင့် ထုတ်ကုန်အရည်အသွေးထောက်ခံချက် ထုတ်ပေးခြင်းလုပ်ငန်းအစီအစဉ်များအတွက် လမ်းညွှန်ချက်များ

၃၄။ MMS ISO 14001:2015 ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်များ-- လမ်းညွှန်ချက်နှင့် လိုအပ်ချက်များ

၃၅။ MMS ISO 45001:2018 လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုစနစ်များ---- လမ်းညွှန်ချက်နှင့် လိုအပ်ချက်များ

၃၆။ MMS ISO/IEC 27001:2013သတင်းအချက်အလက်နည်းပညာ--လုံခြုံရေးနည်းစနစ်များ--သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ-- လိုအပ်ချက်များ

၃၇။ MMS ISO 22000:2018 အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်များ--
အစားအသောက်ကွင်းဆက်တွင် ပါဝင်သောအဖွဲ့အစည်းအတွက် လိုအပ်ချက်များ

၃၈။ MMS ISO 26000:2010 လူမှုဝန်းကျင်ဆိုင်ရာတာဝန်ယူခြင်း အပေါ်လမ်းညွှန်ချက်

၃၉။ MMS ISO 19011:2018 စီမံခန့်ခွဲမှုစနစ်များဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်းအတွက် လမ်းညွှန်ချက်များ

၄၀။ MMS ISO 9000:2015 အရည်အသွေးစီမံခန့်ခွဲမှုစနစ်များ-- အခြေခံအချက်အလက်များနှင့် ဝေါဟာရများ

၄၁။ MMS ISO 9004:2018 အရည်အသွေးစီမံခန့်ခွဲမှု --
အဖွဲ့အစည်း၏ အရည်အသွေး ရေရှည်တည်တံ့အောင်မြင်မှုရရှိရန် လမ်းညွှန်ချက်

၄၂။ MMS ISO 13485:2016 ဆေးဝါးပစ္စည်းများ--
အရည်အသွေးစီမံခန့်ခွဲမှုစနစ်များ-- စည်းမျဉ်းလုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များ

၄၃။ MMS ISO/IEC 10646: 2017 သတင်းအချက်အလက် နည်းပညာ --
နိုင်ငံတာကာသုံးယူနီကုဒ်စံစနစ်

NAING Group မှ
နှစ်ပေါင်း (၃၀) ကျော် ဆောက်လုပ်ရေး
လုပ်ငန်းအတွေ့အကြုံနှင့် PAE စနစ်ဖြင့်
လူကြီးမင်းတို့၏အဆောက်အဦးများအား
စိတ်တိုင်းကျဆောက်လုပ်ပေးပါမည်။

ဆက်သွယ်ရန်ဖုန်း
09 977122021
09 5039105
09 977122007



# ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှားက နိုင်ငံ၏ အရေးပေါ်အခြေအနေကို ကြေညာ

**ခါတွန် ဖေဖော်ဝါရီ ၂၃**

ဆူဒန်သမ္မတ အိုမာအယ်လ်ဘာရှားအနေဖြင့် နိုင်ငံ၏ အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာခဲ့ပြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် မြို့တော်ဝန်များကို ထုတ်ပယ်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

အစိုးရဆန့်ကျင်ဆန္ဒပြသူများက သမ္မတ ဘာရှားအား နုတ်ထွက်ပေးရေးတောင်းဆိုမှုများ ဆက်လက်လုပ်ဆောင်လာခဲ့ခြင်းကြောင့် ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြောကြားခဲ့သည့် ရုပ်မြင်သံကြားမိန့်ခွန်းမှတစ်ဆင့် အရေးပေါ်အခြေအနေတစ်ရပ်ကို ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်းက အစားအစာနှင့် လောင်စာဆီဈေးနှုန်းများ ကြီးမြင့်လာမှုအပေါ် ကြီးမားသည့် တိုင်ကြားချက်များ ထွက်ပေါ်လာခဲ့ပြီးနောက် ယင်းကဲ့သို့သော ဆန္ဒပြမှုများဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ယခုထုတ်ပြန်လိုက်သည့် အရေးပေါ်ကြေညာချက်သည် တစ်နှစ်ကြာမြင့်လိမ့်မည်ဖြစ်ကြောင်းနှင့် လုံခြုံရေးအာဏာပိုင်များကို လုပ်ပိုင်ခွင့်ပိုမိုပေးသွားမည် ဖြစ်ကြောင်း သမ္မတ ဘာရှားက ဆက်လက်ပြောကြားခဲ့သည်။

သမ္မတ ဘာရှားအနေဖြင့် ၎င်းအားဆန့်ကျင်သူများအပေါ် ချင့်တွက်စဉ်းစားသည့်လုပ်ရပ်များကို ပြသခဲ့ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အပေါ် ရပ်တည်ချက်များကိုလည်း ပြောင်းလဲပေးရန် ပါလီမန်အား တောင်းဆိုခဲ့သည်။ ယင်းသို့ပြုလုပ်ခြင်းက ၎င်းအတွက် နောက်ထပ်သမ္မတသက်တမ်း ဆက်လက်ထမ်းဆောင်ခွင့်ရရှိနေစေလိမ့်မည်ဖြစ်သည်ဟု ဆိုသည်။

ဖြစ်ပေါ်လာသည့် ပြဿနာရပ်များကိုလည်း ဆွေးနွေးခြင်းဖြင့် အဖြေရှာသင့်ကြောင်းလည်း ဘာရှားက ပြောကြားခဲ့သည်။ သမ္မတဘာရှားမှာ ၁၉၈၉ ခုနှစ်မှစတင်ကာ နှစ်ပေါင်း ၃၀ ကျော်ကြာ ဆူဒန်နိုင်ငံတွင် အာဏာရခဲ့သူဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ဗီယက်နမ်သို့ တရားဝင်သွားမည်

**ဟန်နွိုင်း ဖေဖော်ဝါရီ ၂၃**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် မကြာမီရက်များအတွင်း ဗီယက်နမ်နိုင်ငံသို့ တရားဝင်လာရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်အစိုးရက ဖေဖော်ဝါရီ ၂၃ ရက်တွင် ပြောကြားသည်။ မြောက်ကိုရီးယားခေါင်းဆောင်၏ ဗီယက်နမ်ခရီးစဉ်အတွက် တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံနယ်စပ်တွင် လုံခြုံရေးတိုးမြှင့် လုပ်ဆောင်နေကြောင်းနှင့် လာမည့်ရက်သတ္တပတ်အတွင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဒုတိယအကြိမ် ထိပ်သီးဆွေးနွေးမှုပြုလုပ်ရန်အတွက် မြောက်ကိုရီးယားခေါင်းဆောင်သည် တရုတ်နှင့် ဗီယက်နမ်နယ်စပ်သို့ ရထားဖြင့် ဖြတ်ကျော်လာရောက်မည်ဟု မျှော်လင့်ရကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်မှုများကို ဗီယက်နမ်နိုင်ငံက အလောတကြီးပြုလုပ်နေသည်။ ယင်းထိပ်သီးအစည်းအဝေးကို မြို့တော်ဟန်နွိုင်းတွင် ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး မြောက်ကိုရီးယားခေါင်းဆောင်သည် ယင်းတရားဝင်ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံရှိ စက်မှုဇုန်များသို့ သွားရောက်လေ့လာမည်ဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် လာမည့်ရက်များအတွင်း ဗီယက်နမ်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် လာရောက်မည်ဟု ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖေ့ဘွတ်စာမျက်နှာတွင် ဖော်ပြသော်လည်း အသေးစိတ်အချက်အလက်များ ဖော်ပြခြင်း မရှိပေ။ အမေရိကန်သမ္မတ ထရန့်နှင့် ထိပ်သီးအစည်းအဝေးကျင်းပမည့် သတင်းကို မြောက်ကိုရီးယားနိုင်ငံက လူသိထင်ရှားအတည်ပြုခြင်း မရှိသေးပေ။ မြောက်ကိုရီးယားခေါင်းဆောင်ကင်၏ ခရီးစဉ် အစီအစဉ်များကို လျှို့ဝှက်ချက်အဖြစ် ထားရှိသည်မှာ မြောက်ကိုရီးယားနိုင်ငံ၏ လုပ်ရိုးလုပ်စဉ်ပင် ဖြစ်သည်။

ဗီယက်နမ်တွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးသို့တက်ရောက်ရန် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ရထားဖြင့် လာရောက်မည်ဟု မျှော်လင့်ရပြီး ၎င်းရထားသည် ဗီယက်နမ်နှင့် တရုတ်နယ်စပ်အနီးရှိ ဒွန်ဒန်းဘူတာရုံတွင် ရပ်နားကာ ယင်းမှကီလိုမီတာ ၁၇၀ (၁၀၅ မိုင်)အကွာရှိ ဟန်နွိုင်းမြို့သို့ မော်တော်ယာဉ်ဖြင့် လာရောက်ဖွယ်ရှိကြောင်း သတင်းရင်းမြစ်အချို့က အေအက်ဖ်ပီသို့ ပြောကြားသည်။ **အေအက်ဖ်ပီ**





## ကနေဒါနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအား ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် အဆိုပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ပြည်ထောင်စု၏ သံအမတ်ကြီးအဖြစ် ကနေဒါနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ကယ်လီကရက်ဖ်အား မိမိအဆိုပြုမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကြေညာခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ၎င်း၏တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြရာ၌ ကရက်ဖ်အား ကုလသမဂ္ဂဆိုင်ရာ သံအမတ်ကြီးအဖြစ် အဆိုပြုခြင်းကို ကျေနပ်အားရစွာ ကြေညာကြောင်း ရေးသားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အဆင့်မြင့်ဆုံးနေရာတွင် ကိုယ်စားပြုခွင့်ရရှိရန် သူ၏ဦးဆောင်မှုက သေချာစေလိမ့်မည်ဟု သမ္မတထရန့်က ဆက်လက်ရေးသားသည်။

ကရက်ဖ်သည် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုတွင် သမ္မတထရန့်အား ထောက်ခံခဲ့သူဖြစ်ပြီး ၎င်းအား ၂၀၁၇ ခုနှစ်တွင် ကနေဒါနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေ၏နေရာတွင် အစားထိုးရန် သမ္မတထရန့်က အစောပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟယ်သာနျူရတ်အား ရွေးချယ်ခဲ့သည်။ သို့သော် ယခုလအစောပိုင်းတွင် ဟယ်သာနျူရတ်က ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရဖွယ်ရှိသူအဖြစ်မှ နုတ်ထွက်သွားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ဗင်နီဇွဲလားစစ်ဘက်မှ ပစ်ခတ်၍ ဆန္ဒပြသမားနှစ်ဦးသေ၊ ၂၀ ကျော် ဒဏ်ရာရ

**ကရာကတ်စ် ဖေဖော်ဝါရီ ၂၃**

ဗင်နီဇွဲလားနိုင်ငံနှင့် ဘရာဇီးနိုင်ငံနယ်စပ်တွင် နိုင်ငံရပ်ခြားမှ ပေးပို့သည့် အထောက်အပံ့ပစ္စည်းများကို ဗင်နီဇွဲလားစစ်ဘက်မှ ပိတ်ဆို့ရန် ကြိုးပမ်းမှုအား ဆန့်ကျင်ဆန္ဒပြသည့် အရပ်သားများကို စစ်သားများက ပစ်ခတ်ခဲ့မှုကြောင့် ဆန္ဒပြသမားနှစ်ဦး သေဆုံးပြီး ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်ရပ်သည် ဗင်နီဇွဲလားနိုင်ငံဘိုလီဗားပြည်နယ်တောင်ပိုင်း ဘရာဇီးနိုင်ငံနှင့် နယ်နိမိတ်အနီးတွင် ဖေဖော်ဝါရီ ၂၂ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

**ထောက်ပံ့ပေး**

ဗင်နီဇွဲလားအစိုးရက နိုင်ငံရပ်ခြားမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရန် ဆန္ဒပြတောင်းဆိုနေသည့် လူအုပ်စုအတွင်းသို့ ဗင်နီဇွဲလားစစ်သည်များက သေနတ်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကယ်ဆယ်ရေးပစ္စည်းများမှာ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများက ထောက်ပံ့ပေးခြင်းဖြစ်သည်။

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုက ယင်းအထောက်အပံ့များကို လက်ခံရန် ငြင်းဆန်ခဲ့သည်။ ဗင်နီဇွဲလားအမျိုးသားလွှတ်တော်ခေါင်းဆောင်နှင့် ၎င်းကိုယ်၎င်း သမ္မတအဖြစ် ကြေညာထားသူ ဂျူအန်ဂွာအီဒိုက ယင်းအထောက်အပံ့ပစ္စည်းများကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ဖြန့်ဝေပေးမည်ဟု ကတိပြုထားသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်း၌ အရက်တုများသောက်မိ၍ လူ ၄၁ ဦးသေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၂၃**

အိန္ဒိယနိုင်ငံ အနောက်မြောက်ပိုင်းရှိ အာသံပြည်နယ်တွင် တရားမဝင်အရက်များသောက်သုံး၍ သေဆုံးရသူ အရေအတွက်သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ၄၁ ဦးထိ မြင့်တက်လာကြောင်း ပြည်နယ်အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအရက်များ သောက်သုံးမိသူ ၆၀ ကျော်ကို ဆေးရုံတင်ကုသမှုများပြုလုပ်နေရသည်။

ဖေဖော်ဝါရီ ၂၁ ရက် ညနေပိုင်းက အာသံပြည်နယ် ဂိုလာဟတ်ခရိုင်တွင် အဆိပ်ပါအရက်များကို လူအများက သောက်သုံးခဲ့ခြင်းဖြစ်သည်။ ဂိုလာဟတ်ခရိုင်သည် အာသံပြည်နယ် မြို့တော် ဒီစပါ၏အရှေ့ဘက် ၂၇၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။

ဂိုလာဟတ်မြို့ ဆေးရုံသို့တင်ပို့လာသည့် လူ ၂၃ ဦး သေဆုံးပြီး အခြား ၁၈ ဦးမှာ အဆိပ်ပါဆေးရုံနှင့် ဘေးချင်းကပ်လျက်ရှိသည့် ဂျော်ဟတ်ဆေးဘက်ဆိုင်ရာ ကောလိပ်ဆေးရုံတွင် သေဆုံးသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

**ဆင်ဟွာ**



မြန်မာ-ဂျပန်နှစ်နိုင်ငံ ဂျူဒိုအားကစား ပူးတွဲလေ့ကျင့်ရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဂျပန်နိုင်ငံတက္ကသိုလ်များအဖွဲ့ခေါင်းဆောင် Hoku'estu University Judo Federation မှ President Mr. Yasuji Maki ခေါင်းဆောင်သော ချစ်ကြည်ရေးအဖွဲ့ဝင် ၁၂ ဦးသည် ရန်ကုန်မြို့ ကျိုက္ကဆံအားကစားသိပ္ပံကျောင်း ဂျူဒိုအားကစားခန်းမ၌ ၁၀ ရက်ကြာ ဂျူဒိုပူးတွဲလေ့ကျင့်မှုများ အောင်မြင်စွာပြီးဆုံး၍ ယမန်နေ့ ညပိုင်းက ပြန်လည်ထွက်ခွာရာ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အလုပ်အမှုဆောင်များ၊ အားကစားအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ ဖိုးလပြည့်

❖ **မြန်မာ ယူ-၁၉ မှ**

လက်ထောက်နည်းပြ ဒေါ်စန်းစန်းမော်၊ ဒေါ်စန်းယုနိုင်၊ ဂိုးနည်းပြ ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် ဂိုး သရဖီအောင်၊ ဖူးလတ်နဒီ၊ နောက်တန်း အိအိကျော်၊ နှင်းမြသဇင်၊ မိုးမမစိုး၊ နန့်ဖူးဖူးထက်၊ သဇင်အောင်၊ ဇွန်ယုယဦး၊ ကြည်ပြာလင်း၊ အလယ်တန်း လင်းမြင့်မိုရ်၊ အေးအေးထွေး၊ ဘွဲ့လျှန်ကိန်း၊ မေဖူးကို၊ နော်ထက်ထက်ဝေ၊ မိုးမိုးသန်း၊ ရှေ့တန်း အေးမြတ်ခိုင်၊ နွယ်နီဝင်း၊ စန်းသော်သော်တို့ ပါဝင်ကြသည်။ အပြီးသတ်ရွေးချယ်ရာတွင် နန်းဟွမ်လှိုင်၊ လင်းလဲ့ဦး၊ ထက်အိန္ဒြာလင်း၊ သော်သော်နိုင်၊ သဲအိမိုး၊ ဝင်းစန္ဒာထွန်း၊ အယ်မူပေါ်၊ သီတာဝင်းနှင့် အိစန္ဒာဇော်တို့ ချန်လှပ်ခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းသည် ဂျပန်-အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲအတွက်သာ လူရွေးချယ်ခဲ့ခြင်းဖြစ်ပြီး ပြန်လည်ရောက်ရှိလာပါက ချန်လှပ်ခဲ့သည့် ကစားသမားများနှင့် ပြန်ပေါင်းကာ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ပြန်လည်ပြင်ဆင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ မြန်မာအသင်းသည် အုပ်စု (က) တွင် ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု (ခ) တွင် ဂျပန်ကလပ် ဗစ်ဆဲအိုနီဂါဝါ၊ လာအို၊ မလေးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ပါဝင်နေသည်။ ယခုပြိုင်ပွဲမှာ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သောကြောင့် အုပ်စုပွဲများကို ဆက်တိုက်ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် မတ် ၂ ရက်တွင် ဗီယက်နမ်၊ မတ် ၃ ရက်တွင် ဂျပန်၊ မတ် ၄ ရက်တွင် ဂျပန်ကလပ် အိုကီနာဝါ ယူ-၁၉ အသင်း၊ မတ် ၅ ရက်တွင် ထိုင်းအသင်းနှင့် လေးရက်ဆက်တိုက် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

# ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ထိပ်ဆုံးသုံးသင်း နိုင်ပွဲဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၉) ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ - ၁ သုဝဏ္ဏ၌ ကျင်းပရာ အမှတ်ပေးဇယား ထိပ်ဆုံးသုံးသင်းဖြစ်သည့် MIC၊ VUC နှင့် GV Athletic အသင်းတို့ နိုင်ပွဲဆက်ခဲ့သည်။

ယခုတစ်ပတ်တွင် ဇယားအောက်ဆုံးမှ White Colour အသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီး ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် MIC နှင့် VUC အသင်းတို့မှာ ယခုတစ်ပတ်တွင်လည်း နိုင်ပွဲဆက်ခဲ့သည်။ တတိယနေရာအတွက် မျှော်လင့်ချက်ရှိနေသည့် နှစ်သင်းအနက် မြို့မ YTD အသင်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် သုံးမှတ်အသာရသွားသည့် GV Athletic အသင်း အခွင့်အရေးပိုကောင်းခဲ့သည်။ ပွဲစဉ် (၁၉) တွင် GV Athletic အသင်းက MFF U-19 အသင်းကို ကိုးဂိုး- ဂိုးမရှိ၊ AMM အသင်းက မြို့မ YTD အသင်းကို ခြောက်ဂိုး-သုံးဂိုး၊ White Colour အသင်းက Comrade အသင်းကို ငါးဂိုး-သုံးဂိုး၊ VUC အသင်းက ရွှေမြဝတီအသင်းကို ၁၈ ဂိုး-တစ်ဂိုး၊ MIC အသင်းက Titan XII အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ UPT အသင်းက PU အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**ရှိုင်းထက်ဇော်**

# ဒီလိုဖူးရဲ့ ဟက်ထရစ်သွင်းဂိုး အပါအဝင် ကာဒစ်ဖ်အသင်းကို ဝက်ဖို့ဒ်အသင်း အနိုင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ် ၂၇ အစောဆုံးပွဲစဉ်အဖြစ် ကာဒစ်ဖ်အသင်းနဲ့ ဝက်ဖို့ဒ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ဝက်ဖို့ဒ်အသင်းက ကာဒစ်ဖ်အသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဝက်ဖို့ဒ်အသင်းရဲ့ အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ဒီလိုဖူးဟာ ပွဲကစားချိန် ၁၈ မိနစ်၊ ၆၁ မိနစ်နဲ့ ၆၃ မိနစ်တို့မှာ ဟက်ထရစ်သွင်းဂိုးသွင်းယူနိုင်ခဲ့ပြီး အသင်းခေါင်းဆောင် ဒီနေးက ပွဲကစားချိန် ၇၃ မိနစ်နဲ့ မိနစ် ၉၀ တို့မှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ကာဒစ်ဖ်စီးတီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၈၂ မိနစ်မှာ ဘမ်ဘာက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဝက်ဖို့ဒ်အသင်းဟာ ကာဒစ်ဖ်စီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၎င်းတို့မျှော်လင့်ထားခဲ့တဲ့ ယူရိုပါလိဂ်ဝင်ခွင့်တစ်နေရာအတွက်လည်း နီးစပ်မှုရှိလာခဲ့ပါတယ်။ လက်ရှိမှာ အဆင့် ၄၊ အဆင့် ၅ နဲ့ အဆင့် ၆ နေရာတွေမှာ ရပ်တည်နေတဲ့ အသင်းတွေ ပွဲစဉ် ၂၇ မကစားမီမှာ ရမှတ် ၄၀ အထိရထားတာဖြစ်ပြီး အထက်က အသင်းတွေနဲ့ ၁၀ မှတ်ဝန်းကျင်သာ ကွာဟတော့တာဖြစ်ပါတယ်။

ဝက်ဖို့ဒ်အသင်းအတွက် သွင်းဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့တဲ့ ဒီလိုဖူးဟာ ကာဒစ်ဖ်အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ နောက်ဆုံးသုံးပွဲမှာ သွင်းဂိုးခုနစ်ဂိုးအထိ ရရှိခဲ့တာဖြစ်ပြီး ငါးဂိုးသွင်းယူနိုင်ခဲ့ကာ နှစ်ဂိုးဖန်တီးပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ကာဒစ်ဖ်အသင်းကတော့ အခုဝက်ဖို့ဒ်အသင်းနဲ့ ပွဲစဉ်မှာ ငါးဂိုးအထိခွင့်ပြုပေးလိုက်ရတာကြောင့် အိမ်ကွင်းပွဲစဉ်တွေမှာ ၂၈ ဂိုးအထိ ခွင့်ပြုပေးလိုက်ရတာဖြစ်ပြီး အခြားသော ပရီမီယာလိဂ်ကလပ် အသင်းတွေထက် အိမ်ကွင်းမှာ ပေးဂိုးပိုများခဲ့တာဖြစ်ပါတယ်။



# ဘာစီလိုနာကွင်းလယ်ကစားသမား ရာကီတစ်ကို ခေါ်ယူရန် ချယ်လ်ဆီးက ဘိုင်ယန်မြူးနစ်နဲ့ အပြိုင်ကြိုးပမ်းရမည်

ချယ်လ်ဆီးဟာ ဘာစီလိုနာအသင်းရဲ့ ကွင်းလယ်ကစားသမား ရာကီတစ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်ပြီး ဘိုင်ယန်မြူးနစ်အသင်းနဲ့ အပြိုင်ကြိုးပမ်းရမည်ဖြစ်တယ်လို့ သိရပါတယ်။

ဘာစီလိုနာအသင်းသို့ ကွင်းလယ်ကစားသမား ဖရန်ကီဒီဂျောင်ရောက်ရှိလာခဲ့တာကြောင့် ရာကီတစ်မှာ အသင်းပြောင်းရွှေ့ကစားဖွယ်ရှိနေပြီး ဘာစီလိုနာအသင်းကမူ အဆိုပါကစားသမား၏ ပြောင်းရွှေ့ကြေးကို ပေါင် ၄၄ သန်းသတ်မှတ်ထားတယ်လို့ဆိုပါတယ်။

ကွင်းလယ်ကစားသမား ရာကီတစ်ရဲ့ လက်ရှိချုပ်ဆိုထားတဲ့ ဘာစီလိုနာအသင်းနဲ့ စာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

ARYU GLOBAL CARE within reach INTERNATIONAL HOSPITAL

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ဓာတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ဓာတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (၀၁) ၉၃၇ ၆၂၀၀

www.aryuhospital.com

# လူကုန်ကူးခံရသည့် အမျိုးသမီးနှစ်ဦးအား မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၂၃**

တရုတ်နိုင်ငံတွင် တစ်နှစ်ကျော်ကြာ လူကုန်ကူးခံရသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ဝမ်ဟွေရပ်ကွက်နေ မဂျေလေနှင့် မိုင်းခတ်မြို့နယ် မိုင်ကာ(ပါယန်း)ကျေးရွာနေ မနာလောတို့အား လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးဘာနာ၁၀ ဦးဆောင်သည့်အဖွဲ့က တာချီလိတ်မြို့မှတစ်ဆင့် မိုင်းဖြတ်မြို့သို့ခေါ်ဆောင်လာပြီး ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၅ နာရီခန့်က မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဂျေလေနှင့် မနာလောတို့ နှစ်ဦးသည် ၂၀၁၇ ခုနှစ် ဇူလိုင်လက တရုတ်နိုင်ငံသို့ အလုပ်သွားလုပ်ရန် နေအိမ်မှထွက်ခွာသွားပြီး တရုတ်နိုင်ငံ ပေကျင်းမြို့ ခွေနာဒေသအရောက်တွင် မသမာသူများ၏ သွေးဆောင်မှုကြောင့် တစ်နှစ်ကျော်ကြာ လူကုန်ကူးခြင်းခံခဲ့ရကြောင်း၊ ထိုအမျိုးသမီးနှစ်ဦးသည် ပေကျင်းမြို့ ခွေနာဒေသတွင် ဆုံတွေ့ခဲ့ကာ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရသဖြင့် ယင်းဒေသမှ ထွက်ပြေး၍ ပေကျင်းမြို့နယ် တရုတ်ရဲတပ်ဖွဲ့သို့ သွားရောက်အကူအညီတောင်းခံရာမှ ပေကျင်းမြို့တွင် ရက်ပေါင်း ၈၀ မျှ နေခဲ့ရကြောင်း သိရသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် တရုတ်နိုင်ငံရဲတပ်ဖွဲ့က ဒုတိယပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဦးစီးဌာန ကျိုင်းတုံမြို့သို့ ဆက်သွယ်အကြောင်းကြားလာပြီး ထိုမှတစ်ဆင့် မိုင်းဖြတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် မှတ်ပုံတင်ဦးစီးဌာနသို့ ဆက်လက်အကြောင်းကြားရာမှ တစ်ဆင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးဘာနာ၁၀ထံ ဆက်သွယ်အကြောင်းကြားပေးခြင်းကြောင့် လူကုန်ကူးခံနေရသည့်အမျိုးသမီးနှစ်ဦးနှင့် ပြန်လည်အဆက်အသွယ်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသမီးနှစ်ဦးအား ဖေဖော်ဝါရီ ၂၁ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့ရဲတပ်ဖွဲ့က ရန်ကုန်လေဆိပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်လေဆိပ်မှ တာချီလိတ်မြို့သို့ ပို့ဆောင်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်မြို့မှ ရဲအုပ်လှဘုန်းနှင့်အဖွဲ့၏ ကူညီဆောင်ရွက်ပေးမှုဖြင့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးဘာနာ၁၀ ဦးဆောင်သည့်အဖွဲ့က မိုင်းဖြတ်မြို့နယ်ရှိ မိဘဆွေမျိုးများထံ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၉)ရပ်ကွက် ပိတောက်မြိုင်လမ်းရှိ အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၁၆ ရက်က ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းအောင်က သက်ငယ်မုဒိမ်းမှုကျဆင်းရေးနှင့် မှုခင်းကျဆင်းရေး ဟောပြောစဉ်။ ဌေးအောင်

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၈၇၂ စီး၊ သွင်းကုန် ၃၆၁ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ခြောက်စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု လေးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈ ဒသမ ၈၂၄ သန်း)ရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသုံးရန်မသင့်သော အေးခဲငါးများ ၁၂၈၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်နှစ်စီးအား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေ၊ နှစ်ဦးဒဏ်ရာရ

**တောင်ငူ ဖေဖော်ဝါရီ ၂၃**

တောင်ငူ-သံတောင်ကားလမ်းတွင် ဖေဖော်ဝါရီ ၂၂ ရက် ညပိုင်းက သုံးဘီးဆိုင်ကယ်နှင့် ဆိုင်ကယ်တို့မျက်နှာချင်းဆိုင်တိုက်မိ၍ တစ်ဦးသေပြီး နှစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူ-သံတောင်သွားကားလမ်းတွင် ဖေဖော်ဝါရီ ၂၂ ရက် ည ၈ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ တောင်ငူအမှတ်(၃)နယ်မြေရဲစခန်းမှ တာဝန်မှူး ခင်သက်မွန်နှင့်အဖွဲ့သည် တောင်ငူယာဉ်ထိန်းတပ်ဖွဲ့စု(၁၂)မှ ရဲအုပ်မျိုးအောင် ဦးစီးအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မိုင်တိုင် ၂/၂ နှင့် ၃ အကြား မိုးကောင်းကျေးရွာအုပ်စု ကရင်ချောင်းကျေးရွာအနီးတွင် သံတောင်ဘက်မှ တောင်ငူမြို့ဘက်သို့ ခင်မောင်စိန် ဒိုးသောင်ကျေးရွာ တောင်ငူမြို့နေသူမောင်းနှင်လာသော သုံးဘီးဆိုင်ကယ်သည် မျက်နှာချင်းဆိုင်မှ ဇော်ဝင်းနိုင် ကောင်းမှုတော်ရွာသစ် တောင်ငူမြို့နေသူမောင်းနှင်ပြီး ဇေယျာမင်းထက်လိုက်ပါလာသော ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဇော်ဝင်းနိုင်မှာ သေဆုံးခဲ့ပြီး သုံးဘီးဆိုင်ကယ်မောင်းနှင်သူ ခင်မောင်စိန်တွင် ဒဏ်ရာ(စိုးရိမ်ရ)နှင့် ဇေယျာမင်းထက်တွင် ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**မီးဘေးရှောင် မလောင်ခင်တား**

Times City

စိန်ရွှေကျောက်မျက်ရတနာဈေးကွက်ကို
တစ်စုတစ်ဝေးတည်းရောင်းဝယ်နိုင်မည့် ပထမဆုံးသော
Jewellery & Luxury Mall



ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာဆိုင်များ၊ Gold Stock Exchange၊ခေတ်မီစက်များဖြင့် ပုံဖော်ပေးသည့်ပန်းထိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ စုံလင်စွာပါဝင်သောကြောင့် မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာ ဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျရွေးချယ် ရောင်းဝယ်နိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။ နိုင်ငံတကာအဆင့်မီ Branded ပစ္စည်းများရောင်းချသောဆိုင်များလည်း ဖွင့်ထားမှာဖြစ်လို့ မိတ်ဆွေတို့ စိတ်ကျေနပ်စွာ ဝယ်ယူနိုင်ပါသည်။

ပစ္စည်းအမျိုးအစား စုံလင်စွာရရှိနိုင်သော Times Mall လည်းရှိမှာဖြစ်လို့ လိုအပ်ချက်တွေကို တစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းလိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ Information Centre ကို ဖွင့်လှစ်ပေးပြီး 28.2.2019 အထိ မမျှော်လင့်သောဈေးနှုန်းများဖြင့် ငှားရမ်းပေးနေပါသဖြင့် လာရောက်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

Jewellery & Luxury Mall ဆိုင်ခန်းအငှားအတွက် အထူးဈေးနှုန်းအနေဖြင့်

| | | |
|---|---|---|
| Level-1 | တစ်စတုရန်းပေ | 5 $ |
| Level-2 | တစ်စတုရန်းပေ | 3.5 $ |
| Level-3 | တစ်စတုရန်းပေ | 3 $ |
| Level-4 | တစ်စတုရန်းပေ | 2.5 $ |
| Level-5 | တစ်စတုရန်းပေ | 2.5 $ |

အသီးသီး ငှားရမ်းနိုင်ပါကြောင်း သတင်းကောင်းပေးလိုက်ပါရစေ။

| | |
|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။ |
| ဖုန်းနံပါတ်များ | - 09-765800800 , 09-764800800 , 09-5045777 |
| Website | - http://www.timescity.com.mm |
| Facebook | - Times City Yangon - Myanmar |
| Email | - timescityproject@gmail.com |

# ထိုင်းနိုင်ငံဒုက္ခသည်စခန်းများမှ နေရပ်ပြန်လာသူများအား ပဲခူးတွင် ထောက်ပံ့ငွေပေးအပ်

**ပဲခူး ဖေဖော်ဝါရီ ၂၃**

ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ နေရပ်ပြန်လာသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေနှင့် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးတို့က အမှာစကားပြောကြားကြပြီး ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ ပြန်လည်ရောက်ရှိလာသူများကိုယ်စား အိမ်ထောင်ဦးစီးတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ ပဲခူးတိုင်းဒေသကြီး ဝေါ၊ တောင်ငူ၊ ထန်းတပင်မြို့နယ်တို့မှ နေရပ်ပြန်လာသူ ၃၂ ဦးအား ဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေနှင့် ဒေါ်နော်ပွယ်စေးတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးသော တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးသော မိသားစုတစ်စုချင်းစီအတွက် Family Kit တစ်ပုံးနှင့် Kitchen Kit တစ်ပုံးစီတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများမှ ပဲခူးတိုင်းဒေသကြီးအတွင်း နေရပ်ပြန်လာသူများမှာ တောင်ငူမြို့နယ်မှ ၁၀ ဦး၊ ထန်းတပင်မြို့နယ်မှ ၁၅ ဦး၊ ဝေါမြို့နယ်မှ ခုနစ်ဦး စုစုပေါင်း ၃၂ ဦးဖြစ်ပြီး အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်မရှိသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှ အထူးကိစ္စရပ်အနေဖြင့် အဆင်ပြေစွာ ဆောင်ရွက်ပေးခြင်း၊ ကျောင်းနေအရွယ်ကလေးများ ပါလာခြင်းကြောင့် ပညာရေးနှင့်ပတ်သက်သည့် လိုအပ်ချက်များကို သက်ဆိုင်ရာကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခြင်း၊ ရပ်ကွက်အတွင်း နေထိုင်ရာတွင် အဆင်ပြေစေရေး ဆွေမျိုးများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပေးကြသည်။ **တင်စိုး(ပဲခူး)**



# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာသည့် တိုင်းရင်းသားများအား ပြန်လည်ကြိုဆိုလက်ခံခြင်းနှင့် ထောက်ပံ့ပေးအပ်ပွဲကျင်းပ

**မယ်စဲ့ ဖေဖော်ဝါရီ ၂၃**

ကယားပြည်နယ် မယ်စဲ့မြို့နယ် ဘီပီ(၁၃)ဂိတ် ကြိုဆိုရေးစခန်း၌ နှစ်နိုင်ငံပူးပေါင်း၍ ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ဘန်ပန္ဒိုင်းဆွိုင်း(နားဆွယ်) ဒုက္ခသည်စခန်းမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသည့် တိုင်းရင်းသားပြည်သူများအား ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲက ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ UNHCR၊ NGO၊ INGO အဖွဲ့များက သွားရောက်ကြိုဆို လက်ခံခဲ့သည်။

ယင်းနောက် မယ်စဲ့မြို့မြို့နယ်ခန်းမ၌ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး နေရပ်ပြန်တိုင်းရင်းသားပြည်သူများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်၊ဆီ၊ ရေသန့်ပစ္စည်းများကိုလည်းကောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ အိမ်အသုံးအဆောင်နှင့် စားစရိတ်ဖိုးငွေများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန နတလဦးစီးဌာနမှ ရိက္ခာဖိုးတစ်လစာငွေကိုလည်းကောင်း၊ UNHCR မှ အစားအသောက်နှင့် ရေသန့်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ Family Kit နှင့်အမျိုးသမီးအသုံးအဆောင်များကိုလည်းကောင်း၊ NRC မှ အိမ်အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ ပစ္စည်းတန်ဖိုးနှင့် ထောက်ပံ့ငွေ စုစုပေါင်းကျပ် ၉၉၀၈၀၄၀ ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာကောင်စစ်ဝန်ချုပ် ဦးသိန်းတင်နှင့်တာဝန်ရှိသူများက အသီးသီးထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ နေရပ်ပြန်ပြည်သူများအား စိစစ်လက်ခံရေးအဖွဲ့မှ အိမ်ထောင်စုအလိုက် စာရင်းကောက်ယူခြင်း၊ သက်ဆိုင်ရာမြို့နယ်များတွင် နိုင်ငံသားခိုင်မာမှုအဆင့်အလိုက် နိုင်ငံသားစိစစ်ရေးကတ်များ ပိုင်ဆိုင်ခွင့်ထုတ်ပေးနိုင်ရေး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ကူညီထောက်ပံ့ပေးရေးအဖွဲ့မှ ကူညီပံ့ပိုးနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်ခရိုင် ဘန်ပန္ဒိုင်းဆွိုင်း(နားဆွယ်) ဒုက္ခသည်စခန်းမှ မိမိဆန္ဒအလျောက် ပြန်လိုသည့် တိုင်းရင်းသားများမှာ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတော၊ ဖားဆောင်းမြို့နယ်များမှ အိမ်ထောင်စု ၁၅ စု၊ အမျိုးသား ၃၁ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၅၉ ဦး ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပြီး ၎င်းတို့၏နေရပ်များသို့ ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

# မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**



မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ် (၁) လမ်းရှိ ရန်ကုန်ရုံးခွဲခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ အဖွဲ့နာယက ဦးရဲမြင့်ဖေ စာတည်းမှူးချုပ်(ငြိမ်း)နှင့် သတင်းထောက်ချုပ် ဦးမြင့်ဆွေတို့က မုဒိတာစကားပြောကြားပြီး အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (ကျောက်တန်း)က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ နှစ်ပတ်လည် အစည်းအဝေး အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း (သန်လျင်)၊ ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး ဦးတင်ဝင်း (ကြည့်မြင်တိုင်)နှင့် စာရင်းစစ် အစီရင်ခံစာကို ဦးမျိုးမင်းသိန်း(မရမ်းကုန်း)တို့က ဖတ်ကြားကြပြီး တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

ယနေ့ အခမ်းအနားတွင် ဦးအောင်ဖြိုးရှိန် (မောင်ယဉ်ကျေး-တာချီလိတ်)က ငွေကျပ် ၂၀၀၀၀၀၊ ဦးမင်းသိန်းကျော် (မြန်ရွှေဉ‌ဒေါင်းမင်းကုမ္ပဏီ သန်လျင်)က ငွေကျပ် ၂၀၀၀၀၀၊ ကြည့်မြင်တိုင်မြို့နယ် သတင်းစာဆရာအသင်း အတွင်းရေးမှူး ဦးခိုင်မိုးရဲမင်း (ရွှေအိမ်သစ်) မိသားစုက ငွေကျပ် ၁၅၀၀၀၀၊ ဦးဇော်ဝင်း- ဒေါ်မိမိတင် (ချမ်းမြေ့မေတ္တာဆေးရုံသန်လျင်)က ငွေကျပ် ၁၀၀၀၀၀၊ ဦးဌေးဝင်း-ဒေါ်ဝင်းဝင်းကြိုင် (နီလာမင်းရွှေဆိုင်)က ငွေကျပ် ၁၀၀၀၀၀၊ ဦးမောင်မောင်တိုး- ဒေါ်မိုးစန္ဒာထွန်း(ရာဇသောက်ရေသန့်)က ငွေကျပ် ၁၀၀၀၀၀၊ ဦးသိန်းဇော်ဦး- ဒေါ်ရူပကျော်(သန်လျင်)က ငွေကျပ် ၁၀၀၀၀၀၊ ဦးအောင်ကျော်ဝင်း- ဒေါ်မြသီတာဦး(သန်လျင်)က ငွေကျပ် ၁၀၀၀၀၀ အပါအဝင် အလှူရှင်များက ငွေကျပ် ၁၃ သိန်း ငါးသောင်း ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက လက်ခံရယူခဲ့ကြောင်း သိရသည်။ **တင်ဝင်းတင်**

# (၂၄)ကြိမ်မြောက် ကျပ်ငါးရာတန် အောင်ဘာလေထီဖွင့်ပွဲ ငွေကျပ်သန်းပေါင်း ၂၉၄၅ ဒသမ ၄၄၈ ကို ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

(၂၄)ကြိမ်မြောက် ကျပ်ငါးရာတန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို မတ် ၁ ရက် နံနက် ၈ နာရီမှစတင်၍ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ထီစာအုပ်ရောင်းရ ငွေ၏ ၆၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ်သန်းပေါင်း ၂၉၄၅ ဒသမ ၄၄၈ ကို ထီဆုငွေအဖြစ် ခွဲဝေချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

ယခုလတွင် က အက္ခရာမှ ဌ အက္ခရာအထိ အက္ခရာအလုံးရေ ၁၂ လုံးဖြင့် ထီစာအုပ် စုစုပေါင်း ၉၈၁၈၁၆ အုပ်ကို ထီထိုးသူပြည်သူများထံ ထုတ်ဝေရောင်းချနိုင်ခဲ့ပြီး အထူးဆုကြီးစနစ်မှ ကျပ်သိန်းတစ်သောင်းဆု၊ ကျပ်သိန်းတစ်ထောင်ဆုများအပါအဝင် အခြားဆုမဲပေါင်းများစွာကို တစ်ရက်တည်းအပြီးဖွင့်လှစ်ပေး သွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် (၂၄)ကြိမ်မြောက် ကျပ်ငါးရာတန် ထီဖွင့်ပွဲမှ ကံထူးရှင်များအနက် ကျပ် ၁၀ သိန်းနှင့်အထက် ကံထူးရှင်များကို မတ် ၄ ရက်မှစတင်၍ နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျန်ဆုမဲကံထူးရှင်များအားလုံးကို မတ် ၁၁ ရက်မှစတင်၍ ဆုငွေများထုတ်ပေးသွားမည်ဖြစ်ကာ ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများတွင် ထုတ်ယူနိုင်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏ ထုတ်ပြန်ကြေညာချက်အရ သိရသည်။ **မျိုးသူဟိန်း**

# ပုသိမ်-မုံရွာကားလမ်းပေါ်မှ သက်တမ်းကုန်ကြိုးတံတားဖျက်သိမ်း သံမဏိရက်မသံပေါင်တံတား အစားထိုးတည်ဆောက်

**မကွေး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာကားလမ်းပေါ်ရှိ မဲဇလီကြိုးတံတားအား ဖျက်သိမ်း၍ Box Girder အမျိုးအစား သံမဏိရက်မသံပေါင်တံတား အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့(၃)က ဆောင်ရွက်လျက်ရှိသည်။

ယခုဖျက်သိမ်းလိုက်သော မဲဇလီကြိုးတံတားသည် ၂၀၀၄ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် ဆောက်လုပ်ခဲ့ပြီး ၂၀၀၇ ခုနှစ်၌ ဖွင့်လှစ်ခဲ့သော တံတားဖြစ်သည်။ တံတားမှာ ယာဉ်တစ်စီးချင်း တန် ၆၀ ခံနိုင်ဝန်သာတည်ဆောက်ထားသော်လည်း တန်ပိုတင်ယာဉ်များ ဖြတ်သန်းမောင်းနှင်မှုကြောင့် ကြိုးတံတားတွင် တပ်ဆင်ထားသော သံမဏိကြိုး၏ ခံနိုင်ရည်အားမှာ သတ်မှတ်ထားသော အချိန်ထက်စော၍ သက်တမ်းကုန်ဆုံးသွားကြောင်း သိရသည်။ ထို့ကြောင့် ၎င်းကြိုးတံတားအား ဖျက်သိမ်း၍ သံမဏိရက်မသံပေါင်ဖြင့်Box Girder အမျိုးအစားအား အစားထိုးပြန်လည်တပ်ဆင်သွားမည်ဟု သိရသည်။

ယခုအစားထိုး တည်ဆောက်မည့် တံတားအမျိုးအစားမှာ (1.2) မီတာလွန်ထူးပိုင်အုတ်မြစ်တံတားဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်၊ တံတားအပေါ်ထည် သံမဏိရက်မသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ ချဉ်းကပ်တံတား ယခင်ရှိပြီး အကျယ် ပေ ၂၀၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၂ ပေ ၆ လက်မ၊ တံတားအရှည်မှာ ဖျက်သိမ်းခဲ့သည့် ပင်မကြိုးတံတား အရှည်ပေ ၄၀၀၊ ယခင်တည်ဆောက်ထားသည့် ချဉ်းကပ်တံတား ပေ ၅၄၀ စုစုပေါင်း တံတားအရှည် ၉၄၀ ဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ခန့်မှန်း စီမံကိန်းတန်ဖိုးမှာ ကျပ်သန်း ၂၅၀၀ ခန့်မှန်းထားပြီး ဇွန် ၃၀ ရက်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရမ်း-စိုးမြင့်**





ကျားဝါပေ့ပေ့
ကြယ်ဖြူ
မိသားစု ကာတွန်းများ






TOP Tea House


ရွှေဆံရစ်



# ခွေးရူးရောဂါ စီမံချက်ရေးဆွဲကာကွယ်ပါ

**ဒေါက်တာသန်းအောင်စိုး**



ခွေးရူးရောဂါဆိုတာ အင်မတန် ကြောက်စရာကောင်းပါတယ်။ ဖြစ်ပွားရင်၊ ရောဂါလက္ခဏာပြရင် ကုလို့မရပါဘူး။ ရာနှုန်းပြည့် သေဆုံးပါတယ်။ မသေခင်လည်း အပြင်းအထန် ဝေဒနာခံစားရပြီးတော့ ရေမသောက်နိုင် လည်ပင်းတစ်ဆို့ပြီး သေဆုံးရတာဖြစ်ပါတယ်။ ရေမြင်ရင် ကြောက်တတ်လွန်းလို့ Hydrophobia လို့လည်း ခေါ်ပါတယ်။ စူးရှတဲ့အလင်းရောင်၊ ကျယ်လောင်တဲ့အသံလည်း ကြောက်ပါတယ်။ လေတိုက်ရင်လည်း ကြောက်ပါတယ်။ ဒါကြောင့် ခွေးရူးပြန်ရောဂါဖြစ်နေရင် မှောင်ပြီး ငြိမ်သက်တဲ့အခန်းမှာ ထားတာပါ။ ကမ္ဘာပေါ်မှာ ခွေးရူးရောဂါကြောင့် ကိုးမိနစ်မှာ လူတစ်ယောက်လောက် သေဆုံးနေပါတယ်။ အချို့စာရင်းတွေအရ ၁၄ မိနစ်မှာ တစ်ယောက်နှုန်းလောက် သေတယ်လို့လည်း ဆိုပါတယ်။ အာရှနဲ့ အာဖရိကတိုက်မှာ အဖြစ်များပြီး မြန်မာနိုင်ငံမှာလည်း အဖြစ်များပါတယ်။ စာရင်းအတိအကျမရပေမယ့် မြန်မာနိုင်ငံမှာ တစ်နှစ် လူ ၂၀၀ လောက် သေဆုံးတယ်လို့ ခန့်မှန်းပါတယ်။ ခွေးကိုက်မှုရဲ့ ၄၀ ရာခိုင်နှုန်းက ၁၅ နှစ်အောက်ကလေးတွေ အကိုက်ခံရပါတယ်။ ခွေးအနီးမှာ ပြေးလွှားဆော့ကစားလို့ မျက်စိနောက်ပြီး အကိုက်ခံရတာများပါတယ်။ ဒါကြောင့် ခွေးတွေ့ရင် အကြောက်လွန်ပြီး ထွက်မပြေးဖို့လည်း လိုပါတယ်။

ခွေးရူးရောဂါအကြောင်းပြောရင် Lyssay Virus ကြောင့်ဖြစ်တာပါ။ Neurotropic Virus အာရုံကြောကို ကြိုက်တဲ့ဗိုင်းရပ်စ်ပါ။ ရူးတဲ့ခွေးရဲ့ တံတွေးက တစ်ဆင့် အကိုက်ခံရသူကိုယ်ထဲ ရောက်ပါတယ်။ အာရုံကြောတွေကတစ်ဆင့် ဦးနှောက်ကိုရောက်ပြီး ခန္ဓာကိုယ်အလေးချိန်နဲ့တွက်ပြီး ဆရာဝန်က ထိုးပေးမှာဖြစ်ပါတယ်။

**ခွေးသာမက ကြောင်မှာလည်းဖြစ်တတ်လို့ ကြောင်တွေပါ ကာကွယ်ဆေးထိုးဖို့ လိုပါတယ်။ ခွေးနဲ့ ကြောင်ကို အသက်သုံးလသားကစပြီး တစ်နှစ် တစ်ကြိမ်ထိုးတာတော့ စိတ်ချရပါတယ်။ အဓိကကတော့ Stray Dogs လို့ခေါ်တဲ့ လမ်းဘေးခွေး ပြဿနာပါ။**

ခွေးရူးပြန်လက္ခဏာ ပြပါတယ်။ တစ်ပတ်၊ သုံးလ၊ ခြောက်လ၊ တစ်နှစ် စသည်ဖြင့် ကြာအောင် ပိုးပျိုးနေပြီးမှ လက္ခဏာပြပါတယ်။ တချို့တစ်နှစ်ထက်ပိုပြီးတော့ ကြာပါတယ်။ ခြောက်နှစ်အထိ ကြာတတ်တာလည်း ရှိတယ်လို့ ဆိုပါတယ်။ ရောဂါလက္ခဏာပြရင်တော့ ကုလို့မရတော့ပါဘူး။ ဒါကြောင့် ခွေးကိုက်ခံရရင် ဒဏ်ရာကို ရေလောင်းချပြီး ၁၅ မိနစ်လောက် ဆပ်ပြာနှင့် ဆေးရပါမယ်။ ပြီးမှ ပိုးသတ်ဆေး Antiseptic Soultion ထည့်ပေးရပါမယ်။ ဒဏ်ရာကိုမချုပ်ရဘူး။ Suture မလုပ်ရပါဘူး။ Tetanus ဆိုတဲ့ မေးခိုင်ရောဂါဝင်တတ်လို့ ဖြစ်ပါတယ်။ ဒါကြောင့် မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးရပါမယ်။ ခွေးရူးရောဂါ ကာကွယ်ဆေးလည်း ထိုးရပါမယ်။ အရေပြားသွေးစို့ရုံ ခြစ်မိလည်း ကာကွယ်ဆေးထိုးရပါမယ်။

**ဖြေဆေးပါထိုးဖို့လို**

Verorab တို့၊ Rabiper တို့ အဲဒါတွေကို Day O၊ Day 3၊ Day 7၊ Day 28 စသည်ဖြင့် ထိုးရပါမယ်။ ခြေထောက်၊ လက်၊ မျက်နှာတွေမှာ ခွေးရူးကိုက်မိရင်တော့ ကာကွယ်ဆေးရော၊ ဖြေဆေးပါထိုးဖို့လိုပါတယ်။ RIG (Rabies Immuno globulin) သွေးရည်ကြည် ဖြေဆေးပါ။ အကိုက်ခံရတဲ့ ဒဏ်ရာဝန်းကျင်ကို လူနာရဲ့ ခန္ဓာကိုယ်အလေးချိန်နဲ့တွက်ပြီး ဆရာဝန်က ထိုးပေးမှာဖြစ်ပါတယ်။

**ရောဂါကြီးခြောက်မျိုး**

ခွေးရူးရောဂါဖြစ်ပွားခြင်းမှာ ၉၉ ရာခိုင်နှုန်းက ခွေးကကိုက်လို့ကူးတာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)၊ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE)တို့ကလည်း တစ်ခုတည်းသော ကျန်းမာရေး (One Health) အနေနဲ့ ခွေးရူးရောဂါကို အရေးအကြီးဆုံးရောဂါသုံးမျိုးထဲမှာ ထည့်ထားပါတယ်။ မြန်မာနိုင်ငံမှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ကလည်း Zoonoses လို့ခေါ်တဲ့ တိရစ္ဆာန်က လူကိုကူးတဲ့ အဓိကရောဂါကြီးခြောက်မျိုးမှာ ခွေးရူးရောဂါကို ပထမအရေးအကြီးဆုံးရောဂါအဖြစ် ဖော်ပြထားပါတယ်။ အခုနောက်ဆုံးထုတ်ပြန်တဲ့စာရင်းအရ မြန်မာပြည်မှာ ခွေးကောင်ရေ ၃ ဒသမ ၈ သန်းရှိပါတယ်။ လူကိုခွေးကိုက်ခံရမှုက တစ်နှစ်မှာ ၁၅၀၀၀ ကနေပြီး ၂၀၀၀၀၀ ခန့်အထိလို့ ခန့်မှန်းကြပါတယ်။ ၂၀၁၇ ခုနှစ်မှာ ၁၈၀၀၀၀ ကျော်နဲ့ ၂၀၁၈ ခုနှစ်မှာ ၁၉၀၀၀၀ ကျော်ရှိပါတယ်။ ခွေးရူးလို့ သံသယနှင့် သေဆုံးတဲ့ တိရစ္ဆာန်တွေကိုမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဓာတ်ခွဲခန်းမှာစစ်ထားတဲ့ အဖြေတွေကိုကြည့်တဲ့အခါ ခွေးရူးလို့သံသယရှိရင် တော်တော်များများမှန်နေတာ တွေ့ရပါတယ်။

**ရည်မှန်းချက်**

ခွေးရူးရောဂါက သတ္တဝါတော်တော်များများမှာ ဖြစ်ပါတယ်။ လင်းနို့မှာတော့ ရောဂါမဖြစ်ဘဲ ပိုးသယ်ဆောင်လာနိုင်တာကြောင့် လုံးဝအမြစ်ပြတ်ဖို့ Eradicateလုပ်လို့ မရနိုင်ပါဘူး။ လျော့နည်းအောင်၊ ကူးစက်မှုမရှိအောင် Eliminate လုပ်ဖို့ ကြိုးစားကြရပါတယ်။ WHO ကလည်း ၂၀၃၀ ပြည့်နှစ်မှာ ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိစေရ၊ "Zero Deaths by 2030" လို့ ရည်မှန်းချက်ထားပါတယ်။ တစ်ကမ္ဘာလုံးအနေနဲ့ကလည်း စက်တင်ဘာလ ၂၈ ရက်နေ့ကို "ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့" ဆိုပြီး သတ်မှတ်ကျင်းပခဲ့တာ ၁၂ ကြိမ် ရှိပါပြီ။ "Rabies: Share The Massages Save a Life""ခွေးရူးရောဂါ ကာကွယ်ဖို့ သတင်းစကားမျှဝေကာ အသက်ကယ်စို့" လို့ ဒီနှစ်ဆောင်ပုဒ်ဖြစ်ပါတယ်။

**ဆွေးနွေးတင်ပြ**

တစ်ကမ္ဘာလုံးဆိုင်ရာ မူဘောင်တွေအနေနဲ့ Global Framework ချမှတ်ထားပါတယ်။ လူမှုရေးဆိုင်ရာ ယဉ်ကျေးမှု (Socio-cultural)၊ နည်းပညာပံ့ပိုးမှု (Technical)၊ အဖွဲ့အစည်းတွေ (Organizational) နဲ့ ဆက်သွယ်မှု၊ မူဝါဒ(Political)၊ ညွှန်ကြားချက်တွေ၊ အရင်းအမြစ် (Resources)နှင့် ဘဏ္ဍာငွေရရှိမှုတို့ ပါဝင်ပါတယ်။ အာဆီယံအနေနဲ့လည်း အခုလိုနည်းဗျူဟာတွေ ချမှတ်ထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ခွေးရူးရောဂါအကြောင်းကို ဆရာဝန်တွေ၊ တိရစ္ဆာန်ဆေးကုဆရာဝန်တွေနဲ့ ပညာရှင်တွေက သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ တီဗွီတွေကနေပြီး ရေးသားဖော်ပြ ဆွေးနွေးတင်ပြနေကြပါတယ်။ သွေးစို့ရုံ၊ သွားနဲ့ခြစ်မိရုံနဲ့ ကာကွယ်ဆေးမထိုးမိရာက အသက်ဆုံးရှုံးရတဲ့ တကယ့်အဖြစ်အပျက်ကို အာရောဂျံမဂ္ဂဇင်းမှာ "ခြစ်မိလို့"ဆိုတဲ့ ခခွေးယရစ် စသတ်ခြစ်နဲ့ ခေါင်းစဉ်နဲ့ရေးသားခဲ့ပါတယ်။

**ကာကွယ်ဆေးထိုးဖို့လို**

ခွေးသာမက ကြောင်မှာလည်းဖြစ်တတ်လို့ကြောင်တွေပါ ကာကွယ်ဆေးထိုးဖို့လိုပါတယ်။ ခွေးနဲ့ ကြောင်ကို အသက်သုံးလသားကစပြီး တစ်နှစ်တစ်ကြိမ်ထိုးတာတော့ စိတ်ချရပါတယ်။ အဓိကကတော့ Stray Dogs လို့ခေါ်တဲ့ လမ်းဘေးခွေးပြဿနာပါ။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြည့်မယ်ဆိုရင် လမ်းဘေးခွေးပေါတဲ့ ရန်ကုန်နှင့် မန္တလေး၊ ပဲခူးတိုင်းဒေသကြီးတွေမှာ အဖြစ်များတာ တွေ့ရပါတယ်။ ယခင်စည်ပင်သာယာက အဆိပ်ကျွေးပြီးတော့ ဖြေရှင်းခဲ့ကြပေမယ့် အခုခွေးချစ်သူတွေရော၊ Animal Welfare လို့ခေါ်တဲ့ တိရစ္ဆာန်များ သက်သာစွာနေနိုင်ရေး အရရော လက်မခံကြတော့ပါဘူး။ လူမှုရေးဆိုင်ရာ ယဉ်ကျေးမှု (Socio - cultural) ပြဿနာပါ။ စည်ပင်သာယာ အဆိပ်ကျွေးတဲ့ခေတ်က အဆိပ်မိတဲ့ခွေးတွေကို ကုဖို့အတွက် ခေါ်တဲ့လူက တစ်ယောက်၊ သွားကုတော့လည်း အဆိပ်ကျွေးခိုင်းတဲ့ သူနဲ့တွေ့လို့ ဆရာဝန် ရန်တွေ့ခံရတဲ့ အဖြစ်ကို မြန်မာ့မွေးမြူရေးစာစောင်မှာ "လားရာမတူသော မျဉ်းပြိုင်နှစ်ကြောင်း၏အလယ်" ဆိုပြီး ရေးခဲ့ပါတယ်။

**ဌာနဆိုင်ရာအားလုံး ပူးပေါင်း**

ဒါက(Public Awareness) လူထု အာရုံစိုက်မှုရဖို့ ဖြန့်ဝေတဲ့သဘောပါ။ အခုဒီထက်ပိုပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ တစ်ချိန်တုန်းကတော့ မန္တလေးမှာ ခွေးဂေဟာဖွင့်ပြီးတော့ လမ်းဘေးခွေးတွေကို စောင့်ရှောက်ခဲ့ပါတယ်။ အခုတော့ ခွေးချစ်သူတွေစုပေါင်းပြီး ဆောင်ရွက်နေတာကို လူမှုကွန်ရက်တွေမှာလည်း မြင်တွေ့ရပါတယ်။ လမ်းဘေးခွေးတွေကို စီမံချက်ချမှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မပွားအောင် သင်းကွပ်ခြင်း၊ တားဆေးထိုးခြင်း၊ ခွေးရူးကာကွယ်ဆေးထိုးခြင်း စတာတွေကို မြို့နယ်အလိုက် ဌာနဆိုင်ရာအားလုံး ပူးပေါင်းပြီးတော့ ဆောင်ရွက်သင့်ပါတယ်။

**ထိန်းသိမ်းစောင့်ရှောက်**

ခွေးတွေကို ကာကွယ်ဆေးထိုးဖို့အတွက် အလှူရှင်တွေ၊ ပြည်တွင်း၊ ပြည်ပအသင်းအဖွဲ့၊NGO ၊ INGO တွေနဲ့ ဆက်သွယ်ဆောင်ရွက်သင့်ပါတယ်။ ယခင် OIE ကနေပြီးတော့ မြန်မာပြည်အတွက် ခွေးရူးကာကွယ်ဆေး ခွေးကောင်ရေ လေးသိန်းအတွက် လှူဒါန်းခဲ့ပါတယ်။ ခွေးရူးကာကွယ်ဆေးကို ကျန်းမာရေးဝန်ကြီးဌာနကလည်း လူတွေအတွက် ဝယ်ယူသုံးစွဲခဲ့ပါတယ်။ ၂၀၁၅ - ၂၀၁၆ မှာ ကာကွယ်ဆေး ၄၀၀၀၀၀၊ ၂၀၁၆ - ၂၀၁၇ မှာ ကာကွယ်ဆေး ၄၅၀၀၀၀၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်အတွက်ဆိုရင် ခွေးရူးပြန်ကာကွယ်ဆေး ၃၃၀၀၀၀ နဲ့ ဖြေဆေး RIG - ၃၀၀၀၀ ဝယ်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်က ဆေးရုံတွေကို ဖြန့်ဖြူးပေးခဲ့ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့လည်း ခွေးတွေကို ကာကွယ်ဆေးထိုးဖို့ ဘတ်ဂျက်ချမှတ် ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ပိုမိုအောင်မြင်မှာ ဖြစ်ပါတယ်။ ကုန်ကျစရိတ်လည်း အများကြီးသက်သာသွားမယ်။ ခွေးတွေရဲ့ ၇၀ ရာခိုင်နှုန်းလောက်ကို ထိုးပေးနိုင်ရန် ဖြစ်ပွားနှုန်း အများကြီးလျော့ကျတယ်လို့ ဆိုပါတယ်။ ခွေးရူးရောဂါသာ မကြောက်ရရင် နိုင်ငံခြားခရီးသွားတွေလည်း ပိုမိုဝင်ရောက်လာနိုင်မှာ ဖြစ်ပါတယ်။ လယ်ဝေး၊ ညောင်ဦးနှင့် မှော်ဘီမြို့နယ်တွေမှာ စမ်းသပ်ဆောင်ရွက်ထားပြီးလည်း ဖြစ်ပါတယ်။ အခုအချိန်ကစပြီးတော့ ခွေးရူးရောဂါ ရပ်တန့်သွားအောင် ဆောင်ရွက်ဖို့လိုပါပြီ။ ဒါကြောင့် လူမှုရေးဆိုင်ရာ ယဉ်ကျေးမှုဖြစ်ဖြစ်၊ နည်းပညာပိုင်းအရပဲဖြစ်ဖြစ်၊ သုတေသနပြုလုပ်ခြင်း၊ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အမိန့်၊ ညွှန်ကြားချက်တွေ ထုတ်ပြန်ခြင်း၊ ဘဏ္ဍာငွေ ချမှတ်သုံးစွဲခြင်းတွေ ပြုလုပ်ရပါမယ်။ ဘဏ္ဍာငွေ ချမှတ်သုံးစွဲခြင်းဆိုတဲ့ နေရာမှာလည်း လူအတွက်သာမက ခွေးတွေအတွက် ကာကွယ်ဆေးထိုးဖို့၊ လမ်းဘေးခွေးတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုပါတယ်။

တကယ်လို့ တစ်တိုင်းပြည်လုံးအနေအထားအနေနဲ့ လမ်းဘေးခွေးတွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့ မဖြစ်နိုင်သေးဘူးဆိုရင်တောင်မှ လမ်းဘေးမှာရှိတဲ့ ခွေးတွေကို မျိုးမပွားအောင် တားဆေးထိုးခြင်း၊ သင်းကွပ်ခြင်း စတာတွေလုပ်ဖို့အတွက် ဘဏ္ဍာငွေချမှတ်သုံးစွဲဖို့ လိုပါတယ်။ လူနဲ့ တိရစ္ဆာန်တွေမှာဖြစ်ပွားတဲ့ ခွေးရူးရောဂါကို လျော့နည်းကျဆင်းအောင် စီမံချက်ချမှတ် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ဖို့ အထူးလိုအပ်ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

## မိတ္ထီလာတက္ကသိုလ်တွင် လျှော်ဆိုင်ရာ အသိပညာပေးဟောပြော

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၃**
မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဖေဖော်ဝါရီ ၂၂ နံနက် ၁၀ နာရီက မြန်မာနိုင်ငံလျှော်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်နှင့် ကော်မတီဝင် ဒေါက်တာစိုးမင်းတို့က လျှော်ဆိုင်ရာ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံလျှော်ကော်မတီဝင် ဒေါက်တာစိုးမင်းက လျှော်နှင့် လျှော်ဘေးအန္တရာယ်များအကြောင်း သိကောင်းစရာ ခေါင်းစဉ်၊ မြန်မာနိုင်ငံလျှော်ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က လျှော်များကို ခန့်မှန်းခြင်းနှင့် မြန်မာနိုင်ငံ၏ လျှော်ဘေးအန္တရာယ် ခေါင်းစဉ်ဖြင့် လျှော်ဆိုင်ရာများကို အသိပညာပေးဟောပြောသည်။

မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းစသည့် မြို့ကြီးများသည် စစ်ကိုင်းလျှော် ပြတ်ရွေ့ကြောပေါ်တွင် တည်ရှိပြီး မိတ္ထီလာမြို့လည်း ၎င်းမြို့ကြီးများထဲတွင်ပါဝင်ကာ စစ်ကိုင်းလျှော် ပြတ်ရွေ့ကြောသည် ပူတာအိုဒေသမှ ကပ္ပလီပင်လယ်အထိ ရှည်လျားသည့် လျှော်ပြတ်ရွေ့ကြောဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



နိုင်ငံခြားခရီးသွားဧည့်သည်များ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်သည်ကို တွေ့ရစဉ်။ **သန်းနိုင်ဦး(ဇဖဲ)**

## မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**
နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးဘေးလုံခြုံရေးအဖွဲ့မှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန II ၌ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ သရုပ်ပြဆွေးနွေးခဲ့ကြသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းကျော်က မီးသတ်ဆေးဘူးများ ကိုင်တွယ်ပုံနည်းစနစ်များ၊ မီးငြိမ်းသတ်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မီးဘေးကြိုတင်ကာကွယ်မှုဆိုင်ရာများ၊ မီးလောင်ကျွမ်းမှုဖြစ်ပါက ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့် မီးလောင်ကျွမ်းမှုနေရာဒေသ တိကျမှုရှိစေရေးများကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန II မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား ဆွေးနွေးပြောကြားပြီး မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ပိုက်ဖြင့် မီးငြိမ်းသတ်ခြင်းများကို လက်တွေ့ သရုပ်ပြသခဲ့ကြသည်။

**ခင်ဇော် (မဂ်လာ)**

**သတင်းလမ်းညွှန်**

### ဆေးလိပ်နှင့်ဆေးရွက်ကြီးဥပဒေ အလုပ်ရုံဆွေးနွေးမည်

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ကြော်ငြာခြင်း အရောင်းမြှင့်တင်ခြင်း၊ ပံ့ပိုးခြင်း၊ တားမြစ်ခြင်းနှင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများ ထုပ်ပိုးခြင်းတွင် ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားတံဆိပ်ရေးသားခြင်း ဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရန်ကုန်သူနာပြုတက္ကသိုလ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

* * *

### မြန်မာနိုင်ငံ၌ ပထမဆုံး ဆင်ပြတိုက်ဖွင့်လှစ်မည်

မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်မည့် ဆင်ပြတိုက်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန် တိရစ္ဆာန်ဥယျာဉ် သဘာဝသမိုင်းပြတိုက်အနီး မြန်မာ့ဆင်ပြတိုက်၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

* * *

### Myanmar Social Investment Forum ကျင်းပမည်

မြန်မာနှင့် အာရှ ရင်းနှီးမြှုပ်နှံသူများ တစ်နေရာတည်းတွင် ဆုံတွေ့နိုင်မည့် Myanmar Social Investment Forum 2019 ထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉နာရီမှ ၁၁နာရီထိ ပန်ပစိဖိတ်ဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

* * *

### ကွန်ပျူတာနည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ကွန်ပျူတာတက္ကသိုလ်က ကြီးမှူး၍ The 17th International Conference on Computer Applications( ICCA 2019) နှင့် The 11th international Conference on Future Computer and Communication (ICFCC 2019) သုတေသနစာတမ်းဖတ်ပွဲများကို ဖေဖော်ဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်စိုး**


**အနုပညာသတင်း**

## တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ပြန်လည်လှုပ်ရှားလာမယ့် ဂျွန်ဆိုမီ

ကေပေါ့ပ်တေးသံရှင်တစ်ဦးဖြစ်သူ ဂျွန်ဆိုမီဟာ လတ်တလောမှာတော့ တစ်ကိုယ်တော်တေးသံရှင် တစ်ဦးအဖြစ် တေးဂီတလောကအတွင်း ပြန်လည်ဝင်ရောက်လာမှာဖြစ်တယ်လို့ သိရပါတယ်။ ဂျွန်ဆိုမီရဲ့ တေးသီချင်းသစ်ကိုတော့ လာမယ့် မေလအတွင်း စတင်ထုတ်လွှင့်သွားမှာဖြစ်ပြီး လတ်တလောမှာတော့ ပြင်ဆင်မှုတွေ ပြုလုပ်နေတာဖြစ်တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၃ ရက်မှာတော့ ဂျွန်ဆိုမီရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘလက်လေဘယ်က ပေါ့ပ်ကြယ်ပွင့်ဟာ လာမယ့်မေလအတွင်း တေးသီချင်းသစ် ထုတ်လွှင့်သွားမှာဖြစ်ကြောင်း အတည်ပြုပြောကြားလာတာဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘလက်လေဘယ်က ဂျွန်ဆိုမီအနေနဲ့ တေးသီချင်းသစ်အတွက် အသံသွင်းခြင်း လုပ်ငန်းတွေ ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း၊ မေလအတွင်း ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း၊ သို့သော် တေးသီချင်းတစ်ပုဒ်တည်း စတင်ထုတ်လွှင့်ပေးသွားဖြစ်မှာလား၊ မီနီတေးအယ်လ်ဘမ် ထုတ်လွှင့်ဖြစ်မှာလား ဆိုတာကတော့ မသေချာသေးကြောင်းနဲ့ လတ်တလောမှာတော့ တေးဗီဒီယို ရိုက်ကူးဖို့ရာ ပြင်ဆင်နေကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။



ဂျွန်ဆိုမီဟာ ယခင်က ကျော်ကြားတဲ့ ကေပေါ့ပ် အမျိုးသမီး တေးဂီတအဖွဲ့ " I.O.I" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး နောက်ပိုင်းမှာတော့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ဂီတခရီးဆက်ဖို့ရာ ဆုံးဖြတ်ခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

**အေးပြည့်-စုစည်းသည်**

## အသက် ငါးနှစ်အရွယ်မှာ မျက်နှာဖုံးရှင်ဖြစ်လာတဲ့ နော့သ်ဝက်စ်ထ်

ဟောလိဝုဒ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ တေးသံရှင် ကန်းရီဝက်စ်ထ်နဲ့ ရုပ်သံသရုပ်ဆောင်တစ်ဦးဖြစ်သူ ကမ်ကာဒါးရှီးရန်းဒ်တို့ရဲ့သမီး နော့သ်ဝက်စ်ထ်ဟာ လတ်တလောမှာတော့ မဂ္ဂဇင်းမျက်နှာဖုံးရှင်ဖြစ်လာတာကို တွေ့ရပါတယ်။ ဒီလို မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးဖော်ပြခံရချိန်မှာတော့ သူဟာ အသက်ငါးနှစ်အရွယ်သာ ရှိသေးတာလည်း ဖြစ်ပါတယ်။

နော့သ်ဝက်စ်ထ်ဟာ အလှအပရေးရာ မဂ္ဂဇင်းတစ်ခုဖြစ်တဲ့ "WWD" မှာ မျက်နှာဖုံးရှင်အဖြစ် ဖော်ပြခံခဲ့ရတာဖြစ်ပြီး ဒီအကြောင်းတွေကိုတော့ ကမ်ကာဒါးရှီးရန်းက သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာပေါ်မှာ နော့သ်ဝက်စ်ထ်ရဲ့ ဓာတ်ပုံတွေနဲ့အတူ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ကမ်ရဲ့ ရေးသားဖော်ပြချက်အရ နော့သ်ဝက်စ်ထ်ဟာ ဖက်ရှင်နဲ့ အလှအပရေးရာကို အထူးစိတ်ဝင်စားသူ တစ်ဦးလည်းဖြစ်တယ်လို့ သိရပါတယ်။



## BTS နဲ့ တွဲဖက်ပြီး တေးသီချင်း ဖန်တီးချင်နေတဲ့ Westlife

တေးဂီတလှုပ်ရှားမှုသစ်တွေနဲ့ ပြန်လည်အသက်ဝင်လာတဲ့၊ တစ်ချိန်ကအလွန်ကိုကျော်ကြားခဲ့တဲ့ အိုင်ယာလန်အမျိုးသားတေးဂီတအဖွဲ့ "Westlife"ဟာ ကမ္ဘာကျော်ကေပေါ့ပ်တေးဂီတအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ "BTS" နဲ့တွဲဖက်ကာ တေးသီချင်းသစ်ဖန်တီးသွားလိုကြောင်း လတ်တလောမှာပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာ "Westlife" က ဖြေကြားခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Westlife" ဟာ လတ်တလောမှာ MBC ရုပ်သံလိုင်းက "Section TV" နဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ "BTS" နဲ့ တွဲဖက်ကာ တေးသီချင်းဖန်တီးလိုကြောင်း ပြောကြားခဲ့တာပါ။ ယင်းအင်တာဗျူးမှာ ကေပေါ့ပ်ရဲ့ကမ္ဘာကိုလွှမ်းမိုးလာမှုနဲ့အတူ ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့နဲ့ တွဲဖက်လုပ်ဆောင်ရမယ်ဆိုပါက ဘယ်အဖွဲ့နဲ့လက်တွဲလိုသည်ကို မေးမြန်းခဲ့ရာမှာတော့ "BTS" နဲ့လက်တွဲလိုကြောင်း "Westlife" အဖွဲ့ဝင်တွေက ပြန်လည်ဖြေကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

"Westlife" ဟာ ၁၉၉၈ ခုနှစ်မှာ တေးဂီတလောကအတွင်း စတင်ဝင်ရောက်လာတာ ဖြစ်ပါတယ်။ ကျော်ကြားတဲ့ တေးအယ်လ်ဘမ်တွေများစွာထုတ်လုပ်ဖြန့်ချိခဲ့ပြီး ကမ္ဘာနံပါတ်တစ်တေးအယ်လ်ဘမ် ၁၃ ခုကိုလည်း ထုတ်လွှင့်နိုင်ခဲ့ကြတဲ့ အောင်မြင်တဲ့ တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ပါတယ်။ "BTS" ဟာလည်း ကမ္ဘာကျော်ကေပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်ရုံသာမက စံချိန်သစ်များစွာတင်နိုင်ခဲ့တဲ့ တေးဂီတအဖွဲ့ တစ်ဖွဲ့လည်း ဖြစ်ပါတယ်။

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ


ရန်ကုန်မြို့နေ
ဦးကြည်သိန်း (သံအမတ်ကြီး- ငြိမ်း) နှင့် ဇနီး ဒေါ်မာမာရှိန်
တို့၏ သားထွေး
**မောင်ဇော်လင်းသိန်း B.A (History)**
Diploma in Management Studies (SIM University, Singapore)
Managing Director (Apex Greatest Industrial Services Co.,Ltd.).

နှင့်

ရန်ကုန်မြို့နေ
ဦးအောင်ကျော်မိုး နှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း
တို့၏ သမီးထွေး
**မတင့်လင်းထူး**
Bachelor of Medical Technology (Radiology, Ygn).
Diploma in Accounting (LCCI Level III, London, UK).
Director (Apex Greatest Industrial Services Co.,Ltd.)

တို့၏ ၁၄.၂.၂၀၁၉ ရက်တွင် Novotel Yangon Max (Eureka Room) ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့ဝင် ဒေါ်ခင်မျိုးကြည် အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးသန်းညိန်း (မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ-ငြိမ်း) နှင့် ဦးငွေစိုး၊ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ကိုမင်းထွန်းဦး အားလည်းကောင်း၊ ၂၁.၂.၂၀၁၉ ရက်နေ့တွင် မင်းကွန်းတိပိဋကကျောင်းတော်၌ပြုလုပ်သော မင်္ဂလာဦးဆွမ်းဆက်ကပ်ပွဲတွင် ကြွရောက်ချီးမြှင့်ပေးကြသော လူကြီးမင်းညှော့ပရိသတ် အားလည်းကောင်း၊ ၂၃.၂.၂၀၁၉ ရက်နေ့တွင် NOVOTEL YANGON MAX HOTEL (Yangon Ballroom) ၌ ကျင်းပပြုလုပ်သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဦးကြည်သိန်း (သံအမတ်ကြီး-ငြိမ်း) နှင့် ဇနီး ဒေါ်မာမာရှိန် အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ချီးမြှင့်ပေးပါသော ဦးအောင်ကျော်မိုး နှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်ကိုယ်ကျတက်ရောက်အားပေး ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းအပေါင်းနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ရီရီသန့် အားလည်းကောင်း၊ မင်္ဂလာတေးသံသာဖြင့်သီဆိုဖျော်ဖြေပေးပါသော First Music Agency Band တေးဂီတဝိုင်း၊ စုလျားရစ်ပတ်လက်ထပ်ဘိသိက်တော် မင်္ဂလာအခမ်းအနား ပြင်ဆင်ပေးပါသော ရွှေနန်းမြင့်မင်္ဂလာဝန်ဆောင်မှု အားလည်းကောင်း၊ မင်္ဂလာပန်းကြဲ မသဉ္ဇာခင်ဦး နှင့် မမြသွေးနှစ်၊ မင်္ဂလာပန်းကုံးဗန်းကိုင် မသီရိရွှေစင်၊ မင်္ဂလာရွှေလက်စွပ်ဗန်းကိုင် မသီရိမိုးထက်၊ မင်္ဂလာသတို့သားအရံ မောင်ရဲအောင်ဇော် နှင့် မောင်ကျော်စောအောင်၊ မင်္ဂလာသတို့သမီးအရံ မနေခြည်ခက် နှင့် မစုခိုင်နှင်းစက်၊ မိတ်ကပ်ဆံပင် မေဦး နှင့် အဖွဲ့၊ မင်္ဂလာဝတ်စုံဒီဇိုင်း ဖန်တီးဆင်မြန်းပေးပါသော ကိုပြည်စိုးအောင် နှင့် အဖွဲ့၊ မင်္ဂလာလက်ဝတ်ရတနာဆင်မြန်းပေးပါသော စိန်နန်းတော် စိန်ရွှေရတနာဆိုင် နှင့် မေကံ့ကော်လက်ဝတ်ရတနာဆိုင်၊ ဓါတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုနိုင်နိုင်ထွန်း (Exposure) နှင့်အဖွဲ့၊ ပန်းအလှဆင် ပေးပါသော Things For You နှင့် အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်၊ မင်္ဂလာလက်ကမ်းနှင့် ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာ ရိုက်နှိပ်ပေးပါသော My Wedding အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားအတွက် မင်္ဂလာမော်တော်ယာဉ်စီစဉ်ပေးပါသော ဦးဘုန်းနိုင် နှင့် ဇနီး အားလည်းကောင်း၊ ၂၃.၂.၂၀၁၉ ရက်နေ့ ညနေခင်းတွင် Inya Lake Hotel မြက်ခင်းပြင်၌ ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မိတ်ကပ်ဆံပင် Jet Jet အားလည်းကောင်း၊ ရှုရှုရင်ဖိနပ်စတိုး အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ကိုမင်းထွန်းဦး နှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်ဆွေမျိုးမိတ်ဆွေသင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သည့်ပုဂ္ဂိုလ်များ အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများ နှင့်**
**မောင်ဇော်လင်းသိန်း နှင့် မတင့်လင်းထူး**









ROYAL MAUNG BAMAR RESIDENCE ၂၀၁၉ ခုနှစ် ဒုတိယအကြိမ် အထူးအရောင်းပြပွဲအား ဖေဖော်ဝါရီလ (၂၃) (၂၄) ရက်နေ့များတွင် အမှတ်(၁၅၊၁၅-က) မှော်ဘီရုံလမ်း လှိုင်မြို့နယ်ရှိ PROJECT တည်ရှိရာနေရာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် လာရောက်လေ့လာဝယ်ယူနိုင်ပါသည်။














Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.

Ph : 09-5022717, 01-218023, 09-250076710, 09-450208797. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com

Myanmar Imperial University
MIU

မြန်မာနိုင်ငံသားများ၏ အောင်မြင်မှုများအတွက်
# Myanmar Imperial University




တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်
## BA(Hons:)
- Business & Management
- Marketing Management
- International Hospitality Management

စီးပွားရေးနယ်ပယ်တွင် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများအတွက်
## MBA Master of Business Administration

သူများနဲ့မတူတဲ့အကောင်းဆုံးတွေကိုမှ ရယူလိုသူများအတွက်
## DBA Doctorate in Business Administration

ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲမှုစွမ်းရည်တွေ မြှင့်တင်ချင်သူတွေအတွက်
## Diploma in Management & Leadership
Part time - 6 months Intensive Programme

# MIU ကိုဘာကြောင့်ရွေးချယ်သင့်တာလဲ ?

University of Northampton
Pearson

### ACADEMIC EXCELLENCY
နိုင်ငံတကာမှ ကမ္ဘာကျော်တက္ကသိုလ်များ၏ ပညာရေးစနစ်အတိုင်း အကောင်းဆုံး Qualified Academic Resources များ Academic Reference Books များကိုအသုံးပြုပြီး အင်္ဂလန်နိုင်ငံ မှ Dr ဘွဲ့ရ Professors များ Lecturers များ အပြင် ပြည်တွင်းမှ နိုင်ငံတကာသင်ကြားမှုအတွေ့အကြုံရှိ Dr ဘွဲ့၊ PhD ဘွဲ့ နှင့် Master ဘွဲ့ရ ဆရာ ဆရာမကြီးများမှ Theory အပြင် လက်တွေ့အသုံးချပညာရပ်များကိုပါ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

### KNOWLEDGE BASED/ WORK BASED ASSIGNMENT
ပြည်တွင်းမှ အအောင်မြင်ဆုံး စီးပွားရေးအဖွဲ့အစည်းများ ကုမ္ပဏီများ နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှ အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ ဝန်ဆောင်မှုနှင့် အတူ Business and Leadership Seminar များ Workshop များကျင်းပကာ Real Life Experience များကို ပြန်လည်ဝေမျှတဲ့ သင်ကြားမှုပုံစံများကိုလည်း အသုံးပြုသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

### CULTURE OF LEADERSHIP
၂၁ ရာစုမှာ ခေါင်းဆောင်နိုင်စွမ်းက ကဏ္ဍအသီးသီးမှာ အရေးအကြီးဆုံးလိုအပ်ချက်ဖြစ်တာကြောင့် MIU မှ ကျောင်းသားလူငယ်များအား ကိုယ်ပိုင် စဉ်းစားတွေးခေါ်နိုင်စွမ်း ခေါင်းဆောင်နိုင်စွမ်းနှင့် မှန်ကန်မှုရှိတဲ့ဆုံးဖြတ်နိုင်စွမ်းတို့ကို မြှင့်တင်ပေးတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖန်တီးပေးထားရှိပါတယ်။

### UNIVERSITY CAMPUS LIFE
UK မှတက္ကသိုလ်များ၏ Campus Facilities အတိုင်း နိုင်ငံတကာအဆင့် Theatre ခန်းမ Imperial Hall များအပါအဝင် အဆင့်မြင့် စာသင်ခန်း (၂၀) ကျော်၊ အားကစားလှုပ်ရှားမှုများအတွက် Sports Complex၊ Imperial Fitness Center၊ စာအုပ်ပေါင်း (၂၀၀၀) ကျော်ပါဝင်သည့် Imperial Library၊ လွယ်ကူစွာစားသောက်အနားယူနိုင်ရန် Imperial Bistro တို့ဖြင့်ဖွဲ့စည်းထားသည့် နိုင်ငံတကာအဆင့် Campus Life ကို ပြည်တွင်းမှာတင် ရရှိနိုင်မှာပဲဖြစ်ပါတယ်။

### CHANCE TO STUDY UK DIPLOMA, BACHELOR, MASTER AND DOCTORATE IN MYANMAR
လူငယ်များအတွက် နိုင်ငံခြားသို့သွားရန်မလိုအပ်တော့ပဲ ပြည်တွင်းမြန်မာနိုင်ငံတွင်သာလေ့လာခွင့်ရနိုင်သော အင်္ဂလန်ပညာရေး။

### SENSE OF MYANMAR HERITAGE AND TRADITION
မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားပြီး မြန်မာမှု မြန်မာဟန် မြန်မာ့အငွေ့အသက်များကို လူငယ်များမှ မြတ်နိုးတန်ဖိုးထားတတ်သော ယဉ်ကျေးမှုအမွေအနှစ်များဆုံးရှုံးမှုမရှိစေသည့် ပတ်ဝန်းကျင်ကောင်းတစ်ရပ်ဖြစ်အောင် MIU မှ ဖန်တီးပေးထားပါတယ်။

### DREAM-BASED APPROACH
အနာဂတ်အိပ်မက်များကို အကောင်အထည်ဖော်မည့် လူငယ်များအတွက် စိတ်အားထက်သန်မှုနှင့် ယုံကြည်မှုများ အိပ်မက်များကို လှုံ့ဆော်ပေးပြီး အနာဂတ်အိပ်မက်များကို ပုံဖော်နိုင်သည့် ယုံကြည်ချက်၊ ခံယူချက်၊ ပညာနှင့်အတွေ့အကြုံများကို MIU မှ ဖန်တီးပေးထားပါတယ်။

### CAREER OPPORTUNITIES
အင်္ဂလန်နိုင်ငံမှတိုက်ရိုက်အသိအမှတ်ပြုသော နိုင်ငံတကာအသိအမှတ်ပြုဘွဲ့ ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ထိပ်တန်းစီးပွားရေးကုမ္ပဏီများ အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ထားသောကြောင့် အများထက်သာလွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်မှာပဲဖြစ်ပါတယ်။









01 380233-234 / 09 732 10001 အမှတ်(၁)၊ဈေးမြောက်လမ်း (ဦးဝိစာရအဝိုင်းအနီး)၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

# အဆောက်အဦ အဆိုပြုပုံစံ (Proposal Design) များ ဖိတ်ခေါ်ခြင်း

၁။ "သတ္တုဖွံ့ဖြိုးရေးအများနှင့် သက်ဆိုင်သောကုမ္ပဏီလီမိတက်" မှ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၈-ရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဘုရားကြီးလမ်းထောင့်ရှိ (၀.၁၄၃၈ဧက) ဂရန်အမည်ပေါက် မြေကွက်ပေါ်တွင် **"သတ္တုဖွံ့ဖြိုးရေးဘဏ်"ရုံးချုပ်အဆောက်အဦ** အား ၁၂ထပ်အမြင့် RC အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် (၇၆ပေ၉လက်မ×၈၀ပေ) အကျယ်အဝန်းရှိ အထက်ဖော်ပြပါမြေကွက်တွင် ဆောက်လုပ်နိုင်ရေး ဘဏ်ရုံးချုပ်အဆောက်အဦ အဆိုပြုပုံစံ (Proposal Design)များ ပေးပို့တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

| | |
|---|---|
| (က)အဆိုပြုပုံစံပေးပို့တင်သွင်းရမည့်ရက် | -၂၅-၂-၂၀၁၉မှ ၂၂-၃-၂၀၁၉ရက်ထိ |
| (ခ) ပေးပို့တင်သွင်းရမည့်လိပ်စာ | -"သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်ရုံးချုပ်"အမှတ်(၆၆)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

၃။အသေးစိတ်သိရှိလိုပါက "သတ္တုဖွံ့ဖြိုးရေးဘဏ်လီမိတက်" ရုံးချုပ် ဖုန်း-၀၁-၆၅၈၂၁၇၊ ၀၁-၆၅၈၂၁၈၊ Fax:၀၁-၉၃၄၅၅၃၉၊ ၀၁-၉၃၄၅၅၄၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

GM နေချင်းပြန်ခရီးစဉ်
- ကျိုက်ထီးရိုး
- ကျောက်စိမ်းဘုရား
၁၈လမ်း(အပေါ်)၊လသာမြို့နယ်
09-442140334

လူထု Steel Structure
သံပန်း၊ သံတံခါး၊ လိပ်တံခါး၊ အလူမီနီယံ ဝေဖာလုပ်ငန်း
အမှတ်(၁၄)၊ ၁၆၇-လမ်း၊ တာမွေ။
Ph:09-5031107, 09-5028986

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

ရွှေပင်လုံ
အင်္ဂုမြို့သစ်မြောက်ပိုင်း၊
အရှေ့ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
အိမ်အရောက်ငွေချေစနစ်ဖြင့်
အကျိုးဆောင်ခပေးရန်မလိုပါ။
09265555044
09265555022








"ချိုဖက်ရှင်" စက်ချုပ်ဒီဇိုင်နာသင်တန်း
စက်ချုပ်ပညာကို အခြေခံပြီး ဒီဇိုင်နာဖြစ်လိုသူများအတွက် အခြေခံစက်နှင်းမှစ၍ မြန်မာဝတ်စုံ၊ စကပ်၊ ဘောင်းဘီ၊ ကလေးဝတ်စုံများ၊ ပွဲတက်ဂါဝန်များ၊ ရှပ်အကျီ၊ ကုတ်အကျီ စုစုပေါင်းအမျိုး(၃၀)ကျော်ကို ဆိုင်ဖွင့်နိုင်သည်အထိ တာဝန်ယူ သင်ကြားပေးပါသည်။
သင်တန်းကြေး-၁သိန်းလျှော့ရောက်နေသတ်ထားပါသည်။
(၂၀-၃-၂၀၁၉)နောက်ဆုံးထား၍ စာရင်းသွင်းနိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ-အမှတ်(၁၀)၁၁၉လမ်း မင်္ဂလာဈေးအနီးရန်ကုန်မြို့၊
အသေးစိတ်သိရှိလိုပါက-ဖုန်း-၀၉ ၂၅၀၆၄၄၉၃၇

ဆရာ ဒေါက်တာညီညီ (သင်္ချာ)
"တက္ကသိုလ်ဝင်တန်း" သင်္ချာဘာသာရပ်ကို ဤနှစ်(၃)လတွင် သင်ရိုးတစ်ကျော့ပြီးပြတ်အောင် နှစ်စဉ်သင်ကြားပေးနေသော...
နွေရာသီ ၃လပြတ် သင်ရိုးကုန်
တက္ကသိုလ်ဝင်တန်း သင်္ချာ အထူးသင်တန်း
(ထူးချွန်လိုသူတို့ စုဝေးရာ နွေသင်္ချာ)
MON 1:30pm - 3:00pm
TUE 1:30pm - 3:00pm
WED 1:30pm - 3:00pm
THU 1:30pm - 3:00pm
FRI 1:30pm - 3:00pm
တစ်ပတ် ၅ရက် တက်
ကျောင်းအပ် လက်ခံနေပါပြီ
မတ်လ(၁၁)ရက်တွင် စတင်ဖွင့်လှစ် သင်ကြားပါမည်
သင်တန်းနေရာ
အမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်း(လူ့စွမ်းလမ်း)အလယ်၊ရန်ကုန်မြို့




ဆရာ ဦးစိုးထွန်း ဆရာ ဦးကျော်ထွန်း
B.Sc (PURE MATHS) B.E (CHEMICAL)
TEL: 09 5409013 TEL: 09 5086105
သင်္ချာ + အင်္ဂလိပ်စာ အထူးသင်တန်း
အမှတ် – ၂၈၄(၃လွှာ၊၄လွှာ၊၅လွှာ)၊ ဗညားဒလလမ်းမကြီး၊ ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ်။ အောင်မင်္ဂလာမှတ်တိုင်အနီး၊ မင်္ဂလာရပ်ရှင်ရုံ(ဘုရင့်နောင်)ရှေ့

မီး ဘေး ရှောင် မ လောင် ခင် တား

GW 0973226006 0973133528 0973077569
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

Since 1996
ပုလဲ (KGမှ ၁၀တန်း)
၂၀၁၅ / ၁၆ / ၁၇ (၃) နှစ်ဆက်တိုက်ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်းအောင်ချက်အကောင်းဆုံး (၃) ကျောင်းစာရင်းဝင်
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
ဘက်စုံကျောင်းတစ်ကျောင်းအဖြစ် ကျောင်းသားများကို သင်ရိုးကုန် သင်ကြားပေးသည့်အပြင် ကွန်ပျူတာ၊ အင်္ဂလိပ် (4 Skill)၊ အားကစား၊ ပန်းချီ၊ ဂီတ၊ ပြည့်သူ့နီတိ၊ ဘင်ခရာ၊ ကိုယ်ခံပညာ၊ ပြည်တွင်းပြည်ပ လေ့လာရေးခရီးများ၊ ဆိတ်ငြိမ်မြုံဝန်းကျင်၊ Air-Con တပ်စာသင်ဆောင်/အိပ်ဆောင်
(၁၀) တန်း – ထူးချွန်စွာအောင်မြင်စေရန်၊ နားလည်စေရန် အထူးလေ့ကျင့်ပေးသည်။
(၉) တန်းအထူး – သင်ရိုးကုန်သင်ပေး၍နှစ်ဝက်မှစ၍ (၁၀) တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
(၈) တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
အမှတ်(၇၇) ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂




ရောင်ခြည်ထိ
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်၊
Ph:09-450454771
09-450454772
09-450454773

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ ငပလီကမ်းခြေအနီး ဒေသများသို့ လေ့လာရေးခရီး သွားရောက်



ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များ သံတွဲမြို့နယ်ရှိ ပုစွန်အအေးခန်းစက်ရုံကို လေ့လာကြစဉ်။

**သံတွဲ ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေတွင်ပြုလုပ်သည့် ရင်းနှီးမြှုပ်နှံမှုပြပွဲသို့ လာရောက်သည့် ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များသည် ယနေ့ နံနက်ပိုင်းက သံတွဲမြို့နယ် ငပလီကမ်းခြေနှင့် ဂွမြို့နယ်အနီးတစ်ဝိုက်ရှိ ကမ်းခြေအသစ်ဖော်ဆောင်နေသည့်နေရာများ၊ ရေလုပ်ငန်းနှင့် အအေးခန်းစက်ရုံများသို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်ကြသည်။

**အဖွဲ့ခွဲပြီး သွားရောက်လေ့လာ**

"ရေလုပ်ငန်းစိတ်ဝင်စားတဲ့ လုပ်ငန်းရှင်တွေက ငါး၊ ပုစွန် အအေးခန်းစက်ရုံနဲ့ တံငါရွာတွေကို သွားတယ်။ ခရီးသွားလုပ်ငန်းစိတ်ဝင်စားတဲ့ လုပ်ငန်းရှင်တွေက ကမ်းခြေအသစ်တွေကို အဖွဲ့ခွဲပြီး သွားရောက်လေ့လာကြတာဖြစ်ပါတယ်"ဟု လေ့လာရေးခရီးစဉ်အဖွဲ့မှ ကိုဉာဏစိုးကပြောသည်။

ယနေ့သွားရောက်သည့် လေ့လာရေးခရီးစဉ်တွင် သံတွဲမြို့နယ်အတွင်းရှိ ပုစွန်အအေးခန်းစက်ရုံနှင့် တံငါရွာ၊ ဂွမြို့နယ်အတွင်းရှိ ပုစွန်သားဖောက်လုပ်ငန်းသို့လည်းကောင်း၊ မောင်ရွှေလေးနှင့် မော်ရုံကမ်းခြေရှိ နေရာများ၊ ကမ်းသာယာကမ်းခြေအပါအဝင် ကမ်းခြေအသစ်ဖော်ဆောင်မည့် နေရာများသို့လည်းကောင်း၊ ဟိုတယ်ဇုန်စီမံကိန်းများသို့ လည်းကောင်း သွားရောက်လေ့လာကြသည်။

**ရင်းနှီးမြှုပ်နှံမှုအလားလာ**

လေ့လာရေးခရီးနှင့် ပတ်သက်၍ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ ထူးမင်းသိမ်းက "ရခိုင်ပြည်နယ်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုအလားအလာရှိတဲ့ လုပ်ငန်းဆောင်ရွက်လို့ရနိုင်တဲ့နေရာတွေကို **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪

# သံတောင်ကြီးမြို့တွင် နိုင်ငံပေါင်း ၁၂ နိုင်ငံ ပါဝင်သော တောင်တက်အပြေးပြိုင်ပွဲ ကျင်းပ

**သံတောင်ကြီး ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် သံတောင်ကြီးဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့ (TTDWG)၊ မြန်မာ့တာဝန်သိခရီးသွားလုပ်ငန်းအဖွဲ့ (MRTI)တို့ ဦးဆောင်ကာ ဂျာမနီအခြေစိုက် (Hanns Seidel Foundation) အဖွဲ့တို့နှင့်ပူးပေါင်းပြီး ဒုတိယအကြိမ်မြောက် နိုင်ငံပေါင်း ၁၂ နိုင်ငံ ပါဝင်သော တောင်တက်အပြေးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၇ နာရီ မိနစ် ၂၀ က ကျင်းပသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါအပြေးပြိုင်ပွဲတွင် ပြည်ပနိုင်ငံမှ အပြေးသမား ၃၅ ဦးနှင့် ပြည်တွင်းအပြေးသမား ၂၄ ဦး စုစုပေါင်း ၅၉ ဦး ပါဝင်ပြေးခဲ့ကြပြီး သံတောင်မြို့မှ ၂၃ ကီလိုမီတာ ကွာဝေးသော သံတောင်ကြီးမြို့သို့ တောင်တက်ခရီးလမ်းဖြင့် အပြေးပြိုင်ခဲ့ကြသည်။ အမျိုးသားအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး Nigel Klein (သြစတြေးလျ)က ပထမ၊ Markus Buerli (ဆွစ်ဇာလန်)က ဒုတိယနှင့် ကျော်ထွန်းဟန်(မြန်မာ)က တတိယ ရရှိခဲ့ကြသည်။ အမျိုးသမီးအပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်စုစုပေါင်း ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး Masako Naka mur (ဂျပန်)က ပထမ၊ သဲသဲခိုင်(မြန်မာ)က ဒုတိယနှင့် Jessie Goldie (သြစတြေးလျ)က တတိယ ရရှိခဲ့ကြသည်။

ဆုများကို ပြည်နယ်ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောလှမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ ခရိုင်အား/ကာမှူး ဦးဝင်းကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ဂျပန်-အာဆီယံ ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို တွေ့ရစဉ်။

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

မတ် ၂ ရက်မှ ၆ ရက်အထိ ဂျပန်နိုင်ငံ၌ ကျင်းပမည့် ဂျပန်-အာဆီယံ ယူ-၁၉ အမျိုးသမီးဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အပြီးသတ်ကစားသမား ၁၈ ဦး ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ နည်းပြချုပ် ဒေါ်သက်သက်ဝင်း၊ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖





# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးကဏ္ဍ

ဖေဖော်ဝါရီ ၂၄၊ ၂၀၁၉ (တနင်္ဂနွေနေ့)


ဝတ္ထုတို

## ■ သူဝေး(တမာမြေ)




(၁)

'လက်ဖက်ရည်က ဒီနေ့သောက်မှာဗျ'

လက်ဖက်ရည်ဆိုင်မှာ စောင့်နေတာကြာပြီမို့ စိတ်တိုကာစားပွဲထိုးကိုအော်မိသည်။

'ဖြန်း'

မထင်မှတ်တဲ့မြင်ကွင်းကြောင့် ကျွန်တော်အံ့သြထိတ်လန့်သွားသည်။ ဆိုင်ပိုင်ရှင်ဖြစ်ဟန်တူသော ခပ်ဝဝလူက စားပွဲထိုးကို အားပြင်းစွာ ပါးကိုရိုက်လိုက်ခြင်းဖြစ်သည်။

'မင်းတို့ အလုပ်ကိုမလေးစားဘူး ဟိုမှာ အော်နေပြီ၊ သူမှာတဲ့ လက်ဖက်ရည်ချက်ချင်းသွားပို့' ဟုလက်ညှိုးငေါက်ငေါက်ထိုးကာ ဆိုင်ရှင်က စားပွဲထိုးကို အမိန့်ပေးနေပြန်သည်။ ကျွန်တော်ကြောင့်အဆူခံ၊ အရိုက်ခံရ၍ စိတ်မကောင်းပါ။ ပို၍စိတ်မကောင်းမိတာက စားပွဲထိုးအသက်သည် အလွန်ဆုံးရှိလှ တစ်ဆယ့်တစ်နှစ် သာသာ။ ကျွန်တော်ကြောင့် ကလေးတစ်ယောက် အဆူခံ၊ အရိုက်ခံထိရာပြီ။ မကြာပါပါးစပ်အစွန်းမှ သွေးစအချို့ကို ခပ်မာမာ လက်ဖမိုးဖြင့်သုတ်ရင်း ကျွန်တော့် စားပွဲဆီသို့ လက်ဖက်ရည်ခွက်လာချရှာသည်။ သူ့ခမျာ အပြုံးမပျက် 'sorry အစ်ကို လူကျနေလို့ ကြာသွားတာ ခွင့်လွှတ်ပါဗျ' တဲ့အပြုံးမပျက် သူ၏တာဝန်ကိုထမ်းဆောင်ပေမယ့် ကျွန်တော်က အနေခက်ပါဘိ။ သူတို့အရွယ် ကျောင်းနေရမယ့် အရွယ်မှာ အခုလို ဘဝတက္ကသိုလ်မှာ ကျင်လည်လုပ်စားနေရသည်မှာ စိတ်ထဲတကယ်မကောင်းမိပြန်။ ထိုနေ့က လက်ဖက်ရည်အရသာသည် သွေးနံ့လွှမ်းသည်ထင်ရ၏။ အရသာ မရှိပါ။

နောက်နေ့ထိုဆိုင်သို့ ကျွန်တော်သွားတော့ အရိုက်ခံရတဲ့ စားပွဲထိုးကိုမတွေ့မိ။ ကျွန်တော့်ကြောင့် အလုပ်ပြုတ်သွားလေပြီလားမသိ။ စိတ်ထဲက နေမထိထိုင်မသာဖြစ်တာမို့ အခြားစားပွဲထိုးကို ခေါ်မေးမိတော့

"ဖျားနေတယ်အစ်ကို နားနေဆောင်ထဲမှာ အိပ်နေတယ်ဗျ"

'ဟာ' ဟု စိတ်မချမ်းသာစွာ တစ်ခွန်းသာရေရွတ်ရင်း ထိုကလေးနှင့် တွေ့ချင်ကြောင်း အကူအညီတောင်းမိသည်။

'ဘောစိ မသိအောင်လိုက်ပို့ပေးမယ် အစ်ကို၊ အပေါ့အပါးသွားသလိုနဲ့ ကျွန်တော့်နောက်က မသိမသာလိုက်ခဲ့ဗျ' ဟု စားပွဲထိုးခေါ်ဆောင်ရာ ခိုးကြောင်ခိုးဝှက်လိုက်သွားမိသည်။

ကျွန်တော့်ဘဝမှာ ပထမဆုံး သူစိမ်းအခန်းမှာ ခိုးဝင်ခြင်းလည်းဖြစ်သည်။ ခပ်နိမ့်နိမ့်အမိုးအောက်က အလင်းရောင်အလုံအလောက်မရသော အခန်းကျဉ်းထဲသို့ စတင်ခြေချမိတာနဲ့ အနံ့အသက်ဆိုးများက အသက်ရှူလမ်းကြောင်းထဲသို့ အငမ်းမရတိုးဝှေ့တော့သည်။ အမှောင်ထဲမှာ ထိုကလေးကို ချက်ချင်းမမြင်ရ၊ မျက်စိခဏမှိတ်ပြီး ပြန်ဖွင့်ကြည့်မှ ခုတင်အသေးစားပေါ်မှာ ခွေခွေလေးအိပ်နေသော ကလေးကိုမြင်ရတော့သည်။ ကရုဏာသက်စွာ သူ၏ နဖူးကိုစမ်းကြည့်မိသည်။ ချစ်ချစ်တောက်အောင်မပူပေမယ့်လည်း နွေးသည် ဟု မဆိုသာ။

ဖျတ်ခနဲ ကျွန်တော့်လက်ကို သူသည် ဆုတ်ဖမ်းရင်း 'အဖေ အဖေလားဗျ'တုန်ရင်အားငယ်သောအသံဖြင့် မေးနေပြန်သည်။ ကျွန်တော် ဘယ်သို့ဖြေရပါ့။ ဘယ်လိုပြန်ဖြေရမည်လဲ။

'အဖေ အမေ ညီမလေး'

ကျွန်တော်ဘာမှ မပြောနိုင်။ သူကသာ သူ့မိသားစု အမည်တွေ ကတောင်ချောက်ခြား ရေရွတ်တမ်းတနေသည်။ ကျွန်တော့်လက်ကိုတော့ အားကိုးစွာ ဆုပ်ကိုင်ထားဆဲ။ ကျွန်တော် ဘယ်လိုအင်အားနဲ့ ရုန်းရက်မည်နည်း။

'အဖေ ဒီလူကြီးဆီက ပိုက်ဆံတွေကျေရင် သားကိုလာခေါ်ပါဗျ သား သားလေ အိမ်ကိုလွမ်းတယ် သားကိုလာခေါ်ပါ အဖေရယ်'

စိတ်ခိုင်သည်ဆိုသော ကျွန်တော်။ အဘသေတာတောင် မျက်ရည်မကျမိသော ကျွန်တော်သည် မျက်ရည်ကျမိသည်။ ထိုကလေးကို မကြည့်ရက်တာနဲ့ အခန်းထဲမှ ပြန်ထွက်ခဲ့သည်။ ပြီးတော့ "အဲ့ကလေးအတွက် မုန့်ဖိုး၊ မဖြစ်မနေပေးပါကွယ် စိတ်ချမယ်နော် ငါ့ညီ" ဟု လိုက်ပို့သောစားပွဲထိုးကို ငွေအချို့အပ်ထားမိတော့

"စိတ်ချပါအစ်ကို ကျွန်တော်တို့ ဘဝတူချင်း မညာပါဘူး၊ အစ်ကို့ကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်ခင်ဗျား" ဟု ကျွန်တော်ပေးသောငွေစအချို့ကို ဆုပ်ကိုင်ရင်း ကတိပေးရှာသည်။

"ကျွန်တော်တို့ အားလုံး အိမ်လွမ်းသူတွေပါ အစ်ကိုရာ" ဟု ထပ်မံပြောလိုက်သော စားပွဲထိုးရဲ့စကားသည် ကျွန်တော့်ရင်အစုံကို မီးမြိုက်ခံရသည့်ပမာ ပူလောင်လှပါတကား။

'အော် အိမ်နဲ့ဝေးနေတဲ့ အိမ်လွမ်းသူတွေ ဆိုပါလား'

(၂)

ရောင်စုံမီးရောင်များအောက်မှ ဆိုင်တစ်ဆိုင်။

ဖောက်တံဖြင့် ဘီယာပုလင်းကို ဖောက်ပေးနေသော ကလေးငယ်တစ်ဦး။ ကျွမ်းကျင်ဟန်မရှိသလို၊ ပုလင်းအပိတ်ကိုဖွင့်ရန် အားလည်းမမျှ၍ထင်။ ပုလင်းအပိတ်တော့ ပွင့်သွားသော်လည်း ပုလင်းသည်စားပွဲပေါ်သို့ ဟန်ချက်ပျက်ကာ ယိမ်းယိုင်သွားပြီး ဖိတ်တစ်ဝက် စင်အချို့။

"သောက် ကလေး ကောင်းကောင်းမဖွင့်ဘူး။ အလကားရတာမဟုတ်ဘူးကွ" ဟု သားသားနားနားဝတ်ဆင်ထားသော လူက ထိုကလေးကို ဒေါသတကြီးကြိမ်းမောင်းပြစ်တင်နေသည်။ ကလေးသည် ကြောက်ရွံ့ထိတ်လန့်ခြင်းကင်းစွာ ထိုသူအား ဂျစ်ကန်ကန်ပြန်ကြည့်နေသည်။

"အံမာ မင်းဘာကောင်လဲဟ ငါ့ကို ပမာမခန့် ဆက်ဆံနေတာ မင်းကိုဆိုင်ရှင်ထံ တိုင်မှ ဖြစ်မယ်" ဟု ကလေးအား ထိုသူက ထပ်မံခြိမ်းခြောက်နေသည်ကိုလည်း တွေ့ရပြန်သည်။

"အစ်ကိုတို့ ညီမတောင်းပန်ပါတယ်ရှင့်"

စကားချိုချိုလေးဖြင့် မိန်းမငယ်တစ်ဦး ထိုဘီယာဝိုင်းသို့ အပြေးတစ်ပိုင်းရောက်လာသည်။

"ညီမ မောင်လေးပါ ဆိုင်ရောက်တာ မကြာသေးလို့ပါနော် ဆိုင်ရှင်ကို မတိုင်ပါနဲ့ရှင့်" ဟုလည်း ပျာပျာသလဲ ထပ်၍ တောင်းပန်ပြန်သည်။ သူမသည် သွက်လက်ချက်ချာစွာ ဖိတ်စင်နေသော ဘီယာအရည်များကို သုပ်ပေးသလို "ညီမ တောင်းပန်ပါတယ်နော် အစ်ကိုတို့" ဟုလည်း တဖွဖွ ပြောနေသေးသည်။ ပြီးတော့ဘီယာခွက်ထဲသို့ ကျွမ်းကျင်စွာ ဘီယာများကို ငှဲ့ထည့်ပေးကာ

"အမြည်းရော ဘာမှာထားလဲ အစ်ကိုတို့ ညီမ အမြန်ဆုံးဆောင်ရွက်ပေးမှာပေါ့" ဟု လှသောမျက်နှာ ချိုသောအပြုံးဖြင့် ဧည့်ခံနေရှာသေးသည်။ သူမ၏ ဧည့်ဝတ်ပျူငှာမှုအောက်တွင် ဆိုင်ထိုင်သူယောကျာ်းသားများငြိမ်ကျသွားသည်။ သူတို့အလိုရှိသော အမြည်းများကို မှာကြားကာ သူမကို "ရတယ်ညလေး" ဟု ဗလုံးဗထွေးပြန်ပြောကြလေသည်။

ထိုဆိုင်ကနေ ကျွန်တော် ထွက်လာတော့ ညဉ့်နက်နေလေပြီ။ ဆိုင်ရှေ့အဝရဲ့ အပင်ခပ်အုပ်အုပ်အမှောင်ရိပ်မှ ခပ်သဲ့သဲ့ ရှိုက်သံကြားသဖြင့် ထိုနေရာကို အမှတ်မထင် ကြည့်မိတော့

စောစောက မောင်နှမ နှစ်ယောက်။

"အစ်မ ကျုပ်တို့အိမ်ပြန်ကြစို့ ကျုပ် ဒီဆိုင်မှာ မနေချင်တော့ဘူးဗျ" ဟု မောင်ဖြစ်သူက ရှိုက်သံနှော၍ သူ၏အစ်မကို အိမ်ပြန်ရန် ပြောပြနေသည်။

'အစ်မလည်းပြန်ချင်တာပေါ့ ဒါပေမယ့်'

"ဒါပေမယ့် ဘာဖြစ်လို့လဲအစ်မရာ ပြန်စရိတ် မရှိလို့လား ကျုပ်ဆီမှာ စုထားတာရှိတယ်"

မောင်ဖြစ်သူက ပြောလည်းပြော သူ့ဘောင်းဘီအိတ်ထောင်ထဲမှ ငွေစက္ကူ ခပ်နွမ်းနွမ်းများကို အစ်မဖြစ်သူလက်ထဲ ပေးနေဟန်ရှိသည်ကို အလင်းရောင်ဖျဖျလေးရှိသော အမှောင်ရိပ်မှာ တွေ့မြင်ရပြန်သည်။

"အစ်မတို့ အိမ်ပြန်ရင် ငွေဘယ်ကရမှာလဲ၊ ငွေမရှိရင် အမေ့ကို ဘာနဲ့ဆေးကုမှာလဲ၊ ခဏအောင့်နေပေးနော် တစ်ချိန်ချိန် အစ်မတို့ အိမ်ပြန်ကြမယ်" ဟု အစ်မဖြစ်သူရဲ့ ဖျောင်းဖျနှစ်သိမ့်အားပေးနေသံလည်း ကြားရပြန်သည်။

ပြီးတော့ သူတို့မောင်နှမသည် ဆိုင်ထဲသို့ ပြန်ဝင်သွားလေသည်။

သူတို့မောင်နှမသည် လူကသာ ဒီနေရာ ရောက်နေသော်လည်း စိတ်တို့သည်က အိမ်သို့ပြန်နေလိမ့်မည်ထင်သည်။

(၃)

အလုပ်ကိစ္စဖြင့် မြို့နှင့်အနည်းငယ်ဝေးသော ရွာတစ်ရွာသို့ ဒီနေ့သွားရသည်။ အရေးအကြောင်းဆို ဆိုင်ကယ်က ပျက်နေသဖြင့် ဆိုင်ကယ်ကယ်ရီငှားရသည်။ မြို့ပြကနေ ထွက်လာပြီဆိုသည်နှင့် မြေသင်းနံ့တို့ရလေပြီ။

လယ်မြေထဲမှ ရိုးပြတ်တို့သည် အတိုအရှည်မညီမျှစွာဖြင့်နွေဦးကို ကြိုဆိုနေကြလေသည်။

အချို့လယ်မြေထဲမှာတော့ ပဲခင်းစိမ်းစိမ်းစိုစိုလေးများကိုလည်း တွေ့ရပြန်သည်။ လမ်းဘေးဝဲယာမှာတော့ ထနောင်း၊ တမာပင်တို့သည် ရွက်ညှာခြွေ၍ရွက်သစ်လောင်းရန် အားယူနေကြသည်။ လက်ပံပင်မှ လက်ပံဖူးငုံတို့ပင် ထိပ်ဖျားနီနေလေပြီ။ အချို့ဆို ပွင့်တောင် နေကြပြီ။ နောက်ရက်အနည်းငယ်ဆို ပင်လုံးကျွတ်ပွင့်အာကြတော့မည်။

"လက်ပံတွေတောင်ပွင့်တော့မယ် ရွာကိုလွမ်းလိုက်တာဗျာ" ဟု လက်ပံပင်ကိုကြည့်၍ ကယ်ရီသမားက ဆွေးဆွေးမြည့်မြည့်ပြောတော့ "ငါ့ညီ ဒီမြို့ခံမှတ်နေတာ အော် နယ်ကပေါ့" ကျွန်တော်ပြန်မေး၍ ကျွန်တော်ပဲ ပြန်ဖြေမိသည်။

"ဟုတ်တယ်အစ်ကိုနယ်မှာမွေးပေမယ့် လည်း ရေကြည်ရာမြက်နုရာဆိုသလို အဆင်ပြေမယ့်နေရာ အလိုက်ထိုက်နေရတာပေါ့ဗျာ၊ အင်း ရွာမရောက်တာတောင်ကြာပါပြီ၊ အမေနဲ့ ဆွေမျိုးသားချင်းတွေတောင် မတွေ့ရတာ နှစ်အတော်ကြာပြီအစ်ကို" ဟု သူ့ခမျာ ဆက်ပြောပြန်သည်။ ပြောပြသည်ဆိုတာထက် အိမ်လွမ်းကြောင်း ရင်ဖွင့်သည်ဆို ပို၍မှန်မည်ထင်။

"ဒီနှစ်သင်္ကြန်တော့ အမေ့ရွာ ကျမယ်လို့ စိတ်ကူးထားတယ်အစ်ကိုရာ၊ အင်း.... ဒါပေမယ့်" ထိုသူသည် "ဒါပေမယ့်" နောက်သက်ပြင်းရှည် တစ်ချက်ချကာ ဘာစကားမှ ဆက်မပြောရှာပဲ ဆိုင်ကယ်ကိုသာ ဆက်၍ မောင်းနှင်နေသည်။ လက်ပံပင်ကတော့ ဝေး၍ဝေး၍ နေရစ်ဆဲ၊ တက်နေ၏အပူရှိန်လည်း ပို၍ပို၍ ပူလာဆဲ။

လက်ဖက်ရည်ဆိုင်က ကလေး၊ ဘီယာဆိုင်က မောင်နှမနှင့် အခု ကယ်ရီသမားတို့သည် အလုပ်အကိုင် အသက်အရွယ်မတူညီကြသော်လည်း တူညီသောအရာတစ်ခုက

အိမ်ကိုလွမ်းကြခြင်းဖြစ်သည်။

အခြေအနေအမျိုးမျိုးကြောင့် မိဘအိမ်နှင့် ခွဲခွာခဲ့ရပေမယ့် အဝေးကနေတော့ သံယောဇဉ်ကြိုးတို့ ချည်ရစ်ဆဲ။ အဝေးကနေ မိဘအရိပ်၊ အိမ်အရိပ်နှင့် ဇာတိရပ်ရွာ အရိပ်ကို ခိုလှုံဆဲ။

အော်.....

အဝေးရောက် နှောင်ကြိုးတို့ရဲ့ ရှိုက်သံတို့သည် နွေတေးရှင် ဥဩငှက် မြည်ကြွေးသံထက် လွမ်းဆွတ်ကြေကွဲရပါတကား....

## မျိုးဆက်သစ်ရင်ပြင်
## လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။ **(စာတည်းအဖွဲ့)**

ဆောင်းပါး

■ လွှမ်းရိပ်ဝေ (TU -မုံရွာ )

# မလျှော့သောဇွဲဖြင့် ကြိုးစားဖို့လိုသည်

မကြာမီကာလတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရမည့်အချိန်အခါသို့ ရောက်ရှိလာတော့မည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲသည် ကျောင်းသား ကျောင်းသူများ၏ ဘဝတစ်လျှောက်လုံးအတွက် အရေးကြီးဆုံးမှတ်တိုင်တစ်ခုဖြစ်သည်။ ထို့အတူ အသက်မွေးပညာရပ်တစ်ခုခုကိုရွေးချယ်ပြီး အဆင့်မြင့်တက္ကသိုလ်များသို့ တက်ရောက်ပညာသင်ကြားခွင့်ရရန်အတွက် အကောင်းဆုံးကြိုးစားဖြတ်ကျော်ရမည့် အချိုးအကွေ့တစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် မိဘ၊ ဆရာသမားများ၏ မိမိတို့ သားသမီး၊ တပည့်တပန်းများအပေါ် အားကြိုးမာန်တက်ဖြင့် အလေးထားကြသည်။ ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲသည် တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံး အလေးထားဆုံးနှင့် စိတ်ဝင်စားမှုအများဆုံး စာမေးပွဲတစ်ခုလည်းဖြစ်သည်။ သတင်းစာများနှင့် တီဗွီအစီအစဉ်များတွင်လည်း လူသိများ ထင်ရှားသည့် ဆရာများက သက်ဆိုင်ရာဘာသာရပ်အသီးသီး၏ ဖြေရမည့်သင်ခန်းစာများကို ရှင်းလင်းတင်ပြနေကြသည်။

ဤသို့ ကျွမ်းကျင်သောဆရာများ၏ အနီးကပ်ပို့ချချက်များမှာ အလွန်ကောင်းမွန်လှသည်။ သို့သော် စာမေးပွဲကာလအတွင်းတွင် ကျောင်းသား ကျောင်းသူများမှာ သတင်းစာဖတ်ဖို့၊ တီဗွီအစီအစဉ်များ စောင့်ကြည့်ဖို့ဝေးစွ။ စာမေးပွဲကာလအတွင်းတွင် အအိပ်၊ အစား၊ စာကြည့်ဤသုံးမျိုးမှလွဲ၍ ကျန်တာ ဘာမျှလုပ်ခွင့်မရပေ။ ထို့ကြောင့် ထိုအနီးကပ်သင်တန်းပို့ချချက်မှ လိုအပ်သည်များကို ဆရာများမှတစ်ဆင့် လေ့လာ၍ မိမိတို့ကျောင်းသားများဆီသို့ မျှဝေပို့ချပေးကြရမည်ဖြစ်ပါသည်။

ယခုလက်ရှိ ဖြေဆိုကြရတော့မည့် ကျောင်းသားကျောင်းသူလေးများအနေဖြင့်လည်း ထိုတက္ကသိုလ်ဝင်စာမေးပွဲအတွက် ဘာသာရပ်တိုင်း၏ သင်ခန်းစာတိုင်းကို တစ်နှစ်ပတ်လုံး သင်ယူလေ့လာထားကြပြီးဖြစ်၍ အတန်အသင့်တော့ အဆင်သင့်ဖြစ်နေသင့်ပေသည်။ သို့သော် တချို့ကျောင်းသား ကျောင်းသူများသည် နှစ်စကတည်းက စာပုံမှန်လုပ်ခဲ့၍ စာမေးပွဲမတိုင်မီ တစ်လလောက်လိုကတည်းက ဖြေရန်အဆင်သင့်ဖြစ်နေကြသော်လည်း တချို့ကျောင်းသား ကျောင်းသူများကတော့ နီးမှအသည်းအသန်လိုက်ကာ ကြိုးစား၍ ကျက်မှတ်လေ့လာနေဆဲဖြစ်ပေလိမ့်မည်။ ကိုယ့်ကိုယ်ကိုယ် မအောင်နိုင်တော့ဘူးဟု တစ်ထစ်ချတွက်ကာ မထူးဇာတ်ခင်း၍ သာသာယာယာပင်နေလိုက်ကြသော ကျောင်းသား ကျောင်းသူများလည်း ရှိနေပေလိမ့်မည်။

သို့သော် မိဘများသည် မိမိတို့ သားသမီးများကို အကောင်းဆုံးဖြစ်လာမည်ဟု မျှော်လင့်နေကြသည်ချည်းဖြစ်သည်။ မိမိတို့သားသမီးများ၏ ပကတိအခြေအနေကို မသိဘဲ စာမေးပွဲကြီးတွင် မိမိတို့ သားသမီး အောင်မြင်အောင်ဖြေဆိုနိုင်ဖို့သာ မျှော်လင့်ထားကြသည်။ စာမေးပွဲနီးလျှင် မုန့်ပဲသရေစာအပြည့်၊ ကျန်းမာရေးအတွက် ဆေးဝါးများအပြည့် လိုလေသေးမရှိ ဖြည့်ဆည်းပေးကာ ဂရုစိုက်တတ်ကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့်ရက်များတွင်လည်း စာမေးပွဲဖြေဆိုသည့် ကျောင်းရှေ့မျက်နှာစာတွင် မိဘ၊ ဆရာသမားများအားလုံး စုပြုံကာစောင့်ပြီး မိမိတို့ တပည့်သားသမီးများ အားမငယ်စေရေး အားတက်သရော လာရောက် ဝန်းရံအားပေးကြသည်။ စာမေးပွဲဖြေပြီး၍ ထွက်လာသော ကျောင်းသား ကျောင်းသူများထဲမှ မိမိတို့သားသမီး တပည့်များကို ဆီးကြို၍ ဖြေနိုင်လားဟု စိုးရိမ်တကြီးမေးကြသည်။

တချို့ ကျောင်းသားများသည် မိမိတို့ဖြေခဲ့သည်ကို အားမလိုအားမရဖြစ်ကာ ငိုကြသည်။ ထိုအခါ ဆရာသမားများနှင့် မိဘများက အားပေးချော့မော့ရသည်။ မိဘ၊ ဆရာသမားများ ကျောင်းသား ကျောင်းသူများကို ထိုသို့အလေးပေးဂရုစိုက်နေကြသည်မှာ မိမိတို့ သားသမီးများ တက္ကသိုလ်တက်ခွင့်ရရေးအတွက် အားသန်ကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူလေးများအနေဖြင့်လည်း မိဘ၊ ဆရာသမားများ၏ အလေးထား ပံ့ပိုးပေးမှုကို လေးစားသိမြင်ကာ အားမလျှော့ဘဲ တတ်စွမ်းသမျှ ကြိုးစားကြရမည်ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်များ၏ စာရင်းမှတ်တမ်းများအရ တက္ကသိုလ်ဝင်စာမေးပွဲ၏ အောင်ချက်မှာ သုံးဆယ်ရာခိုင်နှုန်းဝန်းကျင်လောက်သာရှိရာ ခုနစ်ဆယ်ရာခိုင်နှုန်းခန့်မှာ တက္ကသိုလ်ဝင်ခွင့် နှစ်စဉ် ဆုံးရှုံးနေကြရသည်။ မည်သို့ပင်ဆိုစေ မိဘများသည် အောင်နိုင်မည်ဆိုသော မျှော်လင့်ချက်လေးနှင့် မိမိတို့သားသမီးများအတွက် အားတက်သရော ဝိုင်းဝန်းထောက်ပံ့ပေးနေကြသည်ဖြစ်၍ ကျောင်းသား ကျောင်းသူများကိုယ်တိုင်ကလည်း အကောင်းဘက်သို့သာ မျှော်လင့်ကြိုးစားကြရမည်ဖြစ်သည်။ နှစ်စဉ် တက္ကသိုလ်ဝင်ခွင့်မရဘဲ စာမေးပွဲကျကျန်နေခဲ့သူများတွင် ကိုယ့်ကိုယ်ကိုယ် မအောင်နိုင်တော့ဘူးဟု မထူးဇာတ်ခင်းကာ ကြိုးစားမှုရပ်တန့်လိုက်ကြသော ကျောင်းသား ကျောင်းသူများလည်း ပါဝင်နေသည်။

အမှန်စင်စစ် ထိုသို့သော ကျောင်းသားများသည် အားမလျှော့ဘဲ အားသွန်ခွန်စိုက် ကြိုးစားလိုက်လျှင် အောင်နိုင်ခြေရှိသော ကျောင်းသားများပင်ဖြစ်သည်။ ထိုသို့သော ကျောင်းသားအများစုသည် ညဏ်ရည်အားဖြင့် သင့်လျက် သင်ခန်းစာများကို ပေါ့ပေါ့တန်တန် လေ့လာသင်ယူခဲ့၍ နောက်ဆုံးနှစ်ကုန်ခါနီးလေလေ စာမနိုင်လေဖြစ်ကာ မလိုလားအပ်သော ဆုံးဖြတ်ချက်များကို ရွေးချယ်မိသွားစေပါသည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအတွက် ဘာသာရပ်တိုင်းကို တစ်အုပ်လုံး ခြုံငုံလေ့လာရသည်မှန်သော်လည်း မိမိအားသာကျွမ်းကျင်ရာအပိုင်းကို သေချာပိုင်နိုင်စွာ လေ့လာကျက်မှတ်နိုင်လျှင် အောင်မြင်စွာ ဖြတ်ကျော်နိုင်မည်ဖြစ်ပါသည်။ အကယ်၍များ စာသင်နှစ်၏ အစကတည်းက ပုံမှန်လေ့လာခဲ့လျှင်တော့ ပို၍ အဆင်ပြေချောမွေ့စွာ အခက်အခဲမရှိ အောင်မြင်ပျော်ရွှင်စွာ ဖြတ်ကျော်နိုင်မည်ဖြစ်ပါသည်။ အဓိကအရေးကြီးဆုံးမှာ မလျှော့သောဇွဲဖြင့် စာမေးပွဲခရီးဆုံးထိ ကြိုးစားချီတက်ကြဖို့ဖြစ်ပါသည်။

ထို့နောက် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲသည် ကျွန်တော်တို့နိုင်ငံ၏ ပညာရေးစနစ်အရ အရေးအကြီးဆုံးတံတိုင်းတစ်ခုဖြစ်သည်။ မိမိဝါသနာပါရာလမ်းကိုရွေး၍ မိမိအားသန်ရာ အသက်မွေးပညာရပ်များကို စိတ်ကြိုက်ရွေးချယ်ခွင့်ရရန် ထိုတက္ကသိုလ်ဝင်စာမေးပွဲ၏ ရမှတ်များက အဓိက ဆုံးဖြတ်ပေးနေသည်။ ထို့ကြောင့် မိမိဘဝအာမခံချက်အတွက်ပါ အရေးကြီးသော တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကို ကျောင်းသား ကျောင်းသူတိုင်း ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အထူးအလေးထား ကြိုးစားဖြတ်ကျော်ကြရမည်ဖြစ်ပါသည်။ ထို့အပြင် ကျွန်တော်တို့ နိုင်ငံ၏ပညာတတ်ဦးရေသည် နိုင်ငံတကာနှင့်ယှဉ်လျှင် လွန်စွာမှပင်နည်းနေသေးသည်။ တချို့သည် မူလတန်းမှ အလယ်တန်းအကူးတွင် ပြတ်ကျန်နေခဲ့ကြသည်။ တချို့က အလယ်တန်းမှ အထက်တန်းသို့ အကူးတွင် လမ်းလွဲကျန်နေခဲ့ကြသည်။ ထို့ထက် အထက်တန်းရောက်၍ တက္ကသိုလ်ဝင်ခွင့်ဖြေရသည့် ဒသမတန်းတွင် တစ်နှစ်ကျ၍ နောက်ဆုတ်ကျောခိုင်းလိုက်သူများလည်း အများအပြား ရှိနေပါသေးသည်။

ထိုတက္ကသိုလ်ဝင်ခွင့်စာမေးပွဲဖြေရသည့် ဒသမတန်းသည် ပညာတတ်ဦးရေ များလာနိုင်ဖို့အတွက် အဓိကဖြတ်ကျော်ရမည့် တံတိုင်းတစ်ခုဖြစ်နေသည်။ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို မိဘ၊ ဆရာ၊ ကျောင်းသားတိုင်းက အထူးအလေးထားကြခြင်းဖြစ်သည်။ သို့သော် တချို့ကျောင်းသား ကျောင်းသူများသည် တစ်နှစ်ကျလိုက်သည်နှင့် နောက်ဆုတ်ကျောခိုင်းလိုက်ကာ မိမိပညာရေးကို အဆုံးသတ်ပစ်လိုက်တတ်ကြသည်။ ထိုအခါ နှစ်ပေါင်းများစွာ ဖြတ်ကျော်လာခဲ့သော ပညာရေးခရီးမှာ အလဟဿ ဖြစ်သွားရတော့သည်။ တချို့ကျောင်းသား ကျောင်းသူများဆိုလျှင် စာမေးပွဲကျသည်နှင့် မိမိကိုယ်ကို အဆုံးစီရင်သည်အထိပင် စိတ်ထွက်ပေါက် ရှာလိုက်ကြသည်။

ထိုသို့သော အခြင်းအရာများမဖြစ်စေရေး မိဘ၊ ဆရာသမားများက ပူးပေါင်း၍ လမ်းမှန်စေရန် လမ်းပြကာ တည့်မတ်ပေးကြရမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခြင်းရလဒ်သည် မိဘ၊ ဆရာ၊ ကျောင်းသားအားလုံးအတွက် ဂုဏ်တင့်စရာတစ်ခုဖြစ်သော်လည်း စာမေးပွဲတစ်ခုဖြစ်သည့်အတွက် အအောင်၊ အရှုံးဟူသည်မှာ ဒွန်တွဲရှိနေမည်ဖြစ်ကြောင်းနှင့် တစ်နှစ်ကျလျှင် နောက်တစ်နှစ်တွင် ပိုကြိုးစားဖြေရမည်ဖြစ်ကြောင်း ကျောင်းသား ကျောင်းသူများ နားလည်သဘောပေါက်အောင် လမ်းညွှန်ပြထားသင့်ပါသည်။

ထို့ပြင် စာမေးပွဲမတိုင်ခင် အစွမ်းကုန်ပံ့ပိုးပေး၍ နည်းမှန်လမ်းမှန်များဖြင့် မိမိတို့သားသမီးများကို လမ်းကြောင်းပြပေးပြီး စာမေးပွဲဖြေပြီးသည်နှင့် ရလာသောရလဒ်ကို မိဘများကိုယ်တိုင် နားလည်လက်ခံပေးနိုင်ဖို့ အထူးလိုအပ်လှပါသည်။ ထို့အတူ မိမိတို့သားသမီးများကိုယ်တိုင်ကိုလည်း နားလည်လက်ခံတတ်အောင် သင်ကြားပေးထားသင့်ပေသည်။ ထိုသို့မဟုတ်ဘဲ မိဘများကိုယ်တိုင်က ရလဒ်အဆိုးအတွက် မိမိသားသမီးကို တခြားသူများနှင့် နှိုင်းယှဉ်နှိမ့်ချ၍ အပြစ်တင်နေမည်ဆိုပါက နုနယ်သော စိတ်ခံစားချက်များရှိသော ကလေးများအတွက် မဖြစ်သင့်သော စိတ်ထွက်ပေါက်များဆီ လမ်းလွဲလိုက်ပါသွားစေနိုင်ပါသည်။

အချုပ်ဆိုရသော် တက္ကသိုလ်ဝင်စာမေးပွဲဟူသည် တစ်နိုင်ငံလုံးရှိ ပြည်သူများစိတ်အားထက်သန်စွာ အလေးထားသော စာမေးပွဲတစ်ခုဖြစ်သည့်အလျောက် တစ်နိုင်ငံလုံးရှိ ကျောင်းသားလူငယ်များအတွက် ဘဝသတ်မှတ်ချက်တစ်ခု သတ်မှတ်ပေးမည့် စာမေးပွဲတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် အတိမ်းအစောင်းမရှိအောင် မိဘ၊ ဆရာသမားများက အထူးဂရုစိုက် ကြပ်မတ်ပေးကြရမည်ဖြစ်သကဲ့သို့ ကျောင်းသား ကျောင်းသူများကိုယ်တိုင်ကလည်း မိမိတို့ တတ်စွမ်းသမျှအားဖြင့် ကြိုးစားဖြတ်ကျော်ကြရမည်ဖြစ်ပါသည်။ ခက်ခဲသော်လည်း မဆုတ်မနစ်ကြိုးစားလျှင် အားလုံးပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ရလဒ်များ ပိုင်ဆိုင်ခွင့်ရနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသား ကျောင်းသူများအားလုံး မလျှော့သောဇွဲဖြင့် ဆက်လက်ကြိုးစားဖို့ အထူးလိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## ကျောင်းပိတ်ရက်

လက်ပံပွင့်ဖတ် ရဲရဲနီ
နွေဦးရောက်လာပြီ။
လေရူးပွေလီ ကျောင်းတွေပိတ်
ခေါင်းလောင်းတေးသံတိတ်။
လွယ်အိတ်ချိတ်လို့ ခြေလှမ်းပြင်
စာကြည့်တိုက်ကိုဝင်။
ကြိုက်ရာယူငင် ဖတ်ပါလား
ဗဟုသုတပွား။
ထူးခြားဆန်းပြား စုံလို့ကွယ်
မှတ်သားရပါတယ်။
သိမြင်ကျယ်ဖို့ စာပေဖတ်
ဒါမှ ပညာတတ်။
အားလပ်ရက်လည်း မနားပေ
စာဖတ်ကြပါလေ။
စကားထာတွေ ပြန်လှန်မေး
ပျော်ဖို့ကောင်းလှသေး။

မင်းမြတ်သွေး(ဖောင်းပြင်)

## နွေဦးအလှ

❖ ဥသြပျို့ နွေကြိုငှက်
ပင်မြင့်ထက် တေးသီနေ။
ပန်းလက်ပံ နီတာရဲ
တဖွဲဖွဲ ကြွေ။
အပင်များက ရွက်သစ်ဝေ
ဂိမှာန်နွေ ပန်းချီကား။
ပုရစ်ငယ် ထွက်သစ်စ
အလှဆန်းပြား။

❖ ရင့်ရော်ရော် ရွက်ဝါများ
တောင်လေကြား ဝဲပျံကာ။
တောတန်းသွယ်လမ်းတစ်ကြောမှာ
မျောလွင့်ကြွေရှာ။
ပုစဉ်းသံက လွမ်းစရာ
နွေကာလာ ခြယ်မှုန်းပေး။
နေဝန်းနီ တိုးအထွက်
ထိုင်လျက်သာ ငေး။

❖ ဥသြဖို ကြင်ဖော်ဝေး
နွေတေးကို ဆိုခိုက်ဝယ်။
ပန်းလက်ပံ ဘယ်ညာတိမ်း
ယိမ်းကကြတယ်။
မြင်ကွင်းက ကြည်နူးဖွယ်
အလှရယ် ထပ်တိုးခဲ့။
ဖုန်လုံးတွေ လမ်းတစ်လျှောက်
လွမ်းလောက်ပါရဲ့။

ဆွေချစ်မင်း

## မီးသတိပြု

နွေရာသီ မပြီးသေးသမျှ
မီးဘေးက ကြောက်စရာ။
မီးသုံးစဉ် ဂရုစိုက်ပါလို့
လေတိုက်လျှင် မပေါ့ဆကြနဲ့
မြို့ပြကျေးရွာ။
မီးလောင်တော့ နာလန်မထူပါ
အမှန်ပူစရာ နွေဥတု။
အကြောက်တရားရယ်နှင့်...
ထောက်ထားညှာ ဆင်ခြင်သုံးပါမှ
ရွှင်ပြုံးစွာ သည်နွေပြီးလိမ့်မယ်
(မိဘပြည်သူတို့ရေ...)
မီးသတိပြု။

သွန်းမိုးစက်(ပခုက္ကူ)

ဝတ္ထုတို




■ အနော်မင်း

(၁)

ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက်နေသော ရောင်စုံမီးလုံးကလေးတို့သည် လှပနေတော့၏။ ရောင်စုံမီးရောင်အောက်ရှိ မြတ်စွာဘုရားရှင်မျက်နှာတော်ကို ဦးမြဟန်သည် ရိုသေစွာ ဖူးမြော်လိုက်သည်။ ဦးသုံးကြိမ်ချပြီး ထပ်မံဖူးမြော်ပြန်သည်။

“မနက်ဖြန် အဖမ်းခံရသူနည်းပါစေဘုရား”

ဦးမြဟန်သည် မြတ်စွာဘုရားထံဆုတောင်းပြီး အိပ်ရာသို့ဝင်လိုက်သည်။ လဲလျောင်းလိုက်သည်နှင့် ဦးမြဟန်သည် မိမိအဖြစ်ကို ပြန်တွေးမိလေသည်။အခြားမဟုတ်ပါ...မိမိ၏အလုပ်အကြောင်းကို ပြန်စဉ်းစားမိသည်။

(၂)

ဦးမြဟန် ဘွဲ့ရပြီး အလုပ်မျိုးစုံလျှောက်ခဲ့ဖူးသည်။ မည်သည့်အလုပ်ကမှ အကြောင်းမပြန်ခဲ့ပေ။ အလုပ်ကြမ်းလုပ်လိုသူမဟုတ်သောကြောင့် သက်သက်သာသာ လုပ်ရမည့်အလုပ်ကိုသာ လုပ်ချင်သည်။

အလုပ်ကိုစောင့်မျှော်နေသည့် မိမိကိုလည်း အမေက နားပူလှသည်။ တစ်နေ့ အမေ့ဆီက စကားဆိုလာသည်။

“သားရေ မင်းဦးလေးတို့အလုပ်က ဝန်ထမ်းအသစ်တွေ ခေါ်တယ်ဆိုပဲ”

“ဘာအလုပ်လဲ အမေ”

“ဟို ယာဉ်ထိန်းရဲ”

မြဟန် တစ်သက်နဲ့တစ်ကိုယ် ဒီအလုပ်ကို တစ်ခါမှ မစဉ်းစားခဲ့ဖူးပေ။ ဝီစီကို တရှီးရှီးမှုတ်ပြီး လက်ကို ဟိုပြဒီပြ လုပ်ရမည့်အလုပ်ကို မလုပ်ချင်ပေ။ သို့သော် အလုပ်မရှိတာ ထက်စာလျှင် သာသည်ဟုထင်၍ ဝင်လျှောက်ခဲ့သည်။ ကံကြမ္မာက ဖန်လေရောလားမသိ။ မြဟန် သင်တန်းဝင်ခွင့်ရသည်။ သင်တန်းကာလတွင် သိပ်ပင်ပန်းသည်။ ယာဉ်ထိန်းရဲအလုပ်သည် ဝီစီမှုတ်တတ်ပြီး လက်ကို ဟိုမြှောက်ဒီမြှောက်လုပ်တတ်လျှင်ရပြီဟု မြဟန်ထင်ခဲ့သည်။ သို့သော် အမြင်နှင့် အထင် ကွာလှသည်။ သင်တန်းရောက်မှ ယာဉ်ထိန်းရဲတန်ဖိုးကို သိမိသည်။ သင်တန်းဆင်းပြီးအလုပ်ရသည်နှင့် နေပူမရှောင်၊ မိုးရွာမရှောင်လုပ်ရသည်။ ထိုအခါမှ ဟိုစဉ် သူတွေ့ခဲ့ဖူးသည့် ယာဉ်ထိန်းရဲများကို ကိုယ်ချင်းစာမိသည်။ နိုင်ငံသားတို့၏ အသက်အိုးအိမ်ကို တစ်ဖက်တစ်လမ်းမှ ကာကွယ်ခွင့်ရသည့် မိမိကိုယ်မိမိ ဂုဏ်ယူမိသည်။ သို့သော် မိတ်ဆွေသူငယ်ချင်းများနှင့် ဆုံကြလျှင် မိမိကိုကြည့်သည့်မျက်လုံးများကို မခံယူရဲပေ။

“လိုအပ်တဲ့အကူအညီရှိရင် ပြောပါခင်ဗျား”ဒီစကားကို မြဟန်ပြောရမည်ကို ဝန်လေးမိသည်။ အမေက ယာဉ်ထိန်းရဲဝတ်စုံဝတ်ထားသော မြဟန်ကို

“ငါ့သားက ရဲဝတ်စုံနဲ့ ခန့်ညားလိုက်တာ”ဟု ဆိုသည်။ သို့သော် လူအများစုကမူ ယာဉ်ထိန်းရဲကို တွေ့လျှင် “လာဘ်စားတတ်သောသူ”ဟု ပြောနေသော မျက်လုံးများဖြင့်သာ ကြည့်နေတတ်သည်။ မြဟန် လုပ်သက်တစ်လျှောက်လုံး ဤအကျင့်ကို ရှောင်ခဲ့သည်။ မြဟန်သည် မိမိကိုယ်မိမိ စိတ်သန့်သော်လည်း လူအများက ထိုမျက်လုံးများဖြင့်သာ ကြည့်ကြသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်လို့ ဖမ်းလိုက်ပြီဆိုလျှင် လူအများစုက “ဆရာရယ် ဒါလေးနဲ့ ကျေနပ်ပါနော်”ဟု ပြောပြီး ပိုက်ဆံအချို့ပေးတတ်သည်။ လူတို့၏အမြင်၌ မော်တော်ပီကယ်ဖမ်းလျှင် ပိုက်ဆံပေးလျှင်ရသည်ဟု အမြဲထင်နေတတ်သည်။ ပြည်သူတို့၏ အသက်အိုးအိမ်ကို တစ်ဖက်တစ်လမ်းမှ ကာကွယ်စောင့်ရှောက်ကြသည်ဟု ထင်သူကနည်းသည်။

“တာဝန်ကိုကျေအောင်လုပ်ပါသား လာဘ်စားတာကို အမေမကြိုက်ဘူး”

အမေမသေခင်က တဖွဖွမှာသည်ကို မြဟန်ကြားယောင်မိသည်။ အမေပြောသည့်အတိုင်း မြဟန်နေခဲ့ပါသည်။ မိမိကိုယ်မိမိ လိပ်ပြာလုံသည်။ သို့သော် ငါးခုံးမ တစ်ကောင်၊ နှစ်ကောင်ကြောင့် သူတို့ တစ်လှေလုံး အပုပ်လှေဖြစ်နေရရှာသည်။ လစာနဲ့ မလောက်ငလို့ လုပ်ကြသူတွေလည်း ရှိကြသေးသည်။ မည်သို့ဆိုစေ မြဟန်တို့တစ်လှေလုံးကို အပုပ်လှေဟုပင် လူအများစုက ထင်ကြသည်အမှန်ပါ။

“မနက်ဖြန်လည်း ငါ့ကို ဒီမျက်လုံးတွေနဲ့ကြည့်ကြဦးမှာပါလား”

ဦးမြဟန်သည် သက်ပြင်းကို တိုးတိုးလေးချပြီး တစ်ဖက်သို့လှည့်ကာ အိပ်ပျော်အောင်အိပ်ရတော့၏။

(၃)

“နာမည်ပြောပါ”

“ဦးတင်ဟန်”

တစ်ဖက်မှ အသံကြားလိုက်သည်နှင့် မြဟန် ငေးကြည့်မိသည်။

သူ၏အစ်ကိုကြီးဖြစ်နေသည်။ ဦးမြဟန်သည် သူ၏ ထိုင်ခုံမှထပြီး ဦးတင်ဟန်အနီးသို့ လာလိုက်သည်။

“ဟာ အစ်ကိုကြီး ဘယ်လိုဖြစ်ပြီးအဖမ်းခံရတာလဲ”

“ဆိုင်ကယ်ဦးထုပ်မပါလို့တဲ့ကွာ၊ ငါ့ဘာသာ ဆောင်းချင်ဆောင်းမှာပေါ့ကွ၊ မဆိုင်တာကိုလာဖမ်းတယ်”

“အစ်ကိုကြီး အသက်အန္တရာယ်ထိခိုက်မှာမို့ ဖမ်းတာပါ”

“ဖမ်းမယ်ဆိုလည်း နေ့တိုင်းဖမ်းပေါ့ကွ၊ မင်းတို့ဟာ မဖမ်းတစ်လှည့် ဖမ်းတစ်လှည့်၊ ဖမ်းမယ်မှန်းသိရင် ဆောင်းလာတာပေါ့”

ရဲမေကလေးက စာရင်းမှတ်ပြီး

“မနက်ဖြန် ခရိုင်ရုံးမှာ ဒဏ်ငွေဆောင်ပြီး ဒီကို ဆိုင်ကယ်လာထုတ်ပါ ဦးကြီး”ဟု ဆိုလိုက်သည်နှင့် ဦးတင်ဟန် လှည့်ထွက်သွားသည်။

ဒေါသဖြင့်လှည့်ထွက်သွားသော အစ်ကိုကြီး၏ နောက်ကျောကို ဦးမြဟန် ငေးကြည့်နေမိသည်။

“ဆိုင်ကယ်ဖမ်းမှ ဦးထုပ်ဆောင်းမတဲ့လား အစ်ကိုကြီးရယ်၊ ကျွန်တော့်မှာ အစ်ကိုကြီးလို့ခေါ်ရမယ့်သူ မရှိဘဲဖြစ်သွားမှာ သိပ်စိုးရိမ်မိတာပဲ”ဟု စိတ်ထဲက ပြောလိုက်မိသည်။

(၄)

“ဟေ့မြဟန် ငါအရေးကြီးကိစ္စရှိလို့ကွာ သွားခွင့်ပြုဦး”

“ဗျာ”

ရဲမေကလေး စာရင်းမှတ်နေသည့်နေရာကို မြဟန် လှည့်ကြည့်မိသည်။ သူ၏ငယ်ဆရာ ဦးတင်နိုင်ဖြစ်နေသည်။

“မရပါဘူးဆရာကြီး ကျွန်တော်တို့ တာဝန်အရ ဖမ်းရတာပါ”

“အေးကွာ ငါလည်း ဆိုင်ကယ်ဦးထုပ်မပါဘဲ စီးလာခဲ့တာကို၊ ဒါနဲ့ ဒဏ်ငွေက ဘယ်လောက်လဲ”

“သုံးသောင်းပါဆရာကြီး မနက်ဖြန်ခရိုင်တရားရုံးကို သွားဆောင်ရမယ်”

ဆရာကြီးမျက်နှာ ရဲခနဲဖြစ်သွားသည်ကို ဦးမြဟန် သတိပြုမိသည်။

“ခက်တာပဲ လကုန်တော့မယ် လက်ကျန်ပိုက်ဆံလည်းမရှိကွာ ချေးငှားပြီးဆောင်ရမှာပဲ”

မျက်နှာပျက်ပျက်နှင့် ထွက်သွားသော ဆရာကြီး တင်နိုင်ကို မြဟန်ငေးကြည့်နေမိသည်။

“နောက်တစ်ခါ ဒဏ်ငွေမဆောင်ရအောင်ဆိုင်ကယ် ဦးထုပ်ဆောင်းခဲ့ပါလား ဆရာကြီးရယ်”ဟု မြဟန်စိတ်ထဲက ပြောလိုက်လေတော့၏။

(၅)

ဦးမြဟန်သည် စိတ်ပင်ပန်း၊ လူပင်ပန်းနှင့် ကုလားထိုင်ပေါ် ထိုင်လိုက်သည်။ ဇနီးသည်က ရေတစ်ခွက်လာပေးသည်နှင့် သောက်လိုက်သည်။ တစ်နေ့လုံးလူမျိုးစုံ၏ စိတ်သဘောကကို ကြုံတွေ့လိုက်ရသောကြောင့် ဦးမြဟန် တော်တော်ပင်ပန်းနေပြီ။ လူအချို့၏ ကြမ်းတမ်းသောစကားများကို သူကြားခဲ့ရသည်။ ဒဏ်ငွေသုံးသောင်းကြောင့် မကျေနပ်သောမျက်နှာများ၊ မဲ့သွားသောမျက်နှာများကို သူတွေ့ခဲ့ရသည်။

“သြော် သူတို့က သေမှာမကြောက်ကြပေမယ့် ငါတို့က တာဝန်အရ ဖမ်းရတာပဲလေ”ဟု တွေးလိုက်မိသည်။

“ဖေဖေ”

ဦးမြဟန် သူ့သမီးကိုလှည့်ကြည့်မိသည်။

“ဟိုဟာလေ ဖေဖေ ဟို သမီးဆိုင်ကယ်အဖမ်းခံရလို့”

“ဘာ”

ဦးမြဟန် မျက်လုံးပြူးသွားသည်။ အသံလည်း ကျယ်သွားသည်။

“ဘယ်စခန်းမှာ အဖမ်းခံရတာလဲ”

“အမှတ်(၁)ရဲစခန်းမှာ ဖေဖေ”

ဦးမြဟန်သည် သူ့နဖူးကို သူရိုက်လိုက်သည်။ ဦးမြဟန်တာဝန်ကျသည်က အမှတ်(၃)ရဲစခန်းဖြစ်လေသည်။ သူ့လိုရဲမှူးတစ်ယောက်၏သမီးက ယာဉ်စည်းကမ်းကို လိုက်နာလိမ့်မည်ဟုထင်ခဲ့မိ၏။ သူ့သမီးကို ယုံကြည်၍ သာနေခဲ့သည်။

“အင်း...အမှတ်(၁)ရဲစခန်းက ရဲတွေကလည်း တာဝန်အရဖမ်းလိုက်တာပဲ ဖြစ်မှာပဲလေ”ဟု တွေးလိုက်မိသည်။

ဦးမြဟန်သည် သူ၏ ဘယ်ဘက်လက်သန်းကြွယ်ရှိ လက်စွပ်ကိုကြည့်လိုက်သည်။ မနက်ဖြန်တွင် အပေါင်ဆိုင်ကိုရောက်တော့မည့်လက်စွပ်ကလေးက လက်ခနဲဖြစ်သွားတော့၏။ ။

ဥတုရာသီ တောကိုမှီ

တို့မြန်ပြည်မှာ ရှိပါတယ်
ဥတုသုံးလီကွယ်
နွေ မိုး ဆောင်းရယ် အလှည့်ကျ
ပြောင်းလဲကြတယ်ဗျ။
နွေဥတုက ပူပြင်းကာ
ရွက်ခြောက်တို့ကြွေရှာ
တပေါင်းချိန်ခါ ရွက်နုထွက်
ပုရစ်ဖူးတို့ ဝေဆာလျက်။
လျှပ်နွယ်ပြက်ဝင်း ထစ်ချုန်းလာ
မိုးဦးရာသီခါ
စိမ်းလန်းဝေဆာ သစ်ပင်များ
စိုက်ကြ ဆန်စပါး။
ငွေနှင်းပုလဲ ကျဆင်းပြီ
မြောက်ပြန်လေကချီ
အေးချမ်းပါသည် ဟေမန္တ
သာယာချမ်းမြေ့စွ။
နွေမိုးဆောင်းက လှည့်လည်ကာ
ဥတုမှန်ပေတာ
သီးနှံထွက်ကာ ဝင်ငွေတိုး
တို့မြန်ပြည်အကျိုး။
ရေရှည်မျှော်ကိုး သုံးရာသီ
ထိန်းညှိကြဖို့ရည်
သစ်တောတွေသည် အဓိက
ရာသီချိန်ခွင်ဗျ။
ဥတုရယ်က တောကိုမှီ
သစ်တောထိန်းသိမ်းမည်
အနာဂတ်ရည် မျှော်ကာမှန်း
စိုက်ပျိုးကောင်းလို့ စိတ်ရွှင်လန်း။

ကိုကျော်စွာ(ကျိုက်ပိ)

ဆောင်းပါး

# နှိုင်းယှဉ်၍မရသော ပြဿနာ

■ မင်းခန့်ဌေး(ညောင်ကျိုး)

အသက်သုံးဆယ်ဟူသောအရွယ်သည် လူ့ဘဝတွင် လှုပ်ရှားရုန်းကန် ကြိုးစားအားထုတ်၍ကောင်းသော လူလတ်ပိုင်းအရွယ်ဖြစ်လေသည်။ မိမိဘဝကို မြှင့်တင်နိုင်ဖို့အတွက် အောင်မြင်ရေးခြေလှမ်း စတင်ရာအရွယ်ဟုဆိုနိုင်ပေသည်။ ထိုသို့ စတင်ရန်ကောင်းသောအသက်သုံးဆယ်အရွယ်တွင် ကျွန်တော်သည် ဝန်ရိုးစွန်းနှစ်ခုကြားတွင် အလူးအလဲ ရုန်းကန်နေရလေသည်။ ကျေးဇူးရှင်မိဘနှစ်ပါး၏ ကြွေးဟောင်းကို ဆပ်ရသည်ကတစ်ဖက်၊ အိမ်ထောင်ဦးစီးအရာဖြစ်သောကြောင့် သားနှစ်ယောက်နှင့် ဇနီးသည်၏ အကြွေးသစ်ကတစ်ဖက်၊ ထိုနှစ်ဖက်သော ဝန်ရိုးကြားတွင် ရုန်းကန်နေရလေသည်။ သားကြီးသည် စတုတ္ထတန်းကျောင်းသားဖြစ်၍ သားငယ်မှာ သူငယ်တန်း (kg)ကျောင်းသားဖြစ်လေသည်။ ကျောင်းသားနှစ်ယောက်၏ ကျောင်းစရိတ်၊ အိမ်၏စားစရိတ်တို့ဖြင့် ချာချာလည်အောင် ရုန်းကန်နေရလေသည်။

လစာထုတ်မည့်နေ့ရောက်လျှင် "ဖေကြီး သားက ခေါက်ဆွဲကြော်နော်၊ သားက ဒံပေါက်" စသည်ဖြင့် သားတော်မောင်နှစ်ယောက် တစ်ယောက်တစ်မျိုးမှာကြလေသည်။ အိမ်အပြန် ခေါက်ဆွဲကြော်နှင့် ဒံပေါက်မပါလျှင် သားတော်မောင်နှစ်ယောက် စိတ်ကောက်တတ်လေသည်။ ကျွန်တော်ငယ်ငယ်ကလည်း အဖေလစာထုတ်သည့်နေ့တွင် ဤသို့မှာတတ်လေသည်။ ဝယ်ဖို့မေ့ခဲ့တိုင်း အဖေ့ကို ကျွန်တော်စိတ်ကောက်လေသည်။ "နောက်နေ့ကျ သားကိုအဖေကိုယ်တိုင် ဆိုင်မှာလိုက်ဝယ်ကျွေးမယ်" ဟု ကတိပေးမှ စိတ်ကောက်ပြေတတ်သည်။ အခု ကျွန်တော့်အလှည့်ကျလေပြီ။ သားတော်မောင်နှစ်ယောက် စိတ်ကောက်သည့်အခါတိုင်းတွင် "နောက်နေ့ကျ သားတို့ကို အဖေကိုယ်တိုင် ဆိုင်မှာလိုက်ဝယ်ကျွေးမယ်"ဟု အဖေ့စကားကို သုံးရလေသည်။ ထိုအခါမှသာ သူတို့ စိတ်ကောက်ပြေတတ်လေသည်။

"ခေါက်ဆွဲကြော် နှစ်ဘူး၊ ဒံပေါက်နှစ်ဘူး"

လစာထုတ်ရက်ဖြစ်သောကြောင့် ဆိုင်ထဲတွင်လူများပြည့်နေသည်။ သူတို့လည်း သူတို့၏ အဖေ၊ အမေ၊ သား၊ သမီးနှင့် ဇနီးသည်တို့အတွက် ဝယ်ကြခြင်းဖြစ်လေသည်။

အဖေနှင့်အမေကို လုပ်ကျွေးနေသော သားသမီးများမှာ အဖေနှင့်အမေအတွက် ဝယ်ခြင်းဖြစ်လေသည်။ အိမ်ထောင်သည်များအဖို့တော့ သား၊ သမီး၊ ဇနီးအတွက် ဝယ်ကြခြင်းဖြစ်မည်။ မိမိသည်ကား အဖေ၊ အမေ၊ သားနှစ်ယောက်နှင့် ဇနီးသည်အတွက် ဝယ်ခြင်းဖြစ်လေသည်။ လစာထုတ်သည့်နေ့သည် ကျွန်တော်တို့လို သာမန်လူတန်းစားများအတွက် အနွေးထွေးဆုံးညစာစားပွဲကြီးကျင်းပသည့်နေ့ဖြစ်လေသည်။ တစ်ချိန်က လကုန်ရက်ရောက်တိုင်း အဖေဝယ်ကျွေးသော ခေါက်ဆွဲကြော်ကို အားရပါးရစားခဲ့ဖူးသည်။ "သား စားလို့ကောင်းရဲ့လား" လို့အဖေမေးတိုင်း "အတော်ကောင်းတယ်၊ ဖေကြီး"လို့ ပါးလုတ်ပြည့်အသံကြီးဖြင့် ပြန်ဖြေဖူးသည်။

ယခု အဖေနှင့်အမေ၏ ကြွေးဟောင်းကိုဆပ်နေစဉ်ကာလအတွင်း လစာထုတ်ရက်ရောက်တိုင်း ကျွန်တော်ဝယ်ကျွေးသည့်ခေါက်ဆွဲကြော်ကို နည်းနည်းသာစားတတ်သည့်အဖေ့ကိုကြည့်ပြီး ကျွန်တော်အားမရသဖြင့် "စားလို့ကောင်းရဲ့လား အဖေ"ဟု မေးတိုင်း "ကောင်းတာပေါ့ ငါ့သားရာ"ဟု တုန်ယင်နေသောအသံတို့ဖြင့် ပြန်ဖြေတတ်လေသည်။ ပါးရေနားရေတို့မှာ တွန့်လိပ်နေသည်။ ဆံပင်တို့သည်လည်း ဖြူနေပေသည်။ ရှောင်လွှဲ၍မရသောဇရာက တဖြည်းဖြည်း ဝါးမျိုလာသော အဖေ့ကိုကြည့်မိတိုင်း ဝမ်းနည်းမိလေသည်။ မိမိဘဝကို မေတ္တာဖြင့်ပျိုးထောင်ခဲ့သူ၊ ခွန်အားဖြင့် ပြုစုခဲ့သူမှာ အဖေပင် မဟုတ်ပါလော။ သရက်ပင်ကြီးသည် အဖူး၊ အပွင့်ကလေးများကို အရသာရှိသောအသီးဖြစ်အောင် ပြုစုပျိုးထောင်ပေးတတ်လေသည်။ သို့သော် ထိုအသီးကို သူကိုယ်တိုင် ခူးဆွတ်မစားသုံးခဲ့ပါ။ သူ့အတွက်ဟု ပြုစုပျိုးထောင်ခဲ့သည်လည်း မဟုတ်ပါ။ ဈေးကွက်တွင် အဖိုးတန်တဲ့ သရက်သီးလေးတွေဖြစ်ဖို့ပဲ ပြုစုပေးခဲ့သည်မဟုတ်ပါလော။ ထိုကဲ့သို့ မိဘသည်လည်း သားသမီးများကို သူတို့အတွက်ပျိုးထောင်ခဲ့သည်တော့မဟုတ်ပါ။ မျှော်လင့်ချက်ကြောင့် ပြုစုခဲ့သူများလည်းမဟုတ်။ လူ့ဘဝတွင် အရည်အချင်းရှိ၍ အဖိုးတန်သောသူတစ်ယောက်ဖြစ်စေဖို့ ပြုစုပျိုးထောင်ပေးခဲ့ခြင်းဖြစ်လေသည်။

"အစ်ကို အစ်ကိုမှာထားတဲ့ ခေါက်ဆွဲကြော်နဲ့ ဒံပေါက်ရပြီ" ကောင်လေးတစ်ယောက်၏ စကားပြောသံကြားမှ တွေးလက်စအတွေးတို့ ရပ်သွားလေသည်။

"အေး..အေး.."

လူငယ်လေး၏လက်ထဲမှ ခေါက်ဆွဲကြော်ဘူးနှင့် ဒံပေါက်ဘူးများကို လှမ်းယူကာ ပိုက်ဆံထုတ်ပေးလိုက်လေသည်။ ဆိုင်ထဲမှ ထွက်မည်အပြုတွင် "ကိုဝေလင်း"ဟု ခေါ်သံကြားသဖြင့် အသံလာရာလို့ ကြည့်လိုက်မိသည်။

"ဩော်..လူပျိုကြီး ကိုထွန်းလှပါလား..."

"လာပါဦးဗျ ...ကိုဝေလင်းရာ...."

"ဟုတ်..."

ဆိုင်၏ ထောင့်ကျကျနေရာတွင် နှစ်ဦးသား ထိုင်လိုက်သည်။

"ဒီရက်ပိုင်းအတွင်း မတွေ့တာကြာပြီနော်"ကိုထွန်းလှက စကားစလိုက်လေသည်။

"ဟုတ်တယ်ဗျ...အလုပ်တွေများနေလို့..."

ကိုထွန်းလှမှာ ကျွန်တော်၏ ခေါက်ဆွဲကြော်ထုပ်ကိုကြည့်၍ ပြုံးစိစိနှင့် "ဒီနေ့တော့ ထုံးစံအတိုင်းပဲပေါ့ ဟုတ်လား..."

သူ၏မေးခွန်းကို သဘောကျ၍ ကျွန်တော်ရယ်မိသည်။

"အင်း ပေါ့ဗျာ၊ ခင်ဗျားလိုလူပျိုကြီးမှမဟုတ်တာ"

နှစ်ဦးသား တစ်ယောက်စကားတစ်ယောက်နားလည်သဖြင့် ရယ်လိုက်ကြလေသည်။

"ဦးနှင့်အဒေါ်ရောနေကောင်းလား"

"ကောင်းပါတယ်ဗျာ"

"ဒါနဲ့ မင်းရဲ့သားအကြီးက လေးတန်းကျောင်းသား မဟုတ်လား.."

"အင်း. ဟုတ်တယ်ဗျ၊ ကျောင်းစရိတ်၊ ကျူရှင်စရိတ်တွေလည်း တော်တော်များတယ်ဗျာ"

"အေးပေါ့ကွာ၊ သားကြီးက လေးတန်းဆိုတော့ သူကပိုအရေးကြီးတယ်လေ၊ သူ့ကို ပိုပြီးဦးစားပေးအလိုက်ရမှာပေါ့"

ကိုထွန်းလှ၏စကားကြောင့် ကျွန်တော် ခဏတွေဝေသွားသည်။

"အဲဒီလိုမဟုတ်ဘူးဗျ ကိုထွန်းလှ"

"မိသားစုတစ်စုမှာ သားကြီးကို ဦးစားပေးရတဲ့အခါလည်း ရှိတယ်၊ သားငယ်ရဲ့အလိုကို လိုက်ရတဲ့အခါလည်းရှိတယ်ဗျ။ ဒါပေမယ့် ဘယ်သူကပိုအရေးကြီးတယ်၊ ပိုဦးစားပေးရမယ်ဆိုတာတော့ မရှိဘူး။ ရှိလည်းမရှိသင့်ဘူးလို့ထင်တယ်"

"ဒါမျိုးကို ခင်ဗျားတို့ လူပျိုကြီးတွေမသိပါဘူးဗျာ" ဟု ကျွန်တော်က စလိုက်လေသည်။

"ငါပြောတာ အဲဒီလိုမဟုတ်ဘူးလေကွာ၊ မင်းရဲ့သားအကြီးက စတုတ္ထတန်းလေ၊ သားငယ်က သူငယ်တန်းပဲရှိသေးတာ မဟုတ်လား"

"အဲဒါကြောင့် စတုတ္ထတန်းကျောင်းသားက သူငယ်တန်းကျောင်းသားထက် ပိုအရေးကြီးတယ်လေ၊ အဲဒါကိုပြောချင်တာကွ"

ကျွန်တော် တော်တော်လေးတွေဝေသွားခဲ့သည်။ ဘယ်လိုပြန်ပြောရမလဲကို စဉ်းစားနေမိသည်။

"ဒီလိုဗျာ ခေါက်ဆွဲကြော်နဲ့ ဒံပေါက်ဘယ်ဟာ ပိုကောင်းလဲလို့မေးရင် ကိုယ်ကြိုက်တာ ပိုကောင်းတယ်လို့ဖြေမှာပဲ၊ သူတို့နှစ်သက်တဲ့အရာ၊ သူတို့အတွက် အကျိုးရှိမယ့်အရာတွေဟာ ပိုကောင်းတယ်လို့ထင်တတ်ကြတယ်၊ တကယ်တော့ခေါက်ဆွဲကြော်နဲ့ ဒံပေါက်ဟာ အစားအစာချင်းတူပေမယ့် ပါဝင်တဲ့ကုန်ကြမ်းပစ္စည်းတွေ၊ အခြားပစ္စည်းတွေ၊ ပြုလုပ်ပုံတွေဟာမတူဘူး၊ အခြေခံသဘောတရားချင်းမတူဘူးဗျ။ ဒါကြောင့် ခေါက်ဆွဲကြော်နဲ့ ဒံပေါက်ဟာ ဘယ်ဟာပိုကောင်းလဲလို့ နှိုင်းယှဉ်လို့မရဘူး"

အာခြောက်လာသဖြင့် ရေနွေးတစ်ခွက်သောက်လိုက်သည်။ ကိုထွန်းလှတစ်ယောက် ဘာမျှမပြောဘဲ စိတ်ဝင်တစား နားထောင်နေသည်။ ကျွန်တော်ဆက်ပြောလေသည်။

"အပြေးသမားနဲ့အခုန်သမားဟာ အားကစားသမားချင်းတူပေမယ့် ဘယ်သူပိုတော်လဲလို့မေးရင် အဖြေမရှိဘူး။ ဘာကြောင့်လဲဆိုတော့ အပြေးနဲ့အခုန်ဟာ သဘာဝချင်းမတူလို့ပဲ"

"အဲဒီလိုပဲ စတုတ္ထတန်းကျောင်းသားနဲ့ သူငယ်တန်းကျောင်းသားဟာ ကျောင်းသားချင်းတူပေမယ့် သဘာဝချင်းမတူတဲ့အတွက် နှိုင်းယှဉ်လို့မရဘူးဗျ။ သူငယ်တန်းဟာ မူလတန်းရဲ့ အစဖြစ်တယ်။ ဒါကြောင့် ကျောင်းနေပျော်ဖို့လိုတယ်။ စာပေတတ်မြောက်မှုဟာ သုညအဆင့်ပဲရှိတယ်။ မိဘတွေအနေနဲ့ ကျောင်းတက်ချင်အောင် ညင်ညင်သာသာ ပြောဆိုပေးဖို့လိုတယ်။ စတုတ္ထတန်းကျောင်းသားကျတော့ မူလတန်းရဲ့ နောက်ဆုံးတန်းဖြစ်တယ်။ အရေး၊ အတွက်၊ အဖတ်၊ လူမှုရေး၊ အခြေခံသိပ္ပံတွေမှာ အထိုက်အလျောက် တတ်မြောက်ထားပြီးဖြစ်တယ်။ အလယ်တန်းအဆင့်ကိုဆက်တက်မယ့်ကျောင်းသားဖြစ်တဲ့အတွက် အခြေခံကောင်းရဖို့ လိုတယ်။ မိဘတွေအနေနဲ့လည်း စာပေကျက်မှတ်မှု၊ လေ့လာမှုတွေမှာ တတ်စွမ်းသမျှ အားပေးကူညီပေးဖို့လိုတယ်။ စတုတ္ထတန်းကျောင်းသားက ပိုအရေးကြီးတယ်ဆိုပြီး သူ့ကိုပဲဂရုစိုက်နေမယ်ဆိုရင် သူငယ်တန်းကလေးဟာ ညှိုးဖျင်းသွားနိုင်တယ်ဗျ။ စိတ်ပိုင်းဆိုင်ရာရော၊ ရုပ်ပိုင်းဆိုင်ရာမှာပါ အားငယ်စိတ်တွေ ဝင်လာနိုင်တယ်။ ဒါကြောင့် စတုတ္ထတန်းဟာ သူငယ်တန်းထက် ပိုအရေးကြီးတယ်ဆိုတဲ့ စကားဟာ ပေါ်ပေါက်မလာသင့်ဘူး၊ အမှန်တော့ သူငယ်တန်းနဲ့ စတုတ္ထတန်းတင်မကဘူး၊ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း အတန်းအားလုံးဟာ အရေးကြီးတယ်ဗျ။ တကယ်တော့ မိဘရဲ့တာဝန်ဟာ ဘယ်သူကပိုအရေးကြီးတယ်၊ ဘယ်သူ့ကို ပိုအလေးပေးရမယ်ဆိုပြီး နှိုင်းယှဉ်နေရမှာမဟုတ်ဘူး။ သားသမီးတိုင်းကို သာတူညီမျှ ပျိုးထောင်ပေးရမှာ။ မျိုးစေ့ဘယ်လောက်ကောင်းကောင်း မြေဆီမကောင်းရင် အပင်ကောင်းဖြစ်မလာနိုင်ဘူး၊ အဲဒီလိုပဲ သားသမီးတွေ ဘယ်လောက်တော်တော် ပျိုးထောင်ပေးမယ့်မိဘတွေမကောင်းရင်လည်း လူတော်လူကောင်းတွေဖြစ်မလာနိုင်ဘူး။ ဒါကြောင့် မိဘတွေဟာ အတတ်နိုင်ဆုံး သားသမီးတွေကို ပျိုးထောင်ပေးရမယ်၊ သားသမီးတွေကြားမှာ စိတ်ထိခိုက်စေမယ့် နှိုင်းယှဉ်ခြင်းမျိုး၊ တစ်ယောက်ယောက်ကို ပိုပြီးအလေးထားခြင်းမျိုး မလုပ်သင့်ဘူး။ ရှိလည်းမရှိသင့်ဘူးဗျ"

ကိုထွန်းလှတစ်ယောက် ကျွန်တော်ပြောသည့်စကားများကို စိတ်ဝင်တစားနားထောင်နေသည်။ တုပ်တုပ်မျှပင်မလှုပ်။ တစ်လုံးမျှမပြောဘဲ နားထောင်နေသည်။

ညခုနစ်နာရီထိုးနေပြီဖြစ်သဖြင့် ကိုထွန်းလှအား နှုတ်ဆက်၍ ဆိုင်မှထွက်ခဲ့လေသည်။ ကျွန်တော်၏ သားနှစ်ယောက်စလုံးသည် ကျွန်တော့်ဘဝအတွက် အလွန်အရေးကြီးသည်။ ဘယ်သူကမှ ပိုပြီးအရေးကြီးသည်မရှိခဲ့။ ဘယ်သူ့ကိုမှ ပိုပြီးအလိုလိုက်ခဲ့၊ ဦးစားပေးခဲ့သည်မရှိ။ ကျွန်တော်၏သားနှစ်ယောက်လုံးကို ပြုစုပျိုးထောင်ပေးရမည်မှာ ကျွန်တော့်တာဝန်ဖြစ်လေသည်။ ကျွန်တော်သည် သရက်ပင်ကြီးဖြစ်နေပြီ မဟုတ်ပါလော။ ဘာမျှမမျှော်လင့်သော ပေးဆပ်ခြင်းမျိုးဖြင့် မြေတောင်မြှောက်ပေးရဦးမည်။ ယခုကျွန်တော်နှိုင်းယှဉ်၍မရသော ပြဿနာတစ်ပုဒ်ကို ဖြေရှင်းနိုင်ခဲ့ပြီမဟုတ်ပါလော။ အိမ်အပြန်လမ်းတွင် ကျွန်တော်၏ခြေလှမ်းများမှာ ပေါ့ပါးသွက်လက်တက်ကြွလန်းဆန်းနေလေတော့သည်။ ။

## ကိုယ်ချင်းစာပါ

❖ မေတ္တာစာတ်တို့ဖုံးလွှမ်းဝေ
အေးချမ်းကမ္ဘာမြေ
ကိုယ်ချင်းစာစေ မြတ်စိတ်ထား
လက်ဆင့်ကမ်းလို့သယ်ဆောင်သွား။

❖ လောဘဒေါသ အပူတွေ
လှည်းကျင်းသန့်ရှင်းကြပါလေ
အပြုံးဖြာဝေ မြတ်စိတ်ထား
လက်ဆင့်ကမ်းလို့သယ်ဆောင်သွား။

❖ သက်ရှိအချင်းချင်းကိုယ်ချင်းစာ
ညှဉ်းပန်းနှိပ်စက်ရှောင်ကြဉ်ပါ
သူရောကိုယ်ပါ သက်ရှိမျိုး
ကိုယ့်အသက်ကို ကိုယ်မြတ်နိုး။

❖ မဖျက်ချိုးနဲ့သီလတွေ
စာနာစိတ်တို့ထားရှိလေ
ကိုယ်စိတ်နှစ်ထွေ သိမ်မွေ့က
လောကအလှ ငြိမ်းအေးစွ။

မောင်စိုးဝေ(မြို့သာ)

## တို့ရွာအလှ

ပေါင်းစုအားနဲ့ ရှေ့သို့ချီ၊
တာဝန်သိကြသည်။
တက်ညီလက်ညီ လုပ်ကိုင်ကြ၊
မွန်မြတ်စိတ်ထားလှ။
ရှေ့ဆောင်သူက လမ်းစဉ်မှန်၊
တို့များဝိုင်းထောက်ခံ။
ပြောင်းလဲကြရန် တို့အားလုံး၊
ဉာဏ်ပညာကိုသုံး။
သူငါမမုန်း ညီညွတ်စွာ၊
စည်းလုံးနေတဲ့ရွာ။
တိုးတက်သာယာ လွန်ဖွံ့ဖြိုး၊
ရမည်သည်ကောင်းကျိုး။
တန်ဖိုးကြီးလှ သိပါစေ၊
ချစ်ကြည်ရင်းနှီးစေ။
မေတ္တာမှဝေ နှလုံးသား၊
အေးချမ်းလူအများ။

ကိုသောင်း

## နိဗ္ဗာန်ရည်မှန်း ကုသိုလ်ဆွမ်း

အရှေ့ကျွန်း ရောင်နီဖြာ
နေခြည်လာ အရုဏ်ဦး။
ပင်ယံထက် ညံစာစာ
ပျော်ရွှင်စွာ တေးသီလျက်
ကျေးငှက်တို့မြူး။
သာယာဖွယ် စိတ်ကြည်နူး
သံသာထူး နံနက်ပင်
ဆည်းလည်းသံလွင်။
ရွာဦးက စေတီတွင်
ကောင်းမှုရှင် သဒ္ဓါဆွမ်း။
မြတ်ဒါန စေတနာ
ပြည်ခေမာ ရောက်စေကြောင်းရယ်
(အိုကွယ်)
ဆုတောင်းလှူဒါန်း ။

မင်းနန္ဒော(ဂွ)

